ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နံ့နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိပဝဏ်(၈မွပဒ-၁၁၆)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်၊ တနလာနေ့။ Monday , 14 November 2016 (စ၃၄၅)

အမေရိကန်၏ ကုန်သွယ်ရေးအထူးခံစားခွင့် မြန်မာနိုင်ငံပြန်လည်ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်း အမယ် ၅၀၀၀ ကို အမေရိကန်နိုင်ငံမှ အခွန်ကင်းလွတ်တင်ပို့ခွင့်ပြုသည့် ကုန်သွယ်ရေး အထူးခံစားခွင့်ကို ပြန်လည်ပေးအပ်လိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက သတင်းထုတ်ပြန်လိုက်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံအတွက် အထူးကုန်သွယ်ရေး အထူးခံစားခွင့်ကို စက်တင်ဘာလက ၎င်း၏ ကြေညာချက်အပြီး အမေရိကန်ကွန်ဂရက်လွှတ်တော်ကို အသိပေးကာလရက်ပေါင်း ၆၀ အပြီးနောက် နိုဝင်ဘာ ၁၃ ရက်တွင် ပြန်လည်ပေးအပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"အမေရိကန်က အခု ကုန်စည်အမယ် ၅၀၀၀ ကို အခွန်ကင်းလွတ်ခွင့်ပြုလိုက်ပါပြီ။ ဒါဟာ ပို့ကုန်ဦးစားပေးဖို့အတွက် တွန်းအားပေးမှုပါ။ စီးပွားရေးပိတ်ဆို့အရေးယူမှုလည်း ဖယ်ရှားလိုက်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေး အခွင့်အလမ်းတွေ ပွင့်လင်းလာပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း၊ ကုန်ထုတ်လုပ်မှုလမ်းကြောင်းကို ဝင်ရောက်နိုင်ဖို့လိုပါတယ်။ အလျင်အမြန် ဝင်ရောက်နိုင်ရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာပါ၊ အခု ကမ္ဘာမှာလည်း စီးပွားရေးနှေးသလို ဖြစ်နေပါတယ်။ ဒါပေမယ့် အခွင့်အလမ်းတွေရှိနေတဲ့ မြန်မာနိုင်ငံအနေနဲ့ ပေးတဲ့အခွင့်အရေးကို ရအောင်ယူနိုင်ဖို့ပဲ လိုပါတယ်" ဟု စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် အပတ်စဉ်ပြုလုပ်လျက်ရှိသည့် ၂၀၁၆ အလွန် မြန်မာ့စီးပွားရေးကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

လက်ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းထားသည် အမေရိကန်တစ်ဒေါ်လာလျှင် နိုဝင်ဘာ ၁၃ ရက်က ၁၃၀၀ ကျပ်ဖြစ်သွားပြီး ယင်းမှာ ပို့ကုန်တွန်းအားပေးနိုင်မည့်စျေးနှုန်း ဖြစ်၊ မဖြစ်နှင့် ပြည်တွင်းထုတ်လုပ်မှုကို ကူညီပံ့ပိုးပေးနိုင်သည့်စျေးနှုန်း ဖြစ်၊ မဖြစ်ကို စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့

အနောက်ဘက်တံခါးမှ အဓိကလမ်းမကြီးတစ်ခုအကြောင်း

ဘူးသီးတောင်-မောင်တောကားလမ်း နှစ် ၁၀၀ သက်တမ်းရှိ လိုဏ်ဂူကြီးကို တွေ့ရစဉ်။

မေယုတောင်တန်းကြီးများ ကာရံထားသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်- မောင်တောလမ်းသည် တစ်ဖက်နိုင်ငံသို့ထွက်ခွာသည့် နယ်စပ်ထွက်ပေါက်ဖြစ်သောကြောင့် တစ်နေ့လျှင် ကားအစီးရေခန့်မှန်း ၄၅၀ သွားလာနေကြောင်း မောင်တောခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

ယမန်နှစ်မိုးရာသီဇူလိုင်လပထမပတ်က မိုးများစွာရွာသွန်းခဲ့သည့်အတွက် ဘူးသီးတောင်မြို့နယ်မှ မောင်တောမြို့နယ်သို့သွားသည့် မိုင်တိုင်အမှတ် (၈/၀)မှ (၈ /၂) တွင် တောင်များပြိုကျကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။ ဘူးသီးတောင်- မောင်တောကားလမ်းသည် မေယုတောင်တန်းများတစ်လျှောက်တည်ရှိပြီး မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းပါက တောင်ကျရေကြောင့် တောင်များပြိုကျခြင်းများဖြစ်ပေါ်ပြီး နှစ်စဉ်လိုလို ကားလမ်းပိတ်ဆို့မှုများဖြစ်ပွားတတ်သည်။

မောင်တောခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လွင်က "အရင်နှစ်မိုးရာသီတုန်းက မိုးများတဲ့အတွက် ၈ မိုင်ကနေ ၈ မိုင် ၂ ဖာလုံအတွင်းမှာ တောင်ပြိုကျတာ မြေကျင်းပေါင်း သုံးသိန်းလောက်ရှိခဲ့တယ်။ ဒါတွေကို ကျွန်တော်တို့က ခုနစ်ရက်အတွင်းမှာ ဖယ်ရှားနိုင်ခဲ့ပါတယ်။ အခုအခါမှာတော့ ကျောက်ချောလမ်းဖြစ်အောင် ကြိုးစားနေပါတယ်။ မိုင်တိုင် သုည ကနေ ၁၂ မိုင် ၄ ဖာလုံအထိ လမ်းချဲ့ခြင်းလုပ်ငန်းတွေ လုပ်ဆောင်မှာပါ။ မျက်ကွယ်နေရာတွေမှာလည်း တောင်ချဲ့တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မျက်ကွယ်ကိုတိုးချဲ့ရတဲ့အချက်က မော်တော်ယာဉ်တွေ မြန်မြန်ဆန်ဆန်နဲ့ သွားလာနိုင်ဖို့ပါ"ဟု ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရောမမြို့ရှိ စစ်သမိုင်းပြတိုက်လေ့လာ စာ ›› ၃

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား အစိုးရရှေ့နေများက မေးမြန်းရန်စီစဉ် စာ ›› ၄

သာမညဗလသုတ်ကျေးဇူးတရားများနှင့် တန်ဆောင်တိုင်ပွဲတော် ဆင်နွဲ စာ ›› ၈

KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာဇာဏ်

ကြေးမုံ

မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်း

မြန်မာနိုင်ငံ၌ နိုင်ငံတော်ဝန်ထမ်းများအား လုပ်ခလစာပေးရာ၌ ငွေသားဖြင့်သာ ပေးလေ့ရှိပါသည်။ ပုဂ္ဂလိက ကုမ္ပဏီအများစု၌လည်း ဝန်ထမ်းများအား ငွေသားဖြင့်သာ လုပ်ခလစာပေးလေ့ရှိပါသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူများအတွက် လုပ်ခလစာပေးရန် ငွေသားအရွှေ့အပြောင်းပမာဏသည် ကြီးမားသောပမာဏဖြစ်၍ ဤပမာဏနှင့်အတူ ကုန်ကျစရိတ်တို့ ယှဉ်တွဲပါဝင်နေသည်မှာ အလွယ်တကူ မှန်းဆနိုင်သောကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံပြည်သူများကြား ဘဏ်စနစ်အသုံးပြုမှုသည် အခြားနိုင်ငံများနည်းတူ ကျယ်ပြန့်လာပါက အဆိုပါကုန်ကျစရိတ်တို့ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် စာရင်းအရမြန်မာနိုင်ငံတွင် ဘဏ်စာ ရင်းဖွင့်ထားသော ပြည်သူအရေအတွက်သည် ၂၁ ရာခိုင်နှုန်းသာရှိသော်လည်း ကျန်အာဆီယံနိုင်ငံများ၌ ပျမ်းမျှ ၅၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၌ ပြည်သူများအကြား ဘဏ်စာရင်းဖွင့်လှစ်မှုသည် ၈၀ ရာခိုင်နှုန်းအထိရှိပါသည်။

၁၉၉၇ ခုနှစ် အာရှစီးပွားရေးအကျပ်အတည်းနောက်ပိုင်း ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အသီးသီး မိမိတို့နိုင်ငံ ငွေရေးကြေးရေးစနစ်၏ အားနည်းချက်တို့ကို လေ့လာလျက် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယေဘုယျအားဖြင့် ငွေရေးကြေးရေးကဏ္ဍ၏ ဥပဒေများ ခေတ်မီစနစ်ကျရေးနှင့် ကြီးကြပ်ကွပ်ကဲမှုမူဘောင်များ ခိုင်မာအားကောင်းရေးတို့ကို ဦးတည်ချက်ချမှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ငွေရေးကြေးရေးကဏ္ဍ၌ ကမ္ဘာ့နိုင်ငံတို့နှင့် တန်းတူရည်တူဆောင်ရွက်နိုင်နေပြီဖြစ်ပါသည်။ တင်ပြလိုသည်မှာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့နည်းတူ မြန်မာနိုင်ငံ၌ ငွေရေးကြေးရေးကဏ္ဍ၏ အားနည်းချက်တို့ကို စနစ်တကျလေ့လာသုံးသပ်၍ လိုအပ်ချက်များနှင့်အညီ စီမံကိန်းချမှတ်ဆောင်ရွက်ပါက များမကြာမီ တိုးတက်မှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် တိုင်းပြည်၏ လိုအပ်ချက်တို့ကို ထင်ဟပ်နိုင်စွမ်း ရှိသောမူဝါဒတို့ ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ဘဏ်လုပ်ငန်းစနစ် ယခုထက်ပိုမိုကျယ်ပြန့်ကောင်းမွန်လာပါက စီးပွားရေးလုပ်ငန်းတို့သွက်လက်မြန်ဆန်စွာ လုပ်ကိုင်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်လာမည်သာမက မြန်မာနိုင်ငံအတွင်း နိုင်ငံတကာနှင့်ပခုံးချင်းယှဉ်နိုင်သော ငွေရေးကြေးရေးဝန်ဆောင်မှုတို့ကိုဖော်ဆောင်ပေးလာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌မိုဘိုင်းငွေပေးငွေယူလုပ်ငန်းများ တိုးပွားလာနေသည်ကိုလည်း မြင်တွေ့ရလျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍသည် ပစ္စပ္ပန်အခြေအနေ၌ လိုအပ်ချက်များရှိနေဆဲဖြစ်သော်လည်း များမကြာမီကာလတွင် တိုးတက်မှုတို့ကို ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

အာမခံလုပ်ငန်းဝန်ဆောင်မှုများအား အချိန်တိုအတွင်း ဆောင်ရွက်ပေးမည်

ရန်ကုန် နိုဝင်ဘာ ၁၃

IKBZ Insurance Online Insurance ဝန်ဆောင်မှုစနစ် မိတ်ဆက်ပွဲနှင့် အာမခံကိုယ်စားလှယ်တော်ကြီးများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၁၁ ရက်ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Jasmine Palace Hotel ၌ ကျင်းပခဲ့သည်။ **(အောက်ပို့)**

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဘဏ္ဍာရေးအရာရှိချုပ်က Online အာမခံဝန်ဆောင်မှု စနစ်နှင့်ပတ်သက်၍ IKBZ Insurance မှ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ခေတ်မီ Online အာမခံဝန်ဆောင်မှုစနစ်သစ်ကို အသုံးပြုပြီး မိဘပြည်သူများအား ယင်းနေ့မှစ၍ အကောင်းဆုံး အာမခံလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အချိန်တိုအတွင်း တိကျမြန်ဆန်၊ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ စနစ်ကို အသုံးပြု၍ IKBZ Insurance ၏ အာမခံလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို ၂၄ နာရီ ပိတ်ရက်မရှိ လွယ်ကူလျင်မြန်စွာဖြင့် အချိန်တိုအတွင်း ဝယ်ယူရရှိနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် IKBZ Insurance ၏ တာဝန်ရှိသူများက အာမခံကိုယ်စားလှယ်တော်ကြီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး အခမ်းအနားသို့ IKBZ Insurance မှ ဒါရိုက်တာများ၊ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်၊ ဘဏ္ဍာ ရေးအရာရှိချုပ် ဦးနေမျိုးအောင်၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် ဝန်ထမ်းများ၊ အာမခံကိုယ်စားလှယ်တော်ကြီးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုး ကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွား အာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ အားကစားကိုယ်အင်္ဂါထိခိုက်မှု အာမခံနှင့် မြွေအန္တရာယ်အာမခံတို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

(၀၁၀)

သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရန် မိုးမောက်၌ ခြင်ထောင်များအခမဲ့ဖြန့်ဝေ

မိုးမောက် နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရန်အတွက် LLIN (Long Lasting Insecticide Trected Nest) တာရှည်ခံဆေးစိမ်ခြင်ထောင် စုစုပေါင်း ၆၃၅၅၀၀ ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်အောင်က ဦးဆောင်၍ မိုးမောက်မြို့နယ်အတွင်းရှိ နယ်မြေခံတပ်မတော်သား မိသားစုနှင့် ယာယီတိမ်းရှောင်လျက်ရှိသော စစ်ဘေးရှောင်စခန်းမှ ပြည်သူများအပါအဝင် မြို့ပေါ်ကျေးရွာရပ်ကွက်များရှိ အိမ်ထောင်စုပေါင်း ၂၉၀၄၂ အတွက် မိသားစုနှစ်ဦးလျှင် ခြင်ထောင် တစ်လုံးစီ၊ ကိုယ်ဝန်ဆောင်ဖြစ်ပါက တစ်ဦးလျှင် ခြင်ထောင် တစ်လုံးစီဖြင့် နိုဝင်ဘာ ဒုတိယတစ်မှ တတိယပတ်အထိအခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

စည်းကမ်းပျက်ယာဉ်များ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီ နယ်မြေအတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များသည် ဇန္တာသီရိမြို့နယ်အတွင်း နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ လေးဖွဲ့ခွဲ၍ စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

စည်းကမ်းပျက်ယာဉ်များ၊ ဦးထုပ်မဆောင်းဘဲ မော်တော်ဆိုင်ကယ်စီးနင်းသူများ၊ မော်တော်ဆိုင်ကယ်တစ်စီးတည်း နှစ်ဦးထက်ပို၍ စီးနင်းသူများ၊ လမ်းပြောင်းပြန်မောင်းသည့် ယာဉ်များအား ဖမ်းဆီးအရေးယူပြီး လိုင်စင်နှင့်ပြီးတက်များကို သက်သေအဖြစ် သိမ်းဆည်းကာ ချလန်ဖြတ်ပြီး တရားရုံး၏ အဆုံးအဖြတ်ဖြင့် ဖြေရှင်းဒဏ်ရိုက်စေသည်။

မော်တော်ကားမောင်းနှင်စီးနင်းသူများလည်း ခါးပတ်ပတ်စီးခြင်း လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ကာ ပညာပေးဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ ခါးပတ်မပတ်ဘဲ စီးနင်းမောင်းနှင်လိုက်ပါသူများကို ချလန်ဖြတ်ပေးပြီး နေပြည်တော်ကောင်စီ နယ်မြေရှိ တရားရုံးတွင် လာရောက် ဖြေရှင်းရမည်ဖြစ်ကြောင်း ဒု-ရဲအုပ်ထွန်းနောင်နောင်ထွန်းက ပြောသည်။

(သန့်ဇင်ဝင်း)

မီးယပ်သွေးဆုံးရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်းဆွေးနွေးဟောပြောမည်

ရန်ကုန် နိုဝင်ဘာ ၁၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမျူး ဒေါ်သိန်းသိန်းဦးက "မီးယပ်သွေးဆုံးရောဂါနှင့် တိုင်းရင်းဆေးပညာ" အကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူတိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ် ထားပါ။

(၂) ကျိတ်မငြီးမဲပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။

(၄) ဝိုင်းဝန်း၍ ကြိုးစားငြှိမ်းသတ်ပါ။

(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်းငြှိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလုံ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြန့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ခုနှစ် ဇန်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆-၃၆၁၂၈၊ ၀၆-၃၆၁၃၃၀၊ ဖက်စ် ၀၆-၃၆၁၃၃၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဝန္တုလလမ်းထောင့်၊ ၂၃ရွှေတောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၈၃၀၊ ပြန့်ပျိုရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရောမမြို့ရှိ စစ်သမိုင်းပြတိုက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၃

အီတလီနိုင်ငံ ရောမမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရောမမြို့ရှိ GRANATIERJ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

GRANATIERJ စစ်သမိုင်းပြတိုက်တွင် ပထမကမ္ဘာစစ်အတွင်း အီတလီပါဝင်ခဲ့သော စစ်ပွဲများ၊ စစ်ပွဲများအတွင်း အသုံးပြုခဲ့သော လက်နက်များနှင့် စစ်အသုံးအဆောင်ပစ္စည်းများ၊ အီတလီတပ်မတော်သမိုင်းနှင့် သူရဲကောင်းစစ်သည်မှတ်တမ်းတို့ကို စနစ်တကျခင်းကျင်းပြသထားကြောင်း သိရသည်။

ဆက်လက်၍ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် Turin မြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး ARIS ကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းကာ ကုမ္ပဏီ၏ ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ARIS ကုမ္ပဏီသည် စစ်သုံးယာဉ်များ၊ မီးသတ်ယာဉ်များ၊ ကွန်တိန်နာကား၊ ဆေးရုံကားနှင့် Generator နောက်တွဲယာဉ်များကို ခေတ်နှင့်အညီ တီထွင်ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် LEONARDO AIRCRAFT ကုမ္ပဏီသို့ ရောက်ရှိပြီး ကုမ္ပဏီ၏ လေယာဉ်ထုတ်လုပ်ရေး အလုပ်ရုံနှင့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

LEONARDO AIRCRAFT ကုမ္ပဏီသည် တိုက်ခိုက်ရေးလေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ရေပြင်နှင့် မြေပြင်ကာကွယ်ရေးနည်းစနစ်များ၊ အာကာသနည်းပညာနှင့်ဆိုင်သော နည်းစနစ်များကို တီထွင်ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် Turin မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ရောမမြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရောမမြို့ရှိ GRANATIERJ စစ်သမိုင်းပြတိုက်တွင် သွားရောက်လေ့လာစဉ်။ (မြဝတီ)

လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လွင်

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးဇော်မင်း

❒ ရှေ့ဖုံးမှ

မောင်တောခရိုင် လမ်းဦးစီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသော လမ်းရှစ်လမ်းရှိကြောင်း သိရသည်။ ၎င်းတို့မှာ ဘူးသီးတောင်- မောင်တောလမ်း၊ ဘူးသီးတောင်-သင်္ဘောဆိပ်လမ်း၊ ဘူးသီးတောင်-ကျောက်တော်လမ်း၊ မောင်တော- အလယ်သံကျော်-အင္ဂမော်လမ်း၊ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း - အောင်သပြေ- ဗန္ဓုလလမ်း၊ တောင်ပြိုမြို့နယ်ထဲရှိ တောင်ပြို- ကြိမ်ချောင်းလမ်း၊ တောင်ပြို ဂေါ်ဒုံခလမ်းနှင့် လိပ်ရ- လိပ်ရနယ်မြေစခန်းလမ်းတို့ဖြစ်သည်။ အဆိုပါ လမ်းရှစ်လမ်းသည် စုစုပေါင်း ၁၄၉ မိုင်ရှိကြောင်း သိရသည်။

မောင်တောခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်မင်းက "ဘူးသီးတောင်- မောင်တောလမ်းကို အခုကျွန်တော်တို့ စပြီးတိုးချဲ့နေပါတယ်။ ၁၆ မိုင်လမ်းကို အခုလိုတိုးချဲ့တာကလည်း တောင်အကွေ့အကောက် ဖြစ်နေတာတွေကိုဖြောင့်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ တောင်ကွေ့များတယ်။ အခုဆိုရင် ဘူးသီးတောင်ကနေ မောင်တောကို ၄၅ မိနစ်ဝန်းကျင် သွားလာနေရပါတယ်။ ဘူးသီးတောင်- မောင်တောလမ်းပိုင်း တောင်ချဲ့တဲ့လုပ်ငန်းတွေပြီးသွားမယ်။ လမ်းဖြောင့်သွားမယ်။ ကတ္တရာတွေခင်းပြီးသွားမယ်ဆိုရင် နာရီဝက်လောက်အတွင်း သွားလာနိုင်မှာပါ။ ဒီဇင်ဘာလကုန်မှာ ပြီးစီးဖို့လျာထားဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ယခင်က လမ်းသားအကျယ် ၁၂ ပေအပါအဝင် လမ်းတာပေါင် အကျယ် ၂၅ ပေခန့်သာရှိသော ဘူးသီးတောင်-မောင်တော ကားလမ်းအား ၃၄ ပေအထိ တိုးချဲ့မည်ဖြစ်ပြီး အကျယ် ၁၈ ပေ ကတ္တရာလမ်းသားဖြစ်အောင် ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လွင်က "ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ် (၈/၀) မှာ အရင်နှစ်မိုးရာသီတွေလို တောင်တွေထပ်မပြိုကျနိုင်အောင်လို့ မြေကာနံရံ မီတာ ၃၁၀ နဲ့ မြေကာနံရံရဲ့ အောက်ခြေမှာ ကျောက်စီရေမြောင်းမီတာ ၃၁၀ ကို ဆောင်ရွက်သွားဖို့ ရှိပါတယ်။ မိုင်တိုင် (၈/၀) နေရာက မြေပြိုတာမကြာခဏ ဖြစ်ပါတယ်။ နဂိုရှိတဲ့ ကတ္တရာလမ်းသားဆိုရင် ချောင်းရေနဲ့ပဲ့ပြီးပါသွားပါတယ်။ ဒါကြောင့် တောင်ဘက်ကိုချဲ့ပြီး လမ်းသစ်ဆက်ခင်းနေတာပါ။ မိုးများတဲ့အခါမျိုးမှာဆိုရင် တစ်နှစ်ကို အနည်းဆုံးတစ်ကြိမ်လောက် ဖြစ်ပါတယ်။ နှစ်စဉ်နီးပါးဖြစ်ပါတယ်။ ဒါကြောင့် မြေကာနံရံတွေကိုလုပ်ဆောင်မှ တောင်ပြိုကျမှုကိုထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က တောင်ဘက်မြေထိန်းနံရံလုပ်ပြီးပြီဆိုတာနဲ့ ချောင်းဖက်၊ ချောက်ဖက်တွေမှာ မြေကာနံရံတွေ ဆက်လက်ပြုလုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အချို့နေရာတွေဆို လုပ်ပြီးပါပြီ။ ဒါပေမယ့် ချောင်းရေစီးကြမ်းတာကြောင့် အချို့နေရာတွေမှာ ပြန်ပြိုကျသွားတာတွေရှိပါတယ်"ဟု ဘူးသီးတောင်-မောင်တော ကားလမ်းပေါ်သို့ မြေပြိုကျမှု ဖြစ်စဉ်မှ ရှောင်လွှဲနိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်၍ပြောသည်။

ဘူးသီးတောင်-မောင်တောလမ်းသည် ၁၉၁၆ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၁၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စတင်ဖောက်လုပ်စဉ်က မီးရထားလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် ကားလမ်းအဖြစ်ပြောင်းလဲအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်-မောင်တောကားလမ်းတစ်လျှောက်တွင် အင်္ဂလိပ် ကိုလိုနီလက်ထက်က တောင်များကို ဖောက်ထွင်း၍ ဆောက်လုပ်ခဲ့သောလိုဏ်ဂူကြီးနှင့် လိုဏ်ဂူငယ် နှစ်ခုရှိသည်။

လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက "နှစ် ၁၀၀ ကြာပြီဖြစ်တဲ့ ဒီလိုဏ်ခေါင်းကြီးဟာ ရေစိမ့်ယိုမှုတွေ ဖြစ်လာတဲ့အတွက် ကျွန်တော်တို့ လမ်းဦးစီးဌာနက ပြုပြင်မွမ်းမံထားပါတယ်။ ဒါပေမယ့် လိုဏ်ခေါင်းကြီးထဲကနေ ကားကြီးတွေ ဖြတ်သန်းသွားလို့မရပါဘူး။ နောက်လုံခြုံရေး၊ ကာကွယ်ရေးအတွက် အသုံးပြုဖို့ စက်ယန္တရားကြီးတွေ၊ သံချပ်ကာကားစတာတွေ သွားလို့မရတဲ့အတွက် ကျွန်တော်တို့ ၂၀၀၇ ခုနှစ်ကစပြီး ရှောင်ကွင်းလမ်းကို လမ်းကြောင်းရှာခဲ့ပါတယ်။ အခုရှောင်ကွင်းလမ်းကြောင်းက သုံးဖာလုံ အရှည်ရှိပါတယ်။ သုံးဖာလုံရှည်တဲ့အတွက် ဒီလိုဏ်ခေါင်းကို ၂၀၁၀ ခုနှစ်က စတင်ဆောင်ရွက်ခဲ့တာ ၂၀၁၄ ခုနှစ်မှာ ပြီးစီးပါတယ်။ အခုလို လိုဏ်ခေါင်းရှောင်ကွင်းလမ်းဖောက်လုပ်နိုင်တာကြောင့် ယာဉ်ကြီးတွေနဲ့ စက်ယန္တရားကြီးတွေ သွားလာနိုင်ပါပြီ။ အခုဆိုရင် ယာဉ်ကြီး၊ ယာဉ်ငယ်မှန်သမျှ ရှောင်ကွင်းလမ်းကပဲ သွားကြတော့တယ်" ဟု ပြောသည်။

လိုဏ်ဂူကြီးသည် (၇/၇) မိုင် မှ ၈ မိုင်အကြားတွင် ရှိပြီး လိုဏ်ခေါင်းအရှည်မှာ ၆၅၈ ပေရှိကာ အချင်း ၁၅ ပေ ၆ လက်မ၊ အမြင့် ၁၂ ပေ ၆ လက်မရှိသည်။ သုံးပေထူရှိသည့် အုတ်သားများနှင့် စီထားပြီး ရေယိုစိမ့်မှုမရှိစေရန် သုံးလက်မထု သံကူကွန်ကရစ်များဖြင့် ပြန်လည်မွမ်းမံထားခြင်းဖြစ်သည်။ အလားတူ လိုဏ်ဂူငယ်သည် ဘူးသီးတောင်- မောင်တောလမ်း မိုင်တိုင်အမှတ် (၆/၅) တွင်တည်ရှိ၍ အရှည် ၉၈ ပေ၊ အချင်း ၁၅ ပေ ၆ လက်မ၊ အမြင့် ၁၂ ပေ ၆ လက်မနှင့် ထုသုံးပေရှိသည်။

လိုဏ်ဂူကြီးနှင့်လိုဏ်ဂူငယ် တည်ဆောက်ရေးအတွက် ၁၉၁၆ ခုနှစ်တွင် ဖလော်ရီဒါ ရထားကုမ္ပဏီက Martin ကုမ္ပဏီကို တာဝန်ပေးအပ်နှံသဖြင့် မာတင်ကုမ္ပဏီက ဖောက်လုပ်ခဲ့ခြင်းဖြစ်ကာ ၁၉၁၈ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ ယခုအခါ သက်တမ်း နှစ် ၁၀၀ ရှိပြီဖြစ်သည်။

"ဒီလိုဏ်ခေါင်းတွေကိုလည်း ပိတ်ထားခြင်းမရှိတဲ့အတွက် ယာဉ်ငယ်တွေသွားလို့တော့ ရပါတယ်။ ဒါပေမယ့် ယာဉ်တွေအားလုံးက လိုဏ်ခေါင်းရှောင်ကွင်းလမ်းကပဲ သွားလာကြပါတော့တယ်"ဟု လိုဏ်ဂူကြီးအား လှမ်းညွှန်ပြရင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက ဆိုသည်။

အနောက်ဘက်တံခါးမှ ဘူးသီးတောင် - မောင်တောကားလမ်းကို ဒေသတည်ငြိမ်လာပြီး ပွင့်လင်းရာသီလည်း ရောက်ရှိနေပြီဖြစ်သဖြင့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေမှုကြောင့် မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်းရေးသားတင်ပြလိုက်ရပါသည်။

သတင်းဆောင်းပါး - ရဲခေါင်ညွှန့်နှင့် အဖွဲ့
ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းသစ်

ဘူးသီးတောင်-မောင်တော ကားလမ်းတွင် စက်ယန္တရားကြီးများဖြင့် မြေပြုပြင်ဆောင်ရွက်နေစဉ်။

ဂျပန်နှင့် အမေရိကန် မဟာမိတ်ဖွဲ့စည်းမှုအရေးကြီးပုံ ဒေါ်နယ်ထရန့်အား ဝန်ကြီးချုပ် အာဘေး ပြောမည်

တိုကျို နိုဝင်ဘာ ၁၃

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်နှင့် နိုဝင်ဘာ ၁၇ ရက်တွင်တွေ့ဆုံသည့်အခါ ဂျပန်နှင့် အမေရိကန် မဟာမိတ်ဖွဲ့စည်းမှုအရေးကြီးပုံကို အလေးအနက်ပြု ပြောကြားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှဒါက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်အာဘေးနှင့် ထရန့်တို့၏ တွေ့ဆုံဆွေးနွေးပွဲသည် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်းဖြစ်သဖြင့် အရေးကြီးသောဆွေးနွေးပွဲဖြစ်လိမ့်မည်ဖြစ်ကြောင်း ကီရှဒါက အင်နာအိပ်ချ်ကေ အသံလွှင့်ဌာနသို့ ပြောကြားသည်။

ပီရူးနိုင်ငံ၌ကျင်းပမည့် အာရှ-ပစိဖိတ် ထိပ်သီးဆွေးနွေးပွဲသို့သွားရောက်သည့် ခရီးစဉ်အတွင်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဝန်ကြီးချုပ် အာဘေးနှင့် ထရန့်တို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ဂျပန်နှင့် အမေရိကန် ဆက်ဆံရေးအပေါ် ထရန့်၏ ရှုမြင်ပုံနှင့်ပတ်သက်၍ ရှင်းလင်းစွာသိရှိနိုင်ရန် ဝန်ကြီးချုပ်အာဘေးက စူးစမ်းလေ့လာမည်ဖြစ်သည်။ ထရန့်သည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း အမေရိကန်က ကာလရှည် ကျင့်သုံးလာခဲ့သော မူဝါဒများနှင့်ပတ်သက်၍ တိုက်ခိုက်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်ဆို၏။

ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက်များ ပိုင်ဆိုင်လာရေးအတွက် မည်သည့်အစီအစဉ်မျှ မရှိပါဆိုသော မိမိတို့နိုင်ငံ၏ ကာလရှည်ရပ်တည်ချက်မှာ ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ကီရှဒါက ပြောကြားသည်။

ထိုစဉ်အတွင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမိ အိနဒကလည်း နှစ်နိုင်ငံလုံခြုံရေး မဟာမိတ်ပြုမှုနှင့် ပတ်သက်၍ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့အတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို မိမိတို့နိုင်ငံက မျှဝေကျခံလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား အစိုးရရှေ့နေများက မေးမြန်းရန်စီစဉ်

ဆိုးလ် နိုဝင်ဘာ ၁၃

နိုင်ငံရေးဆိုင်ရာ အဂတိလိုက်မှု အရှုပ်တော်ပုံတစ်ရပ်နှင့်ပတ်သက်၍ တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား အစိုးရရှေ့နေများက မေးမြန်းရန် စီစဉ်ထားကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ အာဏာလက်ရှိ သမ္မတတစ်ဦးအား ရာဇဝတ်ကြောင်းအရ အစိုးရရှေ့နေများက မေးမြန်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ထိုစဉ်အတွင်း သမ္မတပတ် ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြလျက် လူသိန်းနှင့်ချီကာ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

အစိုးရရှေ့နေများသည် သမ္မတပတ်၏မိတ်ဆွေ ချွေင်ဆွန်းစီကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ ချွေင်သည် သမ္မတနှင့် နီးစပ်မှုရှိသူဖြစ်ပြီး သမ္မတ၏အရှိန်အဝါကို အလွဲသုံး၍ ယဉ်ကျေးမှုနှင့် အားကစားအဖွဲ့အစည်းများအပေါ် ဩဇာလွှမ်းမိုးခဲ့ခြင်းဖြင့် အစိုးရကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခဲ့သည်ဟု အစိုးရရှေ့နေတစ်ဦးက ယခင်က ပြောကြားခဲ့သည်။

နိုင်ငံရေးအဂတိလိုက်မှုအရှုပ်တော်ပုံနှင့်ပတ်သက်၍ အစိုးရရှေ့နေများက ဆမ်ဆောင်းအုပ်စု၊ ဟွန်ဒေးမော်တော်ကားထုတ်လုပ်ရေးအုပ်စုနှင့် ဟန်ကျင်းအုပ်စုတို့၏ တာဝန်ရှိသူများကို စစ်ဆေးမေးမြန်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

သမ္မတပတ် ရာထူးမှဆင်းပေးရန် ပြည်သူများနှင့် ပါလီမန်အမတ်များ၏ ဖိအားပေးမှုမြင့်တက်လာပြီး သမ္မတပတ် ရေပန်းစားမှု ကျဆင်းလာနေကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ရိုက်တာ။

မွမ်းမံပြင်ဆင်ထားသော ငြိမ်းချမ်းရေးသဘောတူညီချက်ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့ ရရှိပြီ

ဟာဗားနား နိုဝင်ဘာ ၁၃

ကိုလံဘီယာအစိုးရအဖွဲ့နှင့် ကွန်မြူနစ်ဝါဒီ ဖာ့ခ်သူပုန်အဖွဲ့တို့သည် (၅၂)နှစ်ကြာ ပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် မွမ်းမံပြင်ဆင်ထားသော ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်ကို လက်ခံလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မူလရရှိခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက်ကို လူထုဆန္ဒခံယူပွဲတွင် ပြည်သူများက ပယ်ချခဲ့ကြပြီးနောက် ရက်သတ္တ ခြောက်ပတ်အကြာတွင် အစိုးရနှင့် သူပုန်အဖွဲ့အကြား မွမ်းမံပြင်ဆင်ထားသော ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်ခံလိုက်ခြင်းဖြစ်သည်။

အစိုးရအဖွဲ့နှင့် ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့တို့အကြား ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

အောက်တိုဘာတွင်ကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ပြည်သူတို့က ပယ်ချခဲ့ပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်အကောင်အထည်ဖော်နိုင်ရန် သမ္မတ ယွန်မင်နျူယယ်ဆန်တို့စကြိုးပမ်းခဲ့သည်။ ကနဦး ငြိမ်းချမ်းရေးသဘောတူညီချက်သည် သူပုန်အဖွဲ့အပေါ် အလွန်အမင်း သက်ညှာသနားခွင့်ပေးထားခြင်းကြောင့် လူထုဆန္ဒခံယူပွဲတွင် ပြည်သူတို့က ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

မူလငြိမ်းချမ်းရေးသဘောတူညီချက်ကို ကန့်ကွက်ရာတွင် ဦးဆောင်ခဲ့သူ သမ္မတဟောင်း အယ်ဗာရိအူရီဘေးသည် မွမ်းမံပြင်ဆင်ထားသော သဘောတူညီချက်နှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

ပါကစ္စတန်နိုင်ငံအတွင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ပုံးပေါက်ကွဲ၊ လူ ၄၃ ဦးသေဆုံး

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၃

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ခရိုင်တစ်ခုတွင် ဘာသာရေးအဆောက်အအုံတစ်ခု၌ အသေခံပုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူပေါင်း ၄၃ ဦးသေဆုံးခဲ့ပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်များက ဆိုသည်။

နိုဝင်ဘာ ၁၂ ရက်တွင် ဘာလုချင်စတန်ခရိုင်ရှိ ဆူဖီဘာသာရေးအဆောက်အအုံ၌ ပုံးတစ်လုံးပေါက်ကွဲခဲ့သည်။ လုံခြုံရေးအာဏာပိုင်များက အဆိုပါပုံးပေါက်ကွဲမှုသည် အသေခံပုံးဖောက်ခွဲခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ဘုရားကျောင်းသို့ ပါကစ္စတန်နှင့် အီရန်နိုင်ငံမှ ဆူဖီအစ္စလာမ်ဘာသာဝင်(ထူးခြားနက်နဲသောဉာဏ်အမြင်ကို ယုံကြည်သက်ဝင်သူ)အများစု လာရောက်ကြကြောင်း ဒေသန္တရမီဒီယာက ပြောသည်။

ယင်းပုံးဖောက်ခွဲမှုကို အိုင်အက်စ်စစ်သွေးကြွများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု *သည်အာမက်* သတင်းအေဂျင်စီက ဆိုသည်။ အဆိုပါသတင်းအေဂျင်စီသည် အိုင်အက်စ်စစ်သွေးကြွများနှင့်ဆက်စပ်မှုရှိကြောင်း သိရသည်။

ပါကစ္စတန်လုံခြုံရေးအရာရှိများက ပုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းက ပါဝင်ပတ်သက်မှုရှိသလဲဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အောက်တိုဘာလတွင် ပါကစ္စတန်အနောက် တောင်ဘက်ပိုင်းရှိ ရဲသင်တန်းကျောင်းတစ်ခုကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ရာ ရဲအရာရှိ ၆၀ ကျော် သေဆုံးခဲ့သည်။ အဆိုပါအကြမ်းဖက်မှုကို အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု *သည်အာမက်* သတင်းအေဂျင်စီက ဆိုသည်။ **အင်နာအိတ်ချ်ကေ။**

နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

ဘီလျံနာသူဌေးကြီးဒေါ်နယ်ထရန့်က ရွေးကောက်ပွဲဝင်မယ်လို့ စပြောတော့ လူတွေက သိပ်မယုံကြည်ခဲ့ကြပါဘူး။ ဒီလိုမယုံခဲ့ပေမယ့်လည်း လက်တွေ့မှာ ဒေါ်နယ်ထရန့်က ရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ ရီပတ်ဘလီကန်ပါတီတွင်းသမ္မတလောင်းရွေးကောက်ပွဲပြိုင်ပွဲဝင်ခဲ့ကြသူတွေထဲမှာ ဒေါ်နယ်ထရန့်က နိုင်ငံရေးအတွေ့အကြုံလုံးဝမရှိတဲ့သူ၊ ဒါပေမယ့် လူထုစစ်တမ်းတွေမှာ ဒေါ်နယ်ထရန့်အပေါ် ထောက်ခံမှုနှုန်းက တက်လာခဲ့ပါတယ်။ ဒီလိုနဲ့ ဒေါ်နယ်ထရန့်ဟာ သူ့ထက်နိုင်ငံရေးအတွေ့အကြုံရင့်တဲ့ ပြိုင်ဘက်တွေကို တစ်ယောက်ပြီးတစ်ယောက်ဖြတ်ချပြီး ရီပတ်ဘလီကန်ပါတီရဲ့သမ္မတလောင်းဖြစ်လာပါတယ်။ နိုဝင်ဘာ ၈ ရက် သမ္မတရွေးကောက်ပွဲမတိုင်ခင် ကောက်ယူခဲ့တဲ့လူထုစစ်တမ်းတွေမှာရော အဓိကသတင်းစာကြီးတွေကပါ ဟီလာရီကလင်တန်ပဲ အောင်ပွဲခံလိမ့်မယ်လို့ ဟောကိန်းထုတ်ထားကြတာပါ။ ဒါပေမယ့် တစ်ကမ္ဘာလုံးရဲ့မျှော်လင့်ချက်ကိုရိုက်ချိုးပြီး ဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံရဲ့ ၄၅ ဦးမြောက်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ တစ်ကမ္ဘာလုံးအံ့အားသင့်ပြီး စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရပါတယ်။

ဒီတော့ အရေးကြီးတဲ့အချက်က ဒေါ်နယ်ထရန့်က ဘာကြောင့်အခုလိုအောင်ပွဲခံနိုင်ခဲ့တာလဲ။ ရွေးကောက်ပွဲနေ့မှာဘယ်သူ့ကို ထောက်ခံမလဲဆိုတာ ရေရေရာရာမပြောနိုင်ဘူးဆိုတဲ့ ပြည်နယ်တွေဟာ တစ်ခုပြီးတစ်ခုဆိုသလို ဒေါ်နယ်ထရန့်ကို ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။ အိုဟိုင်းယိုးပြည်နယ်၊ ဖလော်ရီဒါပြည်နယ်၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်။ ဒီလိုနဲ့ဟီလာရီကလင်တန်ရဲ့ခံစစ်ကြောင်းပြိုဆင်းခဲ့ရပါတယ်။သမိုင်းကြောင်းကိုကြည့်လိုက်ရင်အမေရိကန်နိုင်ငံရဲ့အနောက်အလယ်ပိုင်းဒေသတွေဟာ ဒီမိုကရက်တစ်ပါတီကို အစဉ်အဆက် ထောက်ခံခဲ့ကြတာပါ။ ဒီလိုသမိုင်းအစဉ်အဆက်ဒီမိုကရက်တစ်ပါတီကို ထောက်ခံခဲ့သူတွေကို ကြည့်လိုက်ရင် လူမည်းတွေနဲ့ အလုပ်သမားလူတန်းစားလူဖြူတွေများပါတယ်။ ဒီ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အလုပ်သမားလူတန်းစားလူဖြူတွေက ဒီမိုကရက်တစ်ပါတီကို အစုလိုက်အပြုံလိုက် ကျောခိုင်းစွန့်ခွာပြီး ဒေါ်နယ်ထရန့်ကိုဆန္ဒမဲပေးခဲ့ကြပါတယ်။ ဒီလိုဒေါ်နယ်ထရန့်ကို ထောက်ခံခဲ့တဲ့ လူဖြူအလုပ်သမားလူတန်းစားတွေထဲကအများစုဟာ တက္ကသိုလ်အဆင့်ကို မသင်ကြားခဲ့ဖူးပါဘူး။ ဒီတော့ တက္ကသိုလ်အဆင့်ပညာမသင်ကြားခဲ့ဖူးတဲ့ လူဖြူအလုပ်သမားလူတန်းစားက ဒေါ်နယ်ထရန့်ကို ဘာလို့ ဆန္ဒမဲပေးထောက်ခံခဲ့ကြတာလဲ။

ဒီမိုကရက်တစ်ပါတီ၊ ပါတီတွင်းသမ္မတလောင်း ရွေးကောက်ပွဲမှာ ဟီလာရီကလင်တန်နဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့တဲ့ ဘာနီဆန်ဒါးက ရွေးကောက်ပွဲအပြီးရေးခဲ့တဲ့ဆောင်းပါးဟာ အခြေအနေကို ပေါ်လွင်စေတာမို့လို့ သင့်တော်သလို ကောက်နုတ်တင်ပြလိုပါတယ်။ ဘာနီဆန်ဒါးက "ရွေးကောက်ပွဲရလဒ်ကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမယ့် အံ့အားသင့်တာမျိုးတော့ မဖြစ်မိပါဘူး။ သန်းနဲ့ချီတဲ့ အမေရိကန်ပြည်သူတွေက ဒေါ်နယ်ထရန့်ကို ဆန္ဒမဲပေးခဲ့တာက ကျွန်တော့်အတွက်တော့ တုန်လှုပ်စရာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒေါ်နယ်ထရန့်ကို ဆန္ဒမဲပေးခဲ့တဲ့သန်းနဲ့ချီတဲ့ အမေရိကန်ပြည်သူတွေဟာ တိုင်းပြည်ရဲ့ လက်ရှိစီးပွားရေးနဲ့ နိုင်ငံရေးအပါအဝင် သတင်းမီဒီယာလောကကိုပါ စိတ်ကုန်နေကြလို့ပါ။ အလုပ်သမား လူတန်းစားမိသားစုတွေဟာ နိုင်ငံရေးသမားတွေက ဘီလျံနာစီးပွားရေးသမားတွေ၊ ကုမ္ဗဏီကြီးတွေဆီက ရွေးကောက်ပွဲမဲဆွယ်ရန်ပုံငွေတွေ ယူကြတယ်။ ပြီးတော့ သာမန်အမေရိကန်ပြည်သူတွေရဲ့ လိုအပ်ချက်တွေကိုကျတော့ လျစ်လျူရှုကြတယ်။ အလုပ်သမားလူတန်းစားဟာ အရင့်အရင်ကထက်ပိုနည်းတဲ့လုပ်ခလစာရဖို့ကိုတောင် အလုပ်လုပ်ရတဲ့အချိန်တွေကို လုပ်လာရတယ်။ သူတို့ဘဝကို အဆင်ပြေပြေ နေနိုင်စားနိုင်အောင် ဖန်တီးပေးခဲ့တဲ့ အလုပ်တွေဟာ လုပ်ခလစာနည်းနည်းပဲပေးရတဲ့ တရုတ်နိုင်ငံလို၊ မက္ကဆီကိုနိုင်ငံလို နိုင်ငံမျိုးတွေဆီ ရွှေ့သွားကြတယ်။ တစ်ချိန်တစ်ခါက သာယာစိုပြည်ခဲ့တဲ့ သူတို့ရဲ့တောမြို့လေးတွေဟာ လူဦးရေတွေ ကျဆင်းလာတယ်။ မြို့လယ်စတိုးဆိုင်တွေဆိုလည်း ပိတ်ကုန်ကြရပြီ။ လူငယ်လူရွယ်တွေဆိုရင်လည်း ကိုယ့်မြို့ကိုယ့်ရွာမှာ အလုပ်အကိုင်မရှိတော့ နေရပ်ကို စွန့်ခွာကြရတယ်။ အလုပ်သမားလူတန်းစားတွေဟာ သူတို့သားသမီးတွေအတွက် ရှိသင့်ရှိထိုက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုတောင် မပေးနိုင်တော့ဘူး။ သားသမီးတွေကို ကောလိပ်ကျောင်းပို့ပညာသင်ဖို့ ဆိုတာကတော့ ဝေလာဝေး ဖြစ်နေတယ်။ ပင်စင်ယူတော့မယ်ဆိုတဲ့အချိန်မှာ လက်ထဲမှာစုပြီးဆောင်းပြီး ဘာမှမရှိဖြစ်ကြရတယ်။ တိုင်းပြည်ရဲ့ ဘယ်ဒေသကိုပဲကြည့်ကြည့် အလုပ်သမားလူတန်းစားတွေ တတ်နိုင်တဲ့ အိမ်ရာဆိုတာကမရှိဖြစ်နေတယ်။ ကျန်းမာရေးစရိတ်ဆိုတာကလည်း အလုပ်သမားလူတန်းစားအတွက် မနိုင်ဝန်ထမ်းရသလိုဖြစ်နေတယ်။ အလုပ်သမားလူတန်းစားမိသားစုတွေထဲမှာ မူးယစ်ဆေးဝါးနဲ့ အရက်စွဲတဲ့ပြဿနာတွေက မမြင်ချင်အဆုံးဖြစ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အလုပ်သမားလူတန်းစားက တစ်နေ့တခြား များများလာတယ်" ဆိုပြီး ရေးထားတာကို ကြည့်လိုက်ရင် အလုပ်သမားလူတန်းစား လူဖြူတွေရဲ့ ခံပြင်းဒေါသကို ခံစားရမှာပါ။ ဒီအလုပ်သမား လူဖြူလူတန်းစားဟာ ပေယျာလကန်လုပ်ထားသလို ခံစားနေရတာပါ။ လူဖြူ အလုပ်သမား လူတန်းစားဟာ ဂလိုဘယ်လိုက်ဇေရှင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ သူတို့ရဲ့ အလုပ်အကိုင်တွေကို လုပ်ခလစာနည်းတဲ့ နိုင်ငံတွေက လုယူနေတယ်လို့ခံစားနေရတာပါ။ ကမ္ဘာ့စီးပွားရေးမျက်နှာစာမှာ သူတို့ဟာ ဒီလိုဆုံးရှုံးမှုတွေကို ခံစားနေရသလို ပြည်တွင်းမှာလည်း မက္ကဆီကိုလို ဆင်းရဲတဲ့နိုင်ငံတွေက တရားဝင်ရော၊ တရားမဝင်ရော ရွှေ့ပြောင်းဝင်လာတဲ့ အလုပ်သမားတွေကြောင့် သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးနေရတယ်လို့ ယုံကြည်နေကြတာပါ။ ဒေါ်နယ်ထရန့်က "အမေရိကန်နိုင်ငံနဲ့ မက္ကဆီကို နိုင်ငံကြားက နယ်စပ်မျဉ်းတစ်လျှောက် တံတိုင်းကြီးတွေကာမယ်။ ဒီတံတိုင်းကြီးတွေအတွက် ကုန်ကျစရိတ်ကိုလည်း မက္ကဆီကို နိုင်ငံက ကျခံရမယ်"ဆိုပြီး အာပေါင်အာရင်းသန်သန် ဟောပြောတော့ လူဖြူအလုပ်သမားလူတန်းစားရဲ့ခံစားချက်နဲ့ ကွက်တိဖြစ်နေပါတယ်။ တကယ်တော့ ဒေါ်နယ်ထရန့်ဟာ နိုင်ငံရေးအတွေ့အကြုံရော အုပ်ချုပ်ရေးအတွေ့အကြုံပါ ဘာမှရှိတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဒေါ်နယ်ထရန့်က နိုင်ငံရွှေ့ပြောင်းအလုပ်သမားမုန်းတီးရေး၊ ဆန့်ကျင်ရေးတွေ ဟောပြောနေပေမယ့် လူဖြူအလုပ်သမားလူတန်းစားရဲ့ဘဝ တိုးတက်ကောင်းမွန်လာအောင် ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတဲ့ တိကျခိုင်မာတဲ့လုပ်ငန်းအစီအစဉ်တွေ ချပြနိုင်ခဲ့တာ မဟုတ်ပါဘူး။ ပြောရရင် လူဖြူ အလုပ်သမားလူတန်းစားက လက်ရှိအခြေအနေကို အငေါ်တူးပွင့်အံ့ပေါက်ကွဲပြီး ဒေါ်နယ်ထရန့်အပေါ် မျက်စိမှိတ်ထောက်ခံလိုက်တာပါ။

အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်ထွက်ပေါ်လာတဲ့အခါ နိုင်ငံတကာသတင်းမီဒီယာတွေက အမေရိကန်သမ္မတရွေးကောက်ပွဲနဲ့ ဗြိတိန်ဥရောပသမဂ္ဂက ခွဲထွက်ရေး (Brexit)တို့ကို နှိုင်းယှဉ်ရေးသားကြပါတယ်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ဒေါ်နယ်ထရန့်နိုင်ခဲ့တာကရော လူထုဆန္ဒခံယူပွဲကနေ ဗြိတိန်ဥရောပသမဂ္ဂက ခွဲထွက်ဖို့ ဆန္ဒမဲပေးခဲ့တဲ့ဖြစ်ရပ်မှာပါ သူတို့နိုင်ငံထဲဝင်ရောက်အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံရွှေ့ပြောင်းအလုပ်သမားတွေအပေါ် မလိုလားမနှစ်သက်တာက အဓိကအကြောင်းရင်းပါ။ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကို လိုလားတဲ့လှုပ်ရှားသူတွေကရော ဒေါ်နယ်ထရန့်ကပါ ကမ္ဘာ့လက်ရှိစီးပွားရေးစနစ်ကသာမန်ပြည်သူတွေကို ဘယ်လောက်များအကျိုးပြုလဲလို့ မေးခွန်းထုတ်ကြပါတယ်။ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကို လိုလားတဲ့ လှုပ်ရှားသူတွေရော ဒေါ်နယ်ထရန့်ကပါ သူတို့ဟာ အခြေအနေတွေအပေါ် မိန်းမောသာယာနေကြတဲ့ လက်ရှိနိုင်ငံရေးစနစ်ကြီးကို အပယ်ခံပြည်သူတွေကိုယ်စား တိုက်ပွဲဝင်ဆောင်ရွက်နေပါတယ်လို့ ကြွေးကြော်စည်းရုံးလှုပ်ရှားခဲ့ကြတာပါ။

နောက်စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကတော့ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကိစ္စမှာရော ဒေါ်နယ်ထရန့်ကို သမ္မတအဖြစ်မဲပေးခဲ့တဲ့ကိစ္စမှာပါ အသက်အရွယ်ကြီးရင့်တဲ့ မျိုးဆက်ဟောင်းတွေက သမ္မတအဖြစ်မဲပေးခဲ့တဲ့ကိစ္စမှာပါ အသက်အရွယ်ကြီးရင့်တဲ့ မျိုးဆက်ဟောင်းတွေက "ငါတို့နိုင်ငံ၊ ငါတို့လူမျိုးဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်"ကို ဆုပ်ကိုင်ပြီး ဆောင်ရွက်ခဲ့ကြတာပါ။ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကိစ္စမှာအသက်အရွယ်ကြီးရင့်တဲ့ မျိုးဆက်ဟောင်းတွေက ခွဲထွက်ရေးကိုထောက်ခံဆန္ဒမဲပေးကြပါတယ်။ ဥရောပသမဂ္ဂထဲ ဗြိတိန်ဆက်နေခဲ့ရင် နိုင်ငံရွှေ့ပြောင်းအလုပ်သမားတွေ ဗြိတိန်နိုင်ငံထဲ ဆက်ဝင်လာနေလိမ့်မယ်ဆိုတဲ့ စိုးရိမ်သောကဟာ မျိုးဆက်ဟောင်းတွေ ခွဲထွက်ရေးကို ထောက်ခံခဲ့တဲ့အဓိက အကြောင်းရင်းတစ်ခုပါ။ ဒီ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ လူငယ်မျိုးဆက်သစ်တွေက ဟီလာရီကလင်တန်ကို ထောက်ခံဆန္ဒမဲပေးခဲ့ကြပါတယ်။ လူငယ်မျိုးဆက်သစ်တွေက နိုင်ငံရွှေ့ပြောင်းအလုပ်သမား မိသားစုတွေကို အမေရိကန်လူ့အဖွဲ့အစည်းထဲ တစ်သားတည်း စီးဝင်ရပ်တည်နိုင်အောင် နေရာချစီစဉ်ရမယ်ဆိုတဲ့ အယူအဆကို ဆုပ်ကိုင်ပြီး ဟီလာရီကလင်တန်ကို ထောက်ခံဆန္ဒမဲပေးခဲ့ကြတာပါ။ အသက်အရွယ်ကြီးရင့်တဲ့ မျိုးဆက်ဟောင်းတွေက "နိုင်ငံရွှေ့ပြောင်းအလုပ်သမားတွေဟာ ငါတို့အလုပ်အကိုင်တွေကို လုယူတဲ့သူတွေ၊ ငါတို့တိုင်းပြည်ကို ဒုက္ခပေးနေတဲ့သူတွေ၊ ငါတို့တိုင်းပြည်ထဲက နှင်ထုတ်ရမယ့်သူတွေ"ဆိုတဲ့ စိတ်ဓာတ်ခံယူချက်တွေနဲ့ ဒေါ်နယ်ထရန့်ကို မဲပေးခဲ့ကြတာပါ။ လိုရင်းပြောရရင်တော့ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကိစ္စမှာရော ဒေါ်နယ်ထရန့်အောင်ပွဲခံတဲ့ကိစ္စမှာပါ ကမ္ဘာကြီးပြောင်းလဲဦးတည်နေတဲ့ သမိုင်းရေစီးကြောင်းကို လက်မခံဆန့်ကျင်တဲ့ အင်အားစုတွေက အောင်ပွဲခံသွားတာပါ။ ဒီအောင်ပွဲတွေက သက်ဆိုင်ရာ ပြည်သူတွေအတွက်ရော ကမ္ဘာ့ပြည်သူတွေအတွက်ပါ ဘယ်လောက်ကောင်းကျိုးရှိမလဲဆိုတာကတော့ အကြီးအကျယ်မေးခွန်းထုတ်ရမယ့် ကိစ္စပါ။ ။

လူငယ်မျိုးဆက်သစ်တွေက နိုင်ငံရွှေ့ပြောင်းအလုပ်သမား မိသားစုတွေကို အမေရိကန်လူ့အဖွဲ့အစည်းထဲ တစ်သားတည်း စီးဝင်ရပ်တည်နိုင်အောင် နေရာချစီစဉ်ရမယ်ဆိုတဲ့ အယူအဆကို ဆုပ်ကိုင်ပြီး ဟီလာရီကလင်တန်ကို ထောက်ခံဆန္ဒမဲပေးခဲ့ကြတာပါ။ အသက်အရွယ်ကြီးရင့်တဲ့ မျိုးဆက်ဟောင်းတွေက "နိုင်ငံရွှေ့ပြောင်းအလုပ်သမားတွေဟာ ငါတို့အလုပ်အကိုင်တွေကို လုယူတဲ့သူတွေ၊ ငါတို့တိုင်းပြည်ကို ဒုက္ခပေးနေတဲ့သူတွေ၊ ငါတို့တိုင်းပြည်ထဲက နှင်ထုတ်ရမယ့်သူတွေ" ဆိုတဲ့ စိတ်ဓာတ်ခံယူချက်တွေနဲ့ ဒေါ်နယ်ထရန့်ကို မဲပေးခဲ့ကြတာပါ။

ဆေးပညာသင်ကြားရေးနှင့် စတုတ္ထအကြိမ်မြောက်အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးပညာသင်ကြားရေးအသင်းညီလာခံ

ဒေါက်တာတင်ထွန်း (ဆေးပညာသင်ကြားရေး)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"အတွက် ပြည်သူလူထုတစ်ရပ်လုံးအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး၊ ဆေးရုံများအဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါကာကွယ်နှိမ်နှင်း ရေးလုပ်ငန်းများ၊ ကူးစက်တတ်သော ရောဂါများကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးစနစ်နှင့် ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းများ၊ အားကစားနှင့် ကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိပါသည်။

ဤကဲ့သို့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပညာရပ်ဆိုင်ရာ အရည်အသွေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုပိုမိုမြင့်မားအောင် လေ့ကျင့်သင်ကြားပေးခြင်းအပြင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ခံယူချက်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို စိတ်တွင်စွဲမြဲ၍ အလေ့အကျင့်ဖြစ်နေစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် လုပ်ငန်းကျွမ်းကျင်မှုရှိပြီး စိတ်ဓာတ်ကောင်းမွန်သည့် ပညာရှင်များအား ပြုစုပျိုးထောင်လေ့ကျင့်မွေးထုတ်သွားရန် အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ပြီး ကျေးလက်နှင့်မြို့ပြကျန်းမာရေးစောင့်ရှောက်မှု၊ ကွာဟမှု ကျဉ်းမြောင်းစေရန်နှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံမှုရရှိစေရန် အဓိကထား ဆောင်ရွက်ပေးကြမည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်နိုင်ရေး၊ လူဦးရေတိုးတက်မှုနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းစံနှုန်းစံညွှန်းများနှင့် ကိုက်ညီစေရေးအတွက် လိုအပ်သော ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များရရှိစေရန် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်ပါသည်။

ထိုသို့ တိုးမြှင့်လေ့ကျင့်ပေးနိုင်ရန်အတွက် တက္ကသိုလ်နှင့် သင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်တွင် ၂၀၁၅-၂၀၁၆ပညာသင်နှစ်၌ ဖွင့်လှစ်ခဲ့သော ဆေးတက္ကသိုလ်တောင်ကြီး၊ နေပြည်တော်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကလေးသူနာပြုနှင့်သားဖွားသင်တန်းကျောင်း အပါအဝင် ယခုအခါ ဆေးတက္ကသိုလ် ၈ခု၊ သွားဘက်ဆိုင်ရာဆေး တက္ကသိုလ် နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဝါးတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် နှစ်ခု၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် တစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခုနှင့် တိုင်းရင်းဆေးတက္ကသိုလ် တစ်ခု၊ စုစုပေါင်း တက္ကသိုလ် ၁၆ ခုအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး သူနာပြု/ သားဖွားနှင့် သူနာပြုနှီးနွယ်သင်တန်းကျောင်း ၅၀ အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအပါအဝင် တက္ကသိုလ်များ၏ဖွဲ့စည်းပုံများကိုလည်း တိုးချဲ့ခဲ့ပြီး၊ သင်ကြားရေးဆရာ ဆရာမများ အပါအဝင် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအားလည်း တိုးချဲ့ခန့်ထားပေးလျက်ရှိပါသည်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ရာတွင် လက်တွေ့လေ့ကျင့် သင်ကြားမှုသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် သင်ကြားရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ သင်ကြားရေးဆေးရုံအသစ်များ တည်ဆောက်ပြီး အထူးပြုဘာသာရပ်များဆိုင်ရာ ကုသဆောင်များအား စုံလင်အောင် တိုးချဲ့ဖွင့်လှစ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားရေးအဆင့်အတန်းကို ခေတ်မီတိုးတက်နေသော ဒေသတွင်း နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်လည်းကောင်း၊ ဒေသ ပြင်ပနိုင်ငံများကဲ့သို့ သင်ကြားနိုင်ရန်လည်းကောင်း၊ တိုးတက်ပြောင်းလဲလာသော ဆေးပညာသင်ကြားရေးစနစ်များနှင့်အညီ လိုက်လျောညီထွေရှိစေရန် လည်းကောင်း၊ ရည်ရွယ်၍ ၁၉၆၄ ခုနှစ်မှစ၍ ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲများကို ကျင်းပခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒသမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆေးပညာရှင်များနှင့် ဆေးပညာနှီးနွယ်ပညာရှင်များ၏ အရည် အသွေးပိုမိုတိုးတက်မြင့်မားရေးအတွက် အဆင့်မြှင့်ပညာရပ်များကို ပြည်တွင်းမှာ ဆက်လက်ဆည်းပူးစေနိုင်ရန်၊ ပညာရေးတက်လမ်း အခွင့်အလမ်းများကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်ပဘွဲ့လွန် သင်တန်းများ၊ လေ့လာရေးအစည်းအဝေးများ တက်ရောက်နိုင်သည့် အခွင့်အလမ်းရရှိစေရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်တွင်းဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်မှစ၍ ဆေးပညာဒီပလိုမာ သင်တန်းများဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်ဒီပလိုမာသင်တန်း ၁၈ မျိုး၊ မဟာသိပ္ပံသင်တန်း ၅၄ မျိုး၊ဆေးလက်တွေ့အခြေခံပါရဂူသင်တန်း Ph.D ရှစ်မျိုး၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူသင်တန်း တစ်မျိုး၊ ဆေးလက်တွေ့ပါရဂူသင်တန်း Dr.Med.Sc ၃၅ မျိုး၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ရှစ်မျိုး၊ ဆေးဝါးသိပ္ပံပါရဂူသင်တန်း လေးမျိုးနှင့် သူနာပြုသိပ္ပံပါရဂူသင်တန်းတစ်မျိုး စုစုပေါင်း ပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်း ၁၂၉ မျိုးကို ဖွင့်လှစ်သင်ကြားပေးနိုင်ပြီဖြစ်သည့်အတွက် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆရာဝန်များသာမက သူနာပြုများ၊ ဆေးဘက်ဆိုင်ရာနည်းပညာရှင်များနှင့် ဆေးဝါးပညာရှင်များပါ အဆင့်မြင့်ပညာရပ်များကို ပြည်တွင်း၌ ဆက်လက်ဆည်းပူးနိုင်သည့် အခွင့်အလမ်းများရှိနေပြီ ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးပညာသင်ကြားရေးအသင်း (South East Asian Regional Association for Medical Education) (SEARAME) သည် ကမ္ဘာ့ဆေးပညာ သင်ကြားရေးအဖွဲ့ချုပ်(World Federation for Medical Education, WFME)၏ ဒေသဆိုင်ရာအသင်းခြောက်ခုအနက် အရှေ့တောင်အာရှဒေသဆိုင်ရာ အသင်းကြီးဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ဆေးနှင့်ဆေးနှီးနွယ် ဘာသာရပ်များ၏ သင်ကြားရေးနည်းစနစ်များ၊ သင်ကြား/သင်ယူမှု လုပ်ငန်းစဉ်များအား တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ လိုအပ်ချက်နှင့်အညီ လိုက်လျောညီထွေ အစဉ်တိုးတက် ကောင်းမွန်စေရန်အတွက် ဦးတည်ဆောင်ရွက်နေသော အသင်းကြီးဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) နှင့် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့ချုပ် (WFME) တို့သည် မဟာဗျူဟာမြောက်မိတ်ဖက်အဖွဲ့အစည်း (Strategic Partnership) များဖြစ်ကြပြီး ကမ္ဘာ့နိုင်ငံများတွင် ဆေးပညာသင်ကြားမှု အရည်အသွေးကောင်းမွန်စေရန်နှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

South East Asian Regional Association for Medical Education (SEARAME) တွင် အသင်းဝင်အဖြစ် အင်ဒိုနီးရှား၊ မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ ထိုင်း၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်တို့ပါဝင်ပြီး ဒေသတွင်းနိုင်ငံများတွင် WHO နှင့် WFME တို့၏ရည်ရွယ်ချက်များ အောင်မြင်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့-အရှေ့တောင်အာရှဒေသဆိုင်ရာရုံး (WHO-SEARO) နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ SEARAME ၏ အပြည်ပြည်ဆိုင်ရာ ညီလာခံအား အဖွဲ့ဝင်နိုင်ငံများတွင် လှည့်လည်၍ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ပါသည်။ ပထမအကြိမ် ညီလာခံအား ၂၀၁၀ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတွင်လည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံအား ၂၀၁၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌လည်းကောင်း၊ တတိယအကြိမ်ညီလာခံအား ၂၀၁၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပါသည်။ SEARAME တွင် အလုပ်အမှုဆောင်အဖွဲ့ (Executive Committee) ဖွဲ့စည်းထားပြီး နှစ်စဉ်အစည်းအဝေးကျင်းပပါသည်။

၂၀၁၄ခုနှစ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ် ညီလာခံနှင့် SEARAME အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးမှ စတုတ္ထအကြိမ် ညီလာခံအား ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပရန် ရွေးချယ်သတ်မှတ်ခဲ့ပါသည်။ 4th South East Asian Regional Association for Medical Education Conference ၏ Theme မှာ " Optimizing Paradigm Shifts in Health Professions Education " ဖြစ်ပါသည်။

အဆိုပါညီလာခံအား ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံရှိ ဆေးနှင့်ဆေးနှီးနွယ်တက္ကသိုလ်များရှိ သင်ကြားရေးဆရာများအပါအဝင် ဆေးပညာသင်ကြားရေးတွင် ပါဝင်ပတ်သက်နေသူများအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ သင်ကြားရေးနည်းစနစ်များနှင့် ပတ်သက်၍လည်းကောင်း၊ အရည်အသွေးပြည့်ဝသောဆေးနှင့် ဆေးနှီးနွယ်ပညာရှင်များ မွေးထုတ်နိုင်ရေးကို ဦးတည်သည့် ဆန်းစစ်ခြင်းနည်း စနစ်များနှင့် ပတ်သက်၍ လည်းကောင်း၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် ပတ်သက်၍ အသုံးပြုလျက်ရှိသော နည်းဗျူဟာ၊ နည်းစနစ်များအားလည်းကောင်း၊ ဆေးပညာသင်ကြားရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ဆေးပညာသင်ကြားရေး အရည်အသွေးအာမခံမှု "pH" သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုခြင်း (Quality Assurance and Accreditation) ဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း၊ SEARAME ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ အပါအဝင် WFME နှင့် နိုင်ငံတကာအတွေ့ အကြုံရင့်ပညာရှင်များနှင့် ဆွေးနွေးခြင်း၊ လေ့လာခြင်းများ၊ အတွေ့အကြုံ ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ ဆေးပညာ သင်ကြားရေးအတွက် များစွာအထောက်အကူပြုမည့် ညီလာခံကြီးဖြစ်ပါသည်။ အဆိုပါ ညီလာခံကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၁၆၊၁၇၊၁၈) ရက်များတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

ညီလာခံ ၏ရည်ရွယ်ချက်မှာ "အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ထမ်းများ၏ ပညာရေးအဆင့်အတန်းမြင့်မားစေရန် ဆေးပညာသင်ကြားရေးဆိုင်ရာ နည်းနာများ၊ လမ်းညွှန်ချက်၊ အရည်အသွေး စံချိန်စံနှုန်းများနှင့် အရည်အသွေးအာမခံမှုများရရှိစေရန် လိုအပ်သည့် အခြေခံကျသော ပညာရေးပြုပြင်ပြောင်းလဲမှုများ အကောင်းဆုံးပြုလုပ်နိုင်ရန် မဟာဗျူဟာများချမှတ်နိုင်ရေးအတွက် အတွေ့အကြုံဗဟုသုတများ ဖလှယ်ရန်" ဖြစ်ပါသည်။

ညီလာခံ၏ရည်မှန်းချက်များမှာ-

(၁)အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ၏ ဆေးနှင့် ဆေးနှီးနွယ်ပညာသင်ကြားရေး ဆရာ ဆရာမများအတွက် "သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်ရာတွင် အခြေခံကျသည့် ပြောင်းလဲမှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပရန်။

(၂)အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ၏ ဆေးနှင့်ဆေးနှီးနွယ်တက္ကသိုလ်များ၊ ကျောင်းများ၏သင်ရိုးညွှန်းတမ်းတွင် ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များ၊ ဘာသာရပ်ဆိုင်ရာနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်စေမှု၊ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူနာဘေးကင်းမှုတို့အတွက် အကောင်းဆုံးဆောင်ရွက်နိုင်မည့်နည်းလမ်းများကို နှီးနှောဖလှယ်နိုင်ရေးအတွက် "အနာဂတ် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အစည်း ကိုလေ့ကျင့်ရန်" ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲ ကျင်းပရန်။

(၃) အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ဆေးပညာကောင်စီ၊ ဆေးပညာအသင်းများ၏ အရေးပါမှုနှင့်လုပ်ဆောင်မှုများကို ဖလှယ်နိုင်ရေးအတွက် "အရည်အသွေးစံချိန်မီမှုနှင့် အသိအမှတ်ပြုမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပရန်။

(၄) အရှေ့တောင် အာရှဒေသတွင်းနိုင်ငံများရှိ ဆေးနှင့်ဆေးနှီးနွယ်တက္ကသိုလ်များ၏ ဆန်းစစ်မှု နည်းလမ်းများကို ခေတ်မီစေရေးအတွက် လက်ရှိကျင့်သုံးလျက်ရှိသည့် ရည်မှန်းချက်များ၊ နည်းလမ်းများ၊ အရည်အသွေးမြှင့်တင်မှုအကဲဖြတ်မှုများကို ပြန်လည်ဆန်းစစ်ရန် 'ဆန်းစစ်မှု' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ရန်။

(၅) အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ၏ ဆေးနှင့်ဆေးနှီးနွယ်ပညာသင်ကြားရေး အကြီးအကဲများ၏ အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာလုံးဆိုင်ရာ ဆေးပညာသင်ကြားရေး အဖွဲ့ကြီး၏ နည်းဗျူဟာများကိုသက်ဆိုင်ရာနိုင်ငံများတွင် အကောင်အထည်ဖော် ကျင့်သုံးရန်နှင့် အရည်အသွေး ပိုမိုတိုးတက်လာစေရန် အကြံပြုချက်များရရှိစေရေး လွယ်ကူမြန်ဆန်စေရန်အတွက် ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

ညီလာခံတွင် ဆေးပညာသင်ကြားရေးနှင့်ပတ်သက်သော ဆွေးနွေးဟောပြောမှုများအပြင် ဆေးပညာ သင်ကြားရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ ဆေးပညာသင်ကြားရေးဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲများ၊ ပိုစတာပြိုင်ပွဲများကိုပါ ပူးတွဲကျင်းပသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်လက်ခံကျင်းပမည့် စတုတ္ထအကြိမ် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ဆေးပညာသင်ကြားရေးအသင်းညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုကိုခံယူကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နှီးနွယ်အဖွဲ့အစည်းများ၊ ဌာနတွင်းအဖွဲ့ အစည်းများ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆေးနှင့်ဆေးနှီးနွယ် တက္ကသိုလ်များနှင့် စနစ်တကျပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆေးပညာရှင်များနှင့် ဆေးပညာနှီးနွယ်ပညာရှင်များ၏ အရည်အသွေးပိုမိုတိုးတက်မြင့်မားရေးအတွက် အဆင့်မြှင့်ပညာရပ်များကို ပြည်တွင်းမှာဆက်လက်ဆည်းပူးစေနိုင်ရန်၊ ပညာရေးတက်လမ်းအခွင့်အလမ်းများကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်ပဘွဲ့လွန် သင်တန်းများ၊ လေ့လာရေးအစည်းအဝေးများ တက်ရောက်နိုင်သည့်အခွင့်အလမ်းရရှိစေရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိ။ ။

ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပံ့မှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

ကျော်စောမင်း

၁။ ကဗျာ

ဝေဖန်ရေးသမားများကို အခက်အခဲတွေ့စေသော အကျဉ်းအကျပ်များတွင် ကဗျာလည်းပါ၏။ ကြောင်ဝါဝါ နက်နက် ကြွက်ခုတ်ဖို့အဓိကဆိုသည့်မူကို မပြတ်သတိထားနေရသည်။ ကြောင်ဆိုသော စကားလုံးက ရှေ့ဆုံးမှလာသည်ကို သတိထားမိဖို့လိုသည်။ မဝါခင်၊ မနက်ခင်မှာ ကြောင်သည် ကြောင်ဖြစ်နေဖို့တော့လိုသည်။ ကဗျာသည် ဂန္ဓဝင်ပဲဖြစ်ဖြစ်၊ မော်ဒန်ပဲဖြစ်ဖြစ် ကဗျာတော့ အရင်ဆုံးဖြစ်ရမည်။ တေးထပ်က တေးထပ်ပုံစံဝင်ပြီး ကာရန်ညီရင်၊ လေးချိုးက လေးချိုးပုံစံဝင်ပြီး ကာရန်ယူပုံမှန်ရင် ကဗျာဖြစ်ရော မဟုတ်ဘူးလားဟု မေးလာသူရှိလျှင် ထိုသူသည် ကဗျာကို သဘောမပေါက်သေးသူသာဖြစ်မည်။ ကဗျာဆိုသည်မှာ စာလုံးများများရေးလာလေလေ အပြစ်များလာလေလေဖြစ်တတ်သည်။ ပျို့တို့၊ မော်ကွန်းတို့၊ သံပိုင်းတို့မှာ စင်းလုံးချောဖြစ်ခဲလှသည်။ ဘလ္လာတိယပျို့တို့၊ ဥမ္မာဒန္တီ ပျို့တို့တွင်မှာပင် ကဗျာမဖြစ်သော (ကာရန်ညီရုံမျှသာဖြစ်သော) ပါဒတွေပါနေတတ်သည်။ အသံတစ်ချက်စွန်းသွားလျှင်၊ စကားလုံးတစ်လုံးပိုသွားလျှင် ကဗျာပျက်သည်။ စာလုံးတစ်ရာကျော်ပါသော ကဗျာတစ်ပုဒ်တွင် စာတစ်လုံးမျှမှားရုံနှင့် ကဗျာပျက်ရ၊ ကဗျာအဖြစ်မှ လျှောကျရခြင်းမှာ နှမြောဖွယ်ကောင်းလှသည်။ ခေတ်ဟောင်းကဗျာတစ်ပုဒ်ဖြင့်ပဲ ဥပမာပေးပါမည်။

ဆတိုင်မွတ်ဦးကူးဟု နာမည်ကျော်သော ဆားတိုင်မွတ်ရွာ(ဆားဒိုင်မွတ်/စတိုင်မွတ်)မှ ဇာတ်ဆရာဦးကူးသည် ပြဇာတ်စာအရေးကောင်းသူဟု နာမည်ကျော်သည်။ သူ၏ ထင်ရှားသော လုပ်ရပ်များအနက် ရှေးဆရာများ၏ ပြဇာတ်များကို ထပ်ကွန့်ခြင်းလည်းပါသည်။ သူချဲ့ထွင်သော ရေသည်ပြဇာတ်မှ ရေသည်ယောကျ်ားညည်းချင်းတွင် ဤသို့ တွေ့မည်။

ဇွတ်ဆွဲပေါင်မြှောင်လို့
ဖွတ်မွဲရောင် ၂ ကောင်က, ပါတဲ့

ဖွတ်မွဲရောင်တွင် ရောင် ပိုနေသည်။ ထိုဖွတ်မွဲရောင်အတွက် အချီနဘေအဖြစ် ဇွတ်ဆွဲပေါင်မြှောင်ကို သုံးလိုက်ရာ ကဗျာ ပျက်သွားလေသည်။ ဇာတ်သီချင်းအဖြစ် အသံကအစပေပြစ်သော်လည်း ကဗျာအဖြစ်တွင်ကား

၁။ ယာတောလယ်
ငါပြောမယ်ရွှေရှင်ဘုရင်ရဲ့
နင်ဆင်ခြင်အုံး(ဦး)

၂။ အုပမှ နှမြောကြသလား
သုမနကျော ဒဏ်ရာတွေနဲ့
ပြန်ပါလေ မင်းနှင်လို့ပစ်တာဖြင့်
ဆိုသော ငိုချင်းတို့က ပိုနေရာကျသည်။

ဝေဖန်ရေးသမားများအတွက် ကဗျာကအကျဉ်းအကျပ်တွေ့စေသည်ဟုဆိုခြင်းတွင် ဤနေရာကျမှုကို ပြောခြင်းဖြစ်သည်။ ကဗျာဆိုသော်လည်း နေရာမကျလျှင် ကဗျာမဖြစ်ပေ။ တချို့မှာ တစ်သက်လုံး ကဗျာရေးလာပြီး စာအုပ်ပေါင်းများစွာ ထုတ်ဝေသည့်တိုင် "နေရာကျ"သော ကဗျာ ၁၀ ပုဒ် ပြည့်အောင်မရှိသည်ကို ကြုံဖူးပါသည်။ ကာရန်ညီရုံကလွဲပြီး ဘာမျှ ခိုးကျူးစရာမရှိသော ကဗျာမျိုးကို နေရာမကျဟု ဆိုရပါလိမ့်မည်။ ကဗျာသည် ကဗျာမဖြစ်မချင်း ကဗျာမဖြစ်ပါ။

၂။ အက်ဆေး

ဝေဖန်ရေးသမားများကို အကျဉ်းအကျပ်တွေ့စေသော နောက်တစ်ခုမှာ Essay ဖြစ်သည်။ ကျောင်းတွင် အက်ဆေးကို composition ဟုခေါ်သည်။ ဝေဖန်သုံးသပ်မှုကို analysis သို့မဟုတ် Assessment ဟု ခေါ်သည်။ ထို့ကြောင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးသုံးသပ်မှုများကို ဤခေါင်းစဉ်အောက်သွင်းသည်။ အခြေအနေတင်ပြသော သုတဆောင်းပါးကို feature ဟုခေါ်သည်။ အတိတ်အကြောင်းမှတ်မိသမျှ ရေးပြခြင်းကို memoir ဟုခေါ်သည်။ ခေတ်စားနေသော ပေါ်ပင်ဖြစ်ရပ်ကို ထင်မြင်ချက်ပေးလျှင် The matic note ဟုခေါ်သည်။ အနုအလှ အညွှန်အကွန့်တွေနှင့် ကလောင်စွမ်းပြခံစားမှုစာကို စာညွှန့် stylist writing ဟုခေါ်သည်။ Window dressing/Flowery piece ဟုလည်း ခေါ်သည်။ ထိုအရေးအသားအားလုံးသည် (ခေတ်က အက်ဆေးဟုလုံးချနေသည့်တိုင်) အက်ဆေးတစ်ခုမှမဟုတ်။ တူသယောင်ထင်ရသော်လည်း ဒစ္စကိုရှေ(သုတ်ဆေး)နှင့် ရှေ့ပြားအစစ်ရှေ့သင်္ကန်းတို့ ကွာသလောက်ပင်ကွာသည်။

အမှတ်ရစရာလူပုဂ္ဂိုလ်တို့အကြောင်း ကိုယ်ရေးမှတ်တမ်းကို biography ဟုခေါ်သည်။ သူတို့နှင့် ကြုံခဲ့ဖူးသမျှကို တို့ရုံ ထိရုံမျှပြလျှင် sketch (character sketch) ဟု ခေါ်သည်။ (ဆရာမင်းသုဝဏ်က ခဲခြစ်ပုံကြမ်းဟုသုံးသည်။) လမ်းကြုံ၍ ကျွန်တော့်ထင်မြင်ချက်တစ်ခုကို ပြောပါဦးမည်။ မြန်မာစာပေနယ်တွင် ပထမဆုံး sketch မှာ မော်ဘီဆရာသိန်း(မော်ပိ)ဆရာသိန်း)၏ ပညာယှဉ်ကြီးများအကြောင်းဖြစ်ပြီး ဒုတိယမြောက်မှာ ဒဂုန်တာရာ၏ ရုပ်ပုံလွှာဖြစ်မည်။ တတိယမှာ ဇေယျ၏ မြန်မာ့မျက်ပွင့်-လူ့ဓလေ့ဖြစ်ပါလိမ့်မည်။ နောက်ပိုင်းတွင်တော့ သက်ရှိရာဇဝင် (ဒေါက်တာမောင်မောင်)၊ ပရကထာ(ပါရဂူ)စသည်ဖြင့် တော်တော်များများ ထွက်ရှိခဲ့ရာ သတင်းထောက်များ၊ အယ်ဒီတာများ၏ အင်တာဗျူးများပါပါသည်။ အများစုမှာ မှတ်တမ်းမျှသာဖြစ်သည်။ ရုပ်ပုံလွှာ (ဒဂုန်တာရာ)ကား မြင်ပုံနှင့်တင်ပြပုံထူးခြားသည်။ လွမ်းရတဲ့သူတွေ (မင်းသစ်)ကတော့ ရွေးထွေးမှုနှင့် ချစ်ခင်မှုတို့ဖြင့် ထုံမွမ်းနေသည်။



အက်ဆေးအကြောင်းဆက်ပါမည်။ Sketch အပါအဝင် ဆိုခဲ့ပြီးသော စာအမျိုးအစားတို့ကို အက်ဆေး/စာမွန်/ရသစာတမ်းငယ်စသဖြင့် စာရင်းတင်လေ့ရှိပါသည်။ ၁၉၆၃ လောက်တွင်ထွက်သော ကုံကော်မြိုင်စာတန်းကြောင့် မြန်မာစာပေနယ်တွင် အက်ဆေးလှုပ်ရှားမှုအားကောင်းလာသည်။ စာမွန်ဟု ခေါ်ခဲ့ကြဖူးသော်လည်း ကျစ်လျစ်သော အစုအဝေးဖြစ်သည်။ ပါဝင်နိုင်ခွင့်ရှိသူများမှာ Poets(ကဗျာဆရာများ)၊ Essayists (စာတန်းဆရာ/စာမွန်ဆရာ/အက်ဆေးဆရာများ)နှင့် Novelists (အဆင့်မီလုံးချင်းဝတ္ထုဆရာများ) တို့သာဖြစ်သည်။ အစစာလုံးများကို အတိုကောက်အဖြစ် ယူသောကြောင့် PEN ဖြစ်လာသည်။ ဤသည်ကို ကြည့်လျှင်အက်ဆေးဆရာတို့ကို ဆရာဇော်ဂျီအစရှိသော ဦးဆောင်သူတို့က စာတန်းဟူသော အမည်သစ်ကို သုံးလိုက်ကြသည်။ စာတန်း၏ မူလအဓိပ္ပာယ် နှစ်ခုရှိသည်။ စာတန်းထိုးသော sub-title နှင့် တစ်တန်းတည်းရေးထားသော စာကြောင်းဟုဖြစ်ကြသည်။ ဆရာဇော်ဂျီတို့က တတိယအဓိပ္ပာယ်အဖြစ် အက်ဆေးဟူသောအဓိပ္ပာယ်ကို ထပ်ထည့်ပေးခြင်းဖြစ်သည်။ ၁၉၆၃ မှ ၁၉၆၈ အထိ ခေတ်ကို စာတန်းအခြေတည်သော (၀၊) အက်ဆေးလှုပ်ရှားမှုစတင်သောကာလဟု ဆိုလျှင် ရကောင်းပါသည်။ ငွေတာရီမဂ္ဂဇင်းက တက္ကသိုလ်ဝန်းကျင်မှ စာပေသမားများ လက်သွေးရန်ဟု တက္ကသိုလ်ကဏ္ဍကို ဖွင့်ရာ ကုံကော်မြိုင်စာတန်းများထွက်အပြီးတွင် တက္ကသိုလ်ကဏ္ဍစာတန်းဟူ၍ ပေါ်လာသည်။ ကုံကော်မြိုင်စာတန်းအပြီးတွင် စိတ်ပင်လယ်စာတန်း၊ စိန်ပန်းမြိုင်စာတန်း၊ ဇေယျစာတန်း စသဖြင့် ဆက်တိုက်ထွက်လာကြသည်။ တကယ်ဆိုလျှင် အက်ဆေးကို စာတန်းဟု လက်သင့်ခံခဲ့ဖို့ကောင်းသည်။ သို့သော် ပညာရှင်ကို လက်ညှိုးထိုးရင်းက ကိုယ့်ကိုယ်ကိုယ် မကျက်တကျက် ပေါင်မုန့်ဟုဝန်ခံမိရာ ကျသွားသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ပယောဂကြောင့် စာတန်းအမည်ကို ဆက်သုံးခွင့်မရတော့။

စာပေနယ်တွင် အက်ဆေးသမား၏ ဂုဏ်သည်ကြီးမြင့်၏။ ကမ္ဘာကျော်သည့် နိုင်ငံတကာစာပေ အဖွဲ့ကြီးဖြစ်သော PEN ကို ကြည့်ပါ။ စတင်တည်ထောင်ခါစက PEN Club ဟု ခေါ်ခဲ့ကြသည်။ Society မှာ အသိုက်အဝန်းသဘောပိုဆန်သည်။ Association မှာ စည်းစနစ်တင်းကျပ်သော အသင်းကြီးသဘောဖြစ်ပြီး Club မှာ စာပေနယ်တွင် ထိပ်တန်းတစ်နေရာပေးထားကြောင်းတွေ့မည်။

ယနေ့ခေတ်၏ အနုပညာနိဿယကို ပြောရာတွင် divergent, convergent and assimilative ဟု သုံးစွဲတတ်ကြသည်။ Coherent, mutant စသည်ဖြင့်လည်း သုံးသည်။ ကဗျာနှင့် စကားပြေရောထွေးလာခြင်း၊ ဆောင်းပါးနှင့် ဝတ္ထုရောထွေးလာခြင်းကဲ့သို့သော သဏ္ဌာန်ပြောင်းမှုကို ဆိုလိုသည်။ ဤအချက်ကို အက်ဆေးတွင် ထင်ထင်ရှားရှားတွေ့ရသည်ဟု ဆိုကြပါသည်။ ကဗျာလိုလို အက်ဆေး၊ ဆောင်းပါးလိုလိုအက်ဆေး၊ ဝတ္ထုလိုလို အက်ဆေးတို့ပေါ်လာခြင်းဖြစ်သည်။ ထိုအထဲတွင် ဝေဖန်ရေးဆရာတို့ကို အခက်ကြုံစေသည်မှာ အက်ဆေးလိုလို ဆောင်းပါးများ၊ အက်ဆေးအမည်တပ်ထားသော ဆောင်းပါးများဖြစ်သည်။

အက်ဆေးတွင် အဓိကမှာ "ဝိညာဉ်" ဖြစ်သည်။ အက်ဆေးကောင်းများသည် ဝိညာဉ်ရှိကြ၏။ ရှင်သန်ကြ၏။ ရေးသားပုံ၊ တင်ဆက်ပုံ၊ ဖော်စပ်ပုံဘယ်လိုပင်ပြောင်းစေဦး ဝိညာဉ်ကတော့ ပါမြဲသာဖြစ်သည်။ ဝိညာဉ်ကို အက်ဆေး၏ အနှစ်ဟု ပြောကြပါစို့။ လေးစားလောက်သော ပန်းချီကားတစ်ကား၊ ပန်းပုရုပ်တုတစ်ခုတို့တွင် ဝိညာဉ်ရှိသည်။ ရှင်သန်နေသည်။ ဘယ်နှခါပြန်ကြည့်ကြည့် "လှုပ်ခါ"နေသည်ကို ခံစားရမည်။ အနုပညာပစ္စည်းတစ်ခုမှ လွှင့်ထုတ်နေသော အင်အားနှင့် ခံစားသူ၏ နှလုံးသားထဲမှ အနုပညာခံယူမှု အင်အားတို့ တွန်းတိုက်ရိုက်ခတ်မိပြီး "လှုပ်ခါ"သွားခြင်းဖြစ်သည်။ ဦးရဲဒင်၏ ကစားရွယ်ကဗျာ၊ ကြည်အေး၏ ခွင့်လွှတ်ပါ့ဖုန်း ကဗျာ၊ နိုင်ဝင်းဆွေ၏ နွေတစ်ည ဝတ္ထု၊ လီယိုနာဒိုဒါဗင်ချီ၏ ဂျနီဗရာ ပန်းချီကား၊ ဦးသိန်းညွှန့်၏ မြတ်ရွှေတိဂုံပန်းချီကားတို့တွင် "လှုပ်ခါ" ခဲ့ဖူးလျှင် အလွယ်သဘောပေါက်နိုင်ပါသည်။

အက်ဆေးသည် ဤလို လှုပ်ခါမှုကိုပေးနိုင်သော ဝိညာဉ်ရှိ၏။ ထိုဝိညာဉ်ကို အက်ဆေး၏ အနှစ်ဟု ဆိုလျှင် အရေးကြီးသော နောက်တစ်ချက်ကို ပြောလိုပါသေးသည်။ ဂုဏ်အင်္ဂါဟုခေါ်ဆိုရမည့် ထိုအချက်မှာ ပေ့ါပါးခြင်းဖြစ်သည်။ ရင်းနှီးနွေးထွေးမှုကို ခံစားရသည်။ ဇေယျ၏ မြခက်ကလေးရဲ့ မျက်နှာနှင့် ဇော်ဂျီ၏ နွေဦးကျက်သရေတို့ကို အသင့်ဆွဲယူနိုင်သော ဥပမာအဖြစ် ပြရပါမည်။ အတင်းရိုက်သွင်းနေတာမျိုး၊ ချော့မော့စည်းရုံးနေတာမျိုး၊ ဟိတ်တစ်လုံးဟန်တစ်လုံးဖြင့် အချက်အလက်တွေ တင်ပြနေတာမျိုးမရှိ။ သူငယ်ချင်းချင်း ပေ့ါပေ့ါပါးပါး ပြောချင်ရာပြောနေတာမျိုးသာရှိသည်။

ယခုကာလတွင် အက်ဆေးပေါင်းချုပ်စာအုပ်များ များစွာထွက်ရှိလာကြပါသည်။ အမျိုးသားစာပေဆုအတွက် တာဝန်ရှိသူများကပင် အက်ဆေးကို စာပေဆုတစ်ဆုအဖြစ် တိုးမြှင့်ပေးရန် ကြံရွယ်နေကြပြီဟု ကြားရသည်။

၃။ သိပ္ပံဝတ္ထု

သိပ္ပံတွေ့ရှိချက်များကိုသာ အဓိကဘာသာပြန်ခဲ့သူတစ်ဦး စာပေဆုခပ်ကြီးကြီးတစ်ခု ရသွားဖူးသည်။ ဆေးပညာ၊ စိုက်ပျိုးရေးပညာ စသည်ဖြင့် ကိုယ်ကျွမ်းကျင်သိမီသော ပညာရပ်တစ်ခုခုကို တစိုက်မတ်မတ် ရေးနေကြသူများရှိသည်။ သို့သော် သိပ္ပံဝတ္ထုရေးသူကား ရှားသည်။ ဝတ္ထုရေးဖွဲ့မှုတွင်လည်း ကျွမ်းကျင်ရပြီး ရူပဗေဒမှ ရှေးဟောင်းသုတေသနပညာအထိ အကြောင်းအရာကောနည်းစနစ်ပိုင်း၊ သုတေသနပိုင်းတို့တွင်ပါ တီးမိခေါက်မိရှိရသည်။ တီထွင်နိုင်မှုအလားအလာများကိုလည်း ကြိုတင်ခန့်မှန်းနိုင်သော ဉာဏ်ရှိရပါဦးမည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ရေးခဲ့သည့် သိပ္ပံဝတ္ထုအများစုမှာ ယနေ့အဖို့ ရယ်စရာဖြစ်နေတတ်သည်ကိုကြည့်လျှင် သဘောပေါက်နိုင်ကြပါသည်။

မြန်မာသိပ္ပံဝတ္ထုများတွင် ကျွန်တော်ပထမဆုံး ဖတ်မိသည်မှာ သခင်ဘသောင်း၏ နေပြိုင်သူရဲ (စာပေဗိမာန်ထုတ်)ဖြစ်သည်။ မြန်မာပြည်မှ လွတ်တင်သော ဒုံးပျံယာဉ်ဖြင့် ကမ္ဘာတစ်ပတ်ကို ၂၄ နာရီဖြင့် ခရီးနှင်ခြင်းအကြောင်းဖြစ်သည်။ စိတ်ကူးယဉ်ဝတ္ထုဖြစ်သည့်အပြင် သိပ္ပံသီအိုရီများ အားနည်းသဖြင့် ကလေးစာပေ၊ လူငယ်စာပေအဆင့်သာရှိသည်။

နောက်တစ်အုပ်က စုံထောက်ဝတ္ထုဖြစ်သည်။ လက်နက်ဆန်းများ၊ ပစ္စည်းဆန်းများအကြောင်း ထည့်ရေးလေ့ရှိသော်လည်း အခံနည်းပုံ ရသည်။ ဟိုက်ဒရိုသာရဖီ ရောင်ခြည်သေနတ်ဆိုတာမျိုးပင်ပါသည်။ (Hydrotherapy မှာ ဆေးပညာတချို့တွင်သုံးသော ရေကုထုံးဖြစ်သည်။)

ကျော်စိန်မင်းကတော့ သိပ္ပံဝတ္ထုရေးဆရာဟုပင် နာမည်ခံသူဖြစ်သည်။ အာကာသခရီးသွားခြင်း၊ ကွန်ပျူတာ တည်ဆောက်ခြင်း၊ အခြားကမ္ဘာမှ ဗြိုဟ်သားစသော ဇာတ်လမ်းများကိုဆင်ရာတွင် လေ့လာအားကောင်းသည့်အပြင် ရူပဗေဒဘွဲ့ရတစ်ယောက်ဖြစ်၍ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ ဖိအား၊ ဇီဝဖြစ်စဉ်စသော အခြေခံများကို နားလည်နေ၍ သူ၏သိပ္ပံဝတ္ထုများတွင် အချက်အလက်ခိုင်မာမှုမချို့ယွင်း။ အချို့သိပ္ပံစာရေးဆရာ၊ ဝတ္ထုရေးဆရာများသည် ကိုယ်မနိုင်သော ပညာရပ်လိုင်းကိုပါ ဝင်ရောက်ကျက်စားကာ အသံထွက်အလွဲများ၊ ဖွင့်ဆိုချက်အလွဲများ ပေးမိတတ်သည်။ ကျော်စိန်မင်းကတော့ သေချာအောင်လုပ်တတ်သူဖြစ်သည်။ သို့တိုင်အောင်ပင် တစ်နေရာနှစ်နေရာ၌ ဆိုင်းရပ်ကြယ်ဟု တွေ့လိုက်ရသေးသည်။ ပုဏ္ဏဖုဿနက္ခတ်မှ သင်္ဘောပွဲကြယ် SIRIUS ကို ပြောခြင်းဖြစ်လျှင်တော့ ဆီးရီးယပ်စ် သို့မဟုတ် ဆိုင်းရီးယပ်စ်ဖြစ်ရမည်ထင်ပါသည်။

ဤဝတ္ထုများကို ဖတ်ခြင်းဖြင့် လူငယ်များတွင် ဘာမှ အနှုန်းပေါ်စရာမရှိသည်ကတော့ အမှန်ဖြစ်သည်။ ဒြပ်တို့၏ သဘော စသော အခြေခံဗဟုသုတများပင် ရကြဦးမည်ဖြစ်သည်။ (လူနှင့် အခြားသိပ္ပံဝတ္ထုတိုများ။ ကျော်စိန်မင်း။ ဆန်းစသော်တာ။ ၂၀၁၆ အောက်တိုဘာ။)

> ကဗျာသည် ဂန္ဓဝင်ပဲဖြစ်ဖြစ်၊ မော်ဒန်ပဲဖြစ်ဖြစ် ကဗျာတော့ အရင်ဆုံးဖြစ်ရမည်။ တေးထပ်က တေးထပ်ပုံစံဝင်ပြီး ကာရန်ညီရင်၊ လေးချိုးက လေးချိုးပုံစံဝင်ပြီး ကာရန်ယူပုံမှန်ရင် ကဗျာဖြစ်ရောမဟုတ်ဘူးလားဟု မေးလာသူရှိလျှင် ထိုသူသည် ကဗျာကို သဘောမပေါက်သေးသူသာဖြစ်မည်။

သာမညဖလသုတ်ကျေးဇူးတရားများနှင့် တန်ဆောင်တိုင်ပွဲတော်ဆင်နွှဲ

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)ကို လူတို့က အမျိုးမျိုးအဖုံဖုံဆိုကြ၏။ နက္ခတ်ပူဇော်သောနေ့၊ မီးထွန်းပွဲတော်ကျင်းပသောနေ့၊ ဆေးပေါင်းခသည့်နေ့၊ တာဝတိံသာရှိစူဠာမဏိစေတီတော်ကို ရည်စူးပူဇော်သောနေ့ ဟူ၍ပြောဆိုကြ၏။ မည်သို့ပင်ဖြစ်စေ ဤနေ့ ဤရက်သည် အဇာတသတ်မင်းက မြတ်စွာဘုရားရှင်အား ရဟန်းပြုရခြင်း၏ မျက်မှောက်အကျိုး၊ (သာမညဖလ)ကို ဟောကြားပေးတော်မူပါရန် လျှောက်ထားသည့်အကြောင်းအရင်းကို အခြေခံသည့် မမေ့အပ်သောတရား ဟောကြားတော်မူသောနေ့ဖြစ်၏။

ဤနေ့တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သာမညဖလ သုတ်တရားတော်သည် အဖိုးတန်သော ဖြစ်ရပ်တစ်ခုအကြောင်း ပြုသည့် မမေ့အပ်သော တရားတော်ဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့တွင် ထိုတရားတော်နှင့်ဖြစ်စဉ်တို့ကို ကြည်ညိုသဒ္ဓါ ပွားများကြရန်လိုပေသည်။ သာမညဖလတရားတော်၏ အနှစ်ဖြစ်သော ရဟန်းပြုခြင်းအကျိုးမှာ-

မင်းခစားဘဝနှင့်မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ခြင်း၊ အခွန်ထမ်းဆောင်မှုမှ ကင်းလွတ်ခြင်း၊ ပါတိမောက္ခ သံဝရသီလနှင့်ပြည့်စုံသဖြင့် အပါယ်ဘေးမှ ကင်းဝေးခြင်း၊ ဒုစရိုက်ကိုရှောင်သဖြင့် ဒုစရိုက်ဒုက္ခမှ ကင်းလွတ်၍ စူဠသီလနှင့်ပြည့်စုံခြင်း၊ ပွဲသဘင်အမျိုးမျိုးကစားပွဲအမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈသီလနှင့်ပြည့်စုံခြင်း၊ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်း စသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝ ပါရိသုဒ္ဓိသီလနှင့်ညီညွတ်၍ မဟာသီလနှင့်ပြည့်စုံခြင်း၊ သတိသမ္ပဇဉ် ဆင်ခြင်တုံတရားနှင့်ပြည့်စုံခြင်း၊ သန္တောသ ရောင့်ရဲမှုရှိခြင်း၊ နိဝရဏာစျာန် အစရှိသော ကုသိုလ်တရားများကို တားမြစ်ပိတ်ပင်တတ်သော နိဝရဏ ငါးပါးမှ လွတ်ကင်းခြင်း၊ စျာန်တရားရနိုင်ခြင်းနှင့် ဝိဇ္ဇာရှစ်ပါးနှင့်ပြည့်စုံ၍ မဂ်ဖိုလ်ရနိုင်ခြင်းအကျိုးတရားများကို ရရှိနိုင်ပါသည်။

သာမညဖလသုတ်တော် နာကြားရသည့် ထိုအကျိုးတရားများမှာ အဇာတသတ်မင်းက အရဟံ ဟူသောအသံကို ကြားသိရပြီး လူ၊နတ်၊ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်ထူးကို ခံယူတော်မူထိုက်သော မြတ်ဘုရားရှင်အား ဆည်းကပ်ရခြင်း၊ ကိလေသာအညစ်အကြေးတို့မှ ကင်းစင်ငြိမ်သက်တော်မူသော ရဟန်းတော်များနှင့် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့နှင့် လွန်စွာတင့်တယ်တော်မူလှသော မြတ်စွာဘုရားနှင့် သားတော်ရဟန်းတော်များကို ဖူးတွေ့ရသောအခါ ထိုရဟန်းတော်များကဲ့သို့ သားတော်အပေါ်တွင် စီးဆင်းခဲ့သော စေတနာများသာမက ဖခမည်းတော်ကို သတ်ခဲ့မိသည့်အပြစ်ကို သည်းခံတော်မူပါဟု ကန်တော့တောင်းပန်ခြင်းတို့ပြုခဲ့သော အချိန်ဖြစ်သည်။

သာမညဖလတရားတော်၏ အကျိုးသွားကြောင့် ရဟန်းအဖြစ်၏ မျက်မှောက်အကျိုးနှင့်စိတ်တည်ငြိမ်မှု၊ စိတ်ကြည်လင်မှု ဓမ္မအကျိုးကို သိရသည်။ ဘုရားတပည့်တော်သည် ထိုမှစ၍ မြတ်စွာဘုရားရှင်၊ တရားတော်နှင့်သံဃာတော်တို့အား ဆည်းကပ်ကိုးကွယ်နိုင်သည်။ မှီခိုနိုင်သည်။ အားထားနိုင်သည်။ ဤသည်မှာ တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းအား ဘုရားရှင်က သာမညဖလသုတ်ကို ဟောတော်မူခဲ့သည့် အဖိုးတန်သောဖြစ်ရပ်နှင့်မမေ့အပ်သောတရားဖြစ်သည်။

မျက်မှောက်ကာလ ကျွန်ုပ်တို့အနေဖြင့်လည်း တန်ဆောင်မုန်းလပြည့်ညတွင် ဟောကြားတော်မူသော သာမညဖလတရားတော်ကို မမေ့မလျော့ဖို့လိုမည်။ မိမိတို့သားများကိုလည်း စစ်မှန်သော၊ မွန်မြတ်သော ရဟန်းပြုရသည့် အကျိုးသွားများ ရရှိနိုင်အောင် ဆင်ခြင်ဖို့လိုမည်။ မိဘကိုပြစ်မှားတတ်သောကာလတွင် အဇာတသတ်မင်းကဲ့သို့ အသိတရား၊ သတိတရားများဖြင့် ဆင်ခြင်သင့်သည်။

တန်ဆောင်မုန်း၊ တန်ဆောင်တိုင်ညမှာ ရုပ်လောကအဖို့ အသာယာဆုံး၊ အတင့်တယ်ဆုံးဖြစ်သည်သာမက နာမ်လောကတစ်ခွင်တွင်လည်း ကိလေသာ မှောင်မည်းညစ်ညူးမှုတို့ကို ပြာချဖြိုခွင်းတော်မူသောနေ့၊ အလင်းရောင်ဖြစ်စေသောညဟု မှတ်ယူစေသင့်သည်။ တန်ဆောင်မုန်းလပြည့်နေ့ ညတွင် အာကာသတစ်ခွင် မိုးပြာရောင်ကောင်းကင်တစ်ခွင်တွင် နက္ခတ်စုံ၍ စိတ်တွင်ကြည်နူး ချမ်းမြေ့ခြင်းကိုဖြစ်စေသည်။ ထိုကဲ့သို့သာယာလှပသောညအခါတွင် ကောင်းမှုကုသိုလ်များ ပြုသင့်သည်။

အပျော်လွန်ကဲမှုများကို ရှောင်ရှား၍ ကုသိုလ်ထူးကိုပြုခြင်းဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အထူးဆည်းကပ်နိုင်ကြစေရန် တိုက်တွန်းပါသည်။ သာမညဖလအခါတော်နေ့တွင် တရားတော်လာအတိုင်း ဘုရား၊ တရား၊ သံဃာနှင့်မိဘကျေးဇူးတို့ကို အထူးသိမြင်ပြီး မွန်မြတ်သော သားရတနာများအဖြစ် သွတ်သွင်းနိုင်ကြစေရန် ဆန္ဒပြုပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ် တန်ဆောင်တိုင်ပွဲတော်ကို ဆင်နွှဲနိုင်ကြပါစေသတည်း။ ။

(စာတည်း)

မသိုးသက်နီးယှဉ်ပြိုင်ရက်လုပ်ကပ်လှုပ္ပဲ့ ကမ္ဘာအေးစေတီနှင့်ကျိုက္ကဆံစေတီတော်တို့ ၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေ့ထုံးထမ်းအစဉ်အလာနှင့်အညီ ကျင်းပသည့် မသိုးသက်နီးတော် ယှဉ်ပြိုင်ရက်လုပ်ပွဲကို ယနေ့ညနေပိုင်းတွင် ကမ္ဘာအေးစေတီနှင့် ကျိုက္ကဆံစေတီတို့၌ ကျင်းပသည်။

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာသာသနာ့ သမိုင်းဝင်သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၉) ကြိမ်မြောက် မသိုးရွှေကြာ သက်နီးယှဉ်ပြိုင်ရက်လုပ်ပွဲကို ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မသိုးသက်နီးတော်များကို သတိသမ္ဘောဇျင်၊ ဓမ္မဝိစယသမ္ဘောဇျင်၊ ဝီရိယသမ္ဘောဇျင်၊ ပီတိသမ္ဘောဇျင်၊ ပဿဒ္ဓိသမ္ဘောဇျင်၊ သမာဓိသမ္ဘောဇျင်နှင့် ဥပေက္ခာသမ္ဘောဇျင် စသည့် စင်တော် ခုနစ်စင်တို့ဖြင့် အမျိုးသမီးငယ်များက အဖွဲ့လိုက် ယှဉ်ပြိုင်ရက်ခတ်ကြသည်။

အလားတူ သယ်နီးကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကဆံ ဆံတော်ရှင်စေတီတော်၌ စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၃၇)ကြိမ်မြောက် မသိုးရွှေကြာသက်နီး ရက်ခတ်ယှဉ်ပြိုင်ပွဲကို ညနေပိုင်းတွင် စေတီတော်ရင်ပြင်စနေထောင့်ရှိ ကျင်းပရေးဗဟိုမင်္ဂလာ မဏ္ဍပ်ရှေ့၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သန္တာစင်တော်၊ ကျောက်စိမ်းစင်တော်၊ ပတ္တမြားစင်တော်၊ နီလာစင်တော်နှင့် ပုလဲစင်တော် စသည့်စင်တော်ငါးစင်ဖြင့် အမျိုးသမီးငယ်များက မသိုးသက်နီးတော်များကို ယှဉ်ပြိုင်ရက်ခတ်ကြသည်။

အဆိုပါ မသိုးသက်နီးရက်ခတ်ပွဲမှ ရရှိသည့် သက်နီးတော်များကို ဗုဒ္ဓဝိနည်းတော်နှင့်အညီ အလျား၊ အနံ၊ အတိုင်းအထွာ စံမီသည့် မသိုးရွှေကြာသက်နီးတော်များအဖြစ် ချုပ်လုပ်ကာ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၁၄ရက်) နံနက် အရုဏ်ဦးတွင် သက်ဆိုင်ရာ စေတီတော် ဩဝါဒဆရာတော်ကြီးများ ၊ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပြည်သူများက တန်ဆောင်တိုင် ဆီမီးထွန်းညှိုးဂေါ်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲတို့နှင့်အတူ သက်ဆိုင်ရာစေတီတော်များနှင့် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်တို့၌ ဆက်ကပ်လှူဒါန်းကြသည်။ **(ကိုချစ်)**

✿ ရွှေတိုဂုံမှ

အဆိုပါပြိုင်ပွဲတွင် ရွှေတိုဂုံစေတီတော် အခြေပြုဘာသာရေးအသင်းအဖွဲ့ကိုးဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆုရရှိသည့် မသိုးသက်နီးများကို ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားတို့ကို ဝါစဉ် အလိုက် တန်ဆောင်မုန်းလပြည့် နေ့နံနက် ၄ နာရီတွင် ဆက်ကပ်ပူဇော်သွားမည်ဖြစ်ပြီး နှစ်သိမ့်ဆုရရှိသည့် သက်နီးများကို ပတ္တမြားမျက်ရှင်ဘုရားနှင့် တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ ရာဟုထောင့်နှင့် စနေထောင့်တို့ရှိ ဘုရားများတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မသိုးသက်နီးယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲများကို ရန်ကုန်မြို့ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် (၃၄)ကြိမ်မြောက် အဖြစ်လည်းကောင်း၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၂၆)ကြိမ်မြောက် အဖြစ် လည်းကောင်း ပြုလုပ်ကြောင်း သိရသည်။ **သတင်း-ဇာနည်မောင်**
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

တန်ဆောင်တိုင်ပွဲတော်အကြိုနေ့များတွင် စစ်တွေမြို့မဈေးကြီးစည်ကားနေ

စစ်တွေ နိုဝင်ဘာ ၁၃

တန်ဆောင်တိုင်ပွဲတော်၏ အကြိုနေ့များဖြစ်သော သောကြာ၊ စနေနေ့များတွင် ပြည်နယ်မြို့တော် စစ်တွေမြို့ရှိ မြို့မဈေးကြီးတွင် ဈေးဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

စနေ၊တနင်္ဂနွေနှင့် တန်ဆောင်တိုင် ပွဲတော်ရက်အပါအဝင် ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက် သုံးရက်ဆက်တိုက် ဖြစ်နေခြင်း၊ရာသီဥတု သာယာခြင်း၊ ကထိန်ပွဲများရှိနေခြင်း၊ မြို့နယ်အသီးသီးမှ ဈေးဝယ်လာသူများပြားခြင်း၊ ဆွမ်းတော်ကြီးလောင်းပွဲများရှိနေခြင်းတို့ကြောင့် ဈေးဝယ်သူများ ပြားခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် စားကုန်ပစ္စည်းများနှင့် လျှုဖွယ်ပစ္စည်းများ၊ အချိုရည်များအရောင်းကောင်းကြောင်းသိရသည်။

"ပုံမှန် နေ့တိုင်းတော့ အရောင်းမကောင်းပါဘူး။ အရောင်းကောင်းတာ တစ်ပတ်လောက်ရှိပါပြီ။ ဒီတစ်ရက်နှစ်ရက်တော့ ကထိန်ပွဲတွေများပြားတာကြောင့် မြို့နယ်အသီးသီးက ဈေးဝယ်လာသူလည်း များပါတယ်။ ရုံးပိတ်ရက် သုံးရက် ဆက်တိုက်ဖြစ်နေတော့ ဝန်ထမ်းတွေ ၊ အလုပ်သမားတွေ ဈေးဝယ်လာတာလည်းတွေ့ရှိရပါတယ်။ အထူးသဖြင့်အသင့်စားသုံးရသည့် ပစ္စည်းတွေ ရောင်းရပါတယ်"ဟု စစ်တွေ မြို့မဈေးကြီးမှ စားကုန်ရောင်းနေ သူဦးကျော်သာက ပြောပြသည်။

ပြည်နယ်(မြန်/ဆက်)
❖

❍ ကျောဖုံးမှ

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဆူဇူကီးဖလားပြိုင်ပွဲမတိုင်ခင်မှာ အိုမန်အသင်းလို အာရှထိပ်သီးအသင်းတစ်သင်းနဲ့ကစားခွင့်ရတာတကယ်ကိုကောင်းမွန်ပါတယ်။အင်ဒိုနီးရှားနဲ့ပွဲအပြီးမှာအသင်းကိုသေချာပြင်ဆင်ထားပြီး အဲဒီပွဲနဲ့မတူတဲ့ကစားပုံတွေကို တွေ့မြင်ရမှာပါ။ ကျွန်တော့် အနေနဲ့အခုပွဲမှာရလဒ်ပိုင်းထက်အသင်းကစားပုံ၊ နည်းဗျူဟာနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်တွေကိုပဲဦးစားပေးသွားမှာပါ။ ပြိုင်ပွဲနဲ့နီးကပ်နေပြီဖြစ်တာကြောင့် ဒဏ်ရာမရအောင်ကစားမှာဖြစ်ပေမယ့်ဒဏ်ရာဆိုတာက ပွဲကစားမှုမဟုတ်ဘဲ လေ့ကျင့်ရင်းကလည်းရတတ်ပါတယ်။ အခုအချိန်မှာ ဆူဇူကီးဖလားပြိုင်ပွဲအတွက် အာရုံစိုက်ထားပြီး ကျွန်တော်ကိုယ်တိုင်အပြင် ကစားသမားတွေ အားလုံးကို ဘောလုံးကိုပဲ အာရုံစိုက်ခိုင်းထားပါတယ်"ဟုပြောသည်။

အိုမန်လက်ရွေးစင်အသင်းနည်းပြ လိုပက်ဇ်အာဂိုက " မြန်မာအသင်းရဲ့ကစားပုံကို သေချာလေ့လာပြီးပါပြီ။ ကစားပုံကောင်းမွန်ပြီး တစ်ဦးချင်းခြေစွမ်းကောင်းမွန်တဲ့သူ တွေရှိပါတယ်။ ဒီပွဲကို အကောင်းဆုံးယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အနိုင်ရဖို့မျှော်လင့်ပါတယ်။ ဒီပွဲအတွက် အကောင်းဆုံးကစားသမားတွေကို ရွေးချယ်လာတာဖြစ်ပြီးလူငယ်ကစားသမားအများစုပါဝင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကစားသမားတွေအနေနဲ့ပွဲအတွေ့အကြုံ အများကြီးလိုပါတယ်။ ကျွန်တော်တို့အတွက်အရေးကြီးတဲ့ပွဲဖြစ်ပြီး ပွဲကောင်းတစ်ပွဲဖြစ် လာမှာပါ" ဟု ပြောသည်။ နည်းပြ လိုပက်ဇ်သည် စပိန်လာလီဂါနာမည်ကြီးကလပ် နီးယဲလ်မက်ဒရစ်အသင်းကိုကိုင်တွယ်ဖူးပြီး အာရှအသင်းများတွင် နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။ အိုမန်အသင်းသည် နိုဝင်ဘာ ၁၁ ရက်က ဂျပန်လက်ရွေးစင်အသင်းနှင့်ဂျပန်နိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

သတင်း၊ဓာတ်ပုံ-ရွှိုင်းထက်ဇော်

ဣဒ္ဓိမဟာနာဂရာဇာမြို့ဦး ဆုတောင်းပြည့်စေတီတော် ရွှေပန္နက်တော်တင် ရွှေတွင်းတော်ဝန်းမဂ်လာအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ဣဒ္ဓိမဟာနာဂရာဇာမြို့ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ရွှေပန္နက်တော်တင် ရွှေတွင်းတော်ဝန်းမဂ်လာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၂၅ မိနစ်တွင် ဣဒ္ဓိနန္ဒာရာမ ပရိယတ် ပဋ္ဌိပတ်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံယာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များကအလှူငွေကျပ် ၆၆စဉ့စဝ၀၀၀ ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဣဒ္ဓိဗလထံမှ အနုမောဒနာတရား နာကြားကြသည်။

ယင်းနောက် ရွှေပန္နက်တော်တင် ရွှေတွင်းတော်ဝန်း မဂ်လာအခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာတွန်းဦးဘဂျမ်းလမ်း၌ ကျင်းပသော ကာတွန်းပြပွဲ၊ ပြိုင်ပွဲ လာရောက်ကြည့်ရှုသူများပြား

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၃)လမ်း(အောက်ဘလောက်)ကာတွန်းဦးဘဂျမ်းလမ်း၌ ကျင်းပသော ကာတွန်းပြပွဲ၊ ပြိုင်ပွဲ၊ မီးထွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိကျင်းပနေပြီဖြစ်ရာ ကာတွန်းပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို ယနေ့ညနေ ပိုင်းက တွေ့မြင်ရသည်။ **(ယာဝုံ)**

အဆိုပါပွဲ၌ ကာတွန်းပညာရှင်ဆရာ ၁၅၀ ကျော်၏ မူရင်းလက်ရေးဖြင့်ရေးဆွဲထားသည့် ကာတွန်းပြကွက်ပေါင်း ၄၀၀ ကျော်ကို ခင်းကျင်းပြသထားပြီး ပွင့်လင်းမြင်သာသောခေတ်ဖြစ်လာပြီဖြစ်သောကြောင့် ကာတွန်းဆရာများ၏ အတွေးအမြင်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ ကာတွန်းပြကွက်များကို ထည့်သွင်းပြသထားသည်။ ကာတွန်းပြပွဲ၊ ပြိုင်ပွဲ၊ မီးထွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် လမ်းသူလမ်းသားများက ကုန်ကျခံဆောင်ရွက်ခြင်းဖြစ်ပြီး ယခုနှစ်တွင် ကာတွန်းပညာရှင်ဆရာ ၁၂၀ ကျော်နှင့် ကွယ်လွန်သွားပြီဖြစ်သော ကာတွန်းပညာရှင်ဆရာကြီး ၁၁ ဦး၏ မူရင်းလက်ရေးဖြင့်ရေးဆွဲထားသည့် အမှတ်တရ ကာတွန်းပြကွက်စာအုပ်များကိုပါ ပြည်သူများ ဝယ်ယူနိုင်သည့်စျေးနှုန်းဖြင့် ဦးဘဂျမ်းလမ်းကာတွန်းဖြစ်မြောက်ရေးကော်မတီမှ ရောင်းချပေးကြောင်း သိရသည်။

ကာတွန်းပြိုင်ပွဲတွင် ဆုဆွတ်ခူးရရှိကြသူများအား ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆုငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုနှစ်ဆုကို ငွေကျပ်ငါးသောင်းစီပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကာ ဆုပေါင်း ငါးဆုပါဝင်မည်ဖြစ်သည်။ ဆုများကို (၁၃)လမ်း(အောက်ဘလောက်)၌ နိုဝင်ဘာ ၁၄ ရက် ညနေ ၅ နာရီမှစတင်ကာ ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားစွာကျင်းပမည်ဖြစ်သည်။

ဦးဘဂျမ်းလမ်းကာတွန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မေသူက "အရင်တုန်းကတော့ကာတွန်းဆရာကြီးတွေက ကိုယ်ရေးဆွဲမယ့် ကာတွန်းတွေကို လမ်းထဲကအောက်ခန်းတွေမှာ လာရောက်ရေးဆွဲကြပါတယ်။ အခုတော့ အခန်းအခက်အခဲနဲ့ လာရတဲ့အခက်အခဲတွေကြောင့် ကျွန်မတို့က ဗီနိုင်းတွေကို ဖြုတ်လိုက်တာပါ။ လက်ရှိ မူရင်းလက်ရေးအတိုင်းကာတွန်းဆရာတွေ ရေးဆွဲထားတဲ့ ကာတွန်းပုံတွေကိုပြသထားပါတယ်။ ဒီနှစ်ကတော့ တရားဥပဒေစိုးမိုးရေးအနေနဲ့ ကာတွန်းပြိုင်ပွဲတွေကို ထည့်သွင်းပြုလုပ်ထားတာရှိပါတယ်။ ဆုရရှိမယ့် ကာတွန်းဆရာတွေကိုလည်း ကျွန်မတို့ ဦးဘဂျမ်းလမ်းမိသားစုက မေတ္တာလက်ဆောင်အနေနဲ့ ဆုလက်ဆောင်ပေးအပ်မှာဖြစ်ပြီး မုန့်ဟင်းခါးနဲ့လည်း ကျွေးမွေးဧည့်ခံပါမယ်။ ဒါလည်း နှစ်စဉ်ပြုလုပ်နေကျမြေပါ။ ကာတွန်းပြပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပြည်သူတွေအတွက်လည်း ကဏ္ဍပေါင်းစုံက ကာတွန်းပြကွက်တွေကို လေ့လာလို့ရတာ ဆိုတော့ အသိပညာ၊ ဗဟုသုတတိုးစေမှာဖြစ်ပြီး လိုအပ်ချက်တွေကို သိခွင့်ရကြမှာပါ။ ကလေးတွေအတွက်လည်း ပညာပေးကဏ္ဍအသီးသီး ရှုထောင့်အမျိုးမျိုးပါဝင်တာ ဆိုတော့ အဆင်လည်းပြေ ဗဟုသုတလည်း ရရှိစေမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှစတင်၍ ကာတွန်းဆုပေးပွဲကို လပြည့်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ယခင်နှစ်များက ကာတွန်းပြပွဲများသာ ကျင်းပခဲ့သော်လည်း ကာတွန်းပြပွဲနှင့် ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပခဲ့ကြောင်း၊ အဆိုပါ ကာတွန်းဦးဘဂျမ်းလမ်း၌ ကျင်းပသော ကာတွန်းပြပွဲကို စစ်မဖြစ်မီ လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့်ကတည်းက နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ကြားကာလများ၌ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်နားခဲ့ရကာ ၁၉၇၃ ခုနှစ်မှစတင်၍ ပြန်လည်စုစည်းပြီး နှစ်စဉ်ကာတွန်းပြပွဲများ ကျင်းပခဲ့ကြောင်းနှင့် နှစ်စဉ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၁၃၁၄ ခုနှစ် တပို့တွဲ လပြည့်ကျော်တွင် အနာပဆုပ်ပေါက်ကာ မကျန်းမာဖြစ်လာပြီး အရွယ်ကောင်း၊ နာမည်တက်ဆဲအချိန် ထိုနှစ်တပေါင်းလဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့ (၁၉၅၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်)တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော မြန်မာနိုင်ငံ၏ အနုပညာရှင်သားကောင်းတစ်ဦးဖြစ်သည့် (၁၃)လမ်း၊ အမှတ်(၃၇)နေအိမ်တွင် နေထိုင်ခဲ့သော အလင်္ကာကျော်စွာ ကာတွန်းဆရာကြီး ဦးဘဂျမ်းကို ဂုဏ်ပြုသောအားဖြင့် ယင်းကဲ့သို့ ကာတွန်းပြပွဲ၊ ပြိုင်ပွဲ၊ မီးထွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဦးဘဂျမ်းလမ်းကာတွန်းဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

(ပွင့်သစ္စာ)

■

◎ အမေရိကန်မှ

"အခုဆိုရင် ကုန်သွယ်ရေးမှာ တားဆီးပိတ်ပင်မှု မရှိတော့ဘဲ အကုန်ပို့လို့ ရနေပါပြီ။ စျေးကွက်ဝင်ထုတ်ကုန်တွေပို့နိုင်ဖို့ပဲလိုပါတယ်။ EU နဲ့ အမေရိကန်က ကုန်သွယ်ရေးအထူးခံစားခွင့်ပေးပေမယ့် မရသလို မဖြစ်ဖို့လိုပါတယ်။ အရည်အသွေးမမီတော့ မပို့နိုင်မဖြစ်ဖို့ အတွက် ပြုပြင်ပြောင်းလဲရမှာပါ" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သူ ဒေါက်တာမောင်အောင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှတစ်ဆင့် နိုင်ငံတကာက အသိအမှတ်ပြုထားသော အလုပ်သမားအခွင့်အရေးများကို အကောင်အထည်ဖော်ရန် ကြိုးပမ်းအားထုတ်မှုနှင့် စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပသော အလုပ်သမားဥပဒေပြင်ဆင်ခြင်းနှင့် အသင်းအဖွဲ့စွမ်းဆောင်ရည်တည်ဆောက်ခြင်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများ ဒုတိယအကြိမ် ဆွေးနွေးပွဲအရ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ ဒိန်းမတ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်တို့နှင့် လက်တွဲလုပ်ဆောင်မှုများအပါအဝင် သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်မှုတစ်ရပ်နှင့် မြန်မာနိုင်ငံက ကိုက်ညီသောကြောင့် ကုန်သွယ်ရေး အထူးခံစားခွင့်ကို ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်ခဲ့သည်။

(ဝ၀ဝ)

မောင်တောမြို့နယ် ကိုင်းကြီးနှင့် မောရဝတီကျေးရွာတို့ရှိဒေသခံတိုင်းရင်းသားများအား ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အဖွဲ့ သွားရောက်တွေ့ဆုံ

မောင်တော နိုဝင်ဘာ ၁၃
ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေတို့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာနှင့် မောရဝတီကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားများနှင့် သွားရောက်တွေ့ဆုံပြီး မောရဝတီကျေးရွာတွင် စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ကိုင်းကြီးကျေးရွာမူလတန်းလွန်ကျောင်း၌ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေသခံတိုင်းရင်းသားများက စျေးရောင်း၊ စျေးဝယ်ရန် အခက်အခဲရှိ၍ ကျေးရွာစျေးတစ်ခုထူထောင်ပေးရေး၊ ကျေးရွာဆေးပေးခန်းတွင် ဆရာဝန်လိုအပ်နေသည့်အတွက် စီစဉ်ဆောင်ရွက်ပေးရေး၊ လုံခြုံရေးအတွက် စိတ်ချရအောင် စီစဉ်ဆောင်ရွက်ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် ဆောင်ရွက်ပေးရေး၊ ကျေးရွာစာကြည့်တိုက်တစ်လုံးတည်ဆောက်ပေးရေးနှင့် ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ပေးရေးစသည်တို့ကို ဆွေးနွေးတင်ပြကြသည်။

မောရဝတီကျေးရွာအလယ်တန်းကျောင်း(ခွဲ)တွင် ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံစဉ် တက်ရောက်လာသူများက ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ လုံခြုံရေးတိုးမြှင့်ချထားပေးရန် လိုအပ်မှု၊ လျှပ်စစ်မီး နေ့စဉ် နှစ်နာရီခန့်သာရရှိသဖြင့် ပိုမိုရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ တိုင်းရင်းသားကျေးရွာများ ထပ်မံတည်ထောင်ပေးရန် လိုအပ်မှုတို့ကိုတင်ပြကြသည်။

ထို့နောက် မောရဝတီကျေးရွာရှိ စပါးစိုက်ခင်းများအား စက်မှုလယ်ယာဦးစီးဌာနကစီစဉ်ပေးသည့် စပါးရိတ်စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

စက်မှုလယ်ယာဦးစီးဌာနက မောင်တောမြို့နယ်အတွင်းရှိ စပါးစိုက်ခင်းများ အချိန်မီရိတ်သိမ်းနိုင်ရန် ကျေးရွာတစ်ရွာလျှင် စက်နှစ်လုံးစီ ခွဲဝေပေးထားပြီး ယခုရာသီအမီ စပါးရိတ်သိမ်းနိုင်ရန် စပါးရိတ်စက် အစီး ၄၀ ကို ငှားရမ်းပေးထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ ကိုင်းကြီးကျေးရွာမှ ဒေသခံများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

အနယ်နယ်အရပ်ရပ်မှ ပေးပို့လှူဒါန်းသည့်ပစ္စည်းများအား တပ်မတော်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ပို့ဆောင်

နေပြည်တော် နိုဝင်ဘာ ၁၃
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက စားသောက်ဖွယ်ရာများနှင့် အသုံးဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဆန် ၆၉၈ အိတ်၊ စားသောက်ကုန် ၁၁ ဒသမ ၆၆၂ တန်နှင့် လူသုံးကုန် ၂ ဒသမ ၄၁၈ တန်အား သာကေတမြို့နယ်ရှိ တပ်မတော်ရေတပ် ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ တပ်မတော်ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ဝါးပိတ်ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၁၃
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ဝါးပိတ်ကျေးရွာအတွင်းသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀ ဦးခန့်ဝင်ရောက်လာကြောင်း သတင်းအရ ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးပြီး ဇင်ပိုင်ညာကျေးရွာဘက်သို့ ထွက်ပြေးသွားသဖြင့် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် မီးညွှန့်ကျိုးသွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ် ၈၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများသည် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့အား အများပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ပြည်ပအဖွဲ့အစည်းများထံမှ အကူအညီအထောက်အပံ့များရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

မောင်တောမြို့နယ် ဂွဆုံကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းခြင်းဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထိတွေ့တိုက်ပွဲဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၃
ရခိုင်ပြည်နယ် မောင်တောမြို့နယ် မယင်းတောင်ကျေးရွာ၊ ပွင့်ဖြူချောင်းကျေးရွာနှင့် ဂွဆုံကျေးရွာများအနီး၌ နိုဝင်ဘာ ၁၂ ရက်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် ၉ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းက ဂွဆုံကျေးရွာသို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ကျေးရွာအတွင်း မီးလောင်ကျွမ်းလျက်ရှိသည့် အိမ်ခြေအလုံး ၅၀ ကိုတွေ့ရှိရပြီး ဓားရှည်ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ခုနစ်ဦးခန့်က တိုက်ခိုက်ရန် ပြေးထွက်လာသဖြင့် တပ်မတော်စစ်ကြောင်းက ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ခြောက်ဦးကို အသေဖမ်းဆီးရမိခဲ့သည်။

ထို့အတူ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒါးကြီးဇားတောင်ရွာသို့ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိရှင်းလင်းစဉ် ကျေးရွာအတွင်းမှ တုတ်၊ ဓားများ ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၂၀ ခန့်က တိုက်ခိုက်ရန် ပြေးထွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၉ ဦးကို အသေဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ပြီး တပ်မတော်စစ်ကြောင်းက ဂွဆုံကျေးရွာနှင့် ဒါးကြီးဇားကျေးရွာဝန်းကျင်အား အသေးစိတ်ဆက်လက်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အလောင်း သုံးလောင်းကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်များအား အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁၃
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းသည် ကျီးကန်းပြင်နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်မှ ဂွဆုံကျေးရွာဘက်သို့ ယမန်နေ့ညနေ ၄ နာရီ ၁၀ မိနစ်က မော်တော်ယာဉ်များဖြင့် ထွက်ခွာစဉ် သူဦးလာကျေးရွာအနီးရှိ တံတားသို့ အရောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်ရှော့တိုက်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်တစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ကျီးကန်းပြင်နယ်ခြားစောင့် ရဲတပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်မှ တောင်ပြိုကျေးရွာသို့ သွားရောက်ရန် ထွက်ခွာလာသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်အား ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ဖော်ကီတောင် တံတားအနီး၌ အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများက လက်လုပ်ရှော့ တိုက်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ ကား၏ ဝမ်းဗိုက်နေရာ အား ထိမှန်ပျက်စီးခဲ့ပြီး လူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

မဒေါက်မြို့၌ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲ အနယ်နယ်အရပ်ရပ်မှလာရောက်သူများဖြင့် စည်ကားလျက်ရှိ

မဒေါက် နိုဝင်ဘာ ၁၃

(၄၄)နှစ်မြောက် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းကပွဲတော်အထိမ်းအမှတ် မုခ်ဦးရှေ့၌ ကျင်းပရာ ပွဲတော်အထိမ်းအမှတ်မုခ်ဦးဆိုင်းဘုတ်အား ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သော မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲကာလအတွင်း မြန်မာ့ရိုးရာအားကစားပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလျှုဒါန်းမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထိုပြင် လှေသဘင်ပြိုင်ပွဲများ၊ ရှင်ဥပဂုတ္တမထေရ်မြတ် ဒေသစာရီကြွချီအပူဇော်ခံပွဲ၊ တက်ခုတ်တက်ပျံ ယိမ်းအလှပြိုင်ပွဲများ၊ ဆုပေးပွဲ၊ မီးမျှောပွဲများအပြင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ အနုပညာရှင်များ၏ ရန်ပုံငွေ ဘောလုံးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ခြိမ်ခြိမ်သဲကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်သို့လာရောက်ကြမည့် ရပ်ဝေးရပ်နီးမှပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် မူးယစ်ရမ်းကားမှုများထိန်းသိမ်းရေး၊ စစ်တောင်းမြစ်အတွင်း ရေပွဲသဘင်ကျင်းပနေစဉ်အတွင်း အန္တရာယ်ကင်းရှင်းစေရန် အသက်ကယ်ဘောနှင့် ကယ်ဆယ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ထားကြောင်း သိရသည်။

တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲ ကျင်းပမည့် မဒေါက်မြို့တွင် ယနေ့ နံနက်ပိုင်းမှစတင်၍ ရပ်ဝေးရပ်နီးမှ လာရောက်သော ဧည့်ပရိသတ်များ၊ စျေးရောင်း စျေးဝယ်များနှင့် စည်ကား လျက်ရှိကြောင်း သိရသည်။

သတင်း-ခွန်ဆက်နေ၊ ဓာတ်ပုံ-ဝိန်းဇလုပ်သိန်းညွန့်

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် နိုဝင်ဘာ ၂၀၊ ၂၁၊ ၂၂ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၅၅၊ ၀၆၇-၄၁၂၂၆ တို့သို့ လည်းကောင်း၊ ၂၀၁၆ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်းစိန်၊ ရွာမအရှေ့ (မင်းကြီးလမ်း)၊ ဗဟိုလမ်းမ၊ ပျဉ်းမပင်များတွင် တန်ဆောင်တိုင်မီးထွန်းပွဲ ရပ်ကွက်အတွင်း နိုဗွာန်ဈေးပွဲ၊ စတုဒိသာ ကျွေးမွေးလျှုဒါန်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများစုပေါင်း၍ ပထမအကြိမ် တန်ဆောင်တိုင်မီးထွန်းပွဲ၊ နိုဗွာန်ဈေးပွဲများ၊ စတုဒိသာကျွေးမွေးလျှုဒါန်းခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ် တန်ဆောင်တိုင်မီးထွန်းပွဲ၊ နိုဗွာန်ဈေးပွဲ၊ စတုဒိသာကျွေးမွေးလျှုဒါန်းခြင်းတို့ကို နိုဝင်ဘာ ၁၂ ရက် ညမှ ၁၅ ရက်အထိ လုပ်ဆောင်သွားမှာပါ။ ဒါကလည်း မြန်မာ့ရိုးရာထုံးတမ်းစဉ်လာနဲ့အညီ ကုသိုလ်ကောင်းမှုပြုခြင်းဖြစ်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းက ပြောသည်။

အဆိုပါ ရွာမအရှေ့ရပ်ကွက်တွင် ဂျီတီအိုင်ကျောင်းကြီးဘေး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ အစပြုပြီး ဗဟိုလမ်းမကြီး (မင်းကြီးလမ်း)တစ်လျှောက်ရှိ ဂျီတီအိုင်ကျောင်းကြီး ဧရိယာအဆုံး သရက်တောကားမှတ်တိုင်အထိ ပေ ၄၀၀၀ ရှည်သော လမ်းလယ်ကျွန်းရှိ ပျဉ်းမပင်ကြီး ၁၀၀ကျော်၌ LED မီးသီးရောင်စုံ အဆိုင်း ၁၀၀ ကျော်ဖြင့် ဝေဆာလှပစွာ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို လျှပ်စစ်မီးများဖြင့် ထွန်းညှိပူဇော်ကြပြီး နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက် ညများတွင် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ဆီမီးများဖြင့် ပူဇော်ကြကာ လမ်းအပိုင်းလိုက်၊ ဆယ်အိမ်စုမှူး (ရာအိမ်မှူး) အပိုင်များတွင် စေတနာအလှူရှင်များက ယင်းနေ့ညများတွင် ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းဟင်းများ၊ မြန်မာ့ရိုးရာအစားအစာများဖြင့် နိုဗွာန်ဈေးပွဲတော်နှင့် စတုဒိသာကျွေးမွေးလျှုဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း (အင်းစိန်)

နေ့သစ်မင်္ဂလာပြည်သာယာ

❖ ဘုရား၊ တရား၊ သံဃာ
ဆရာ၊ မိဘ၊ ဂုဏ်ငါးဝကို
မှန်းဆရိုကျိုး၊ ကျွန်ရှိခိုးရင်း
နိုးထပါရ မိုးသောက်စ။
ဘဝင်ချမ်းမြေ့ ရှင်လန်းလှ။

❖ ပဌာန်း ပစ္စယ၊ နိဒ္ဒေသနှင့်
ဓာရဏာပရိတ်၊ ပရိတ်ကြီးဆယ့်တစ်သုတ်
နှုတ်တက်ရွတ်ဆို၊ လွန်ကြည်ညိုရင်း
ကြိုဆိုခွန်းဆက် နံနက်ခင်း။
စပယ်ရနံ့ တသင်းသင်း။

❖ ပန်းရေချမ်းကပ်၊ ဆွမ်းတော်ကပ်၍
သင်ပွေသတ္တာ၊ ဝေနေယျာကို
ချမ်းသာစေကြောင်း၊ မေတ္တာလောင်းရင်း
ဆုတောင်းပိုသ ကျွန်ဝေမျှလျက်
စတင်နေ့သစ် တံခါးဖွင့်။
ကြေးစည်နောင်ဝေ လေမှာလွင့်။

❖ သြော် ဗုဒ္ဓဘာသာ
မြန်မာဓလေ့၊ နှလုံးမွေ့ရင်း
နေ့အသစ်မှာ၊ "မင်္ဂလာ"ဟု
စဉ်လာအမှု၊ နေ့စဉ်ပြုသည်
ပြုသူရင်မှာ ချမ်းမြေ့နွေး။
မြည်းလေပြည် တသွေးသွေး။
ငှက်ကျေးတို့တေး တအေးအေး။
ပန်းရနံ့တို့လည်း တမွှေးမွှေး။

❖ နေ့သစ်ဦးမှာ
မင်္ဂလာအမှု၊ လူတိုင်းပြုသော်
မင်္ဂလာအမှု၊ အိမ်တိုင်းပြုသော်
မင်္ဂလာအမှု၊ ရပ်တိုင်းပြုသော်
ပြုသူမေတ္တာ၊ မင်္ဂလာတည့်
ပြုသောအိမ်မှာ၊ မင်္ဂလာတည့်
ပြုသောရပ်မှာ၊ မင်္ဂလာတည့်
ကျန်းမာချမ်းသာ ဘယာဝေး။
ဖွံ့ဖြိုးစည်ပင် ပြည်လုံးအေး။
အပြုံးကိုယ်စီ ငြိမ်းချမ်းရေး။ ။

ဇော်မင်းမင်းဦး

ပန်ချိုးဟိုင်ကျေးရွာ-နောင်ပေါင်ကျေးရွာချင်းလမ်းပေါ်တွင် Slab Culvert သုံးစင်းတည်ဆောက်

မိုးမောက် နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် မိုးမောက်မြို့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန် ရည်ရွယ်၍ ပန်ချိုးဟိုင်ကျေးရွာ-နောင်ပေါင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁ သန်းဖြင့် Slab Culvert သုံးစင်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာတွင် ရေပြွန်ပြုံကျနေခြင်း၊ အချို့နေရာတွင် ရေထွက် ပေါက်မရှိသဖြင့် လမ်းမပေါ်တွင် ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မိုးတွင်းကာလတွင် သွားလာမှု အခက်အခဲကြုံတွေ့နေရသဖြင့် Slab Culvert သုံးစင်းတည်ဆောက်လျက်ရှိရာ ယင်းနေရာသို့ မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့်အဖွဲ့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ အဆိုပါ လမ်းတံတား တည်ဆောက်ပြီးစီးသွားပါက ရေစီးရေလာ ကောင်းမွန်ပြီး ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကင်းထောက်လူငယ်မောင်မယ်များ၏လုပ်အားဖြင့် သီပေါ၌ လုပ်ငန်းတစ်ရပ်ငွေ ၁၀၀၀ ရန်ပုံငွေရှာ

သီပေါ နိုဝင်ဘာ ၁၃

ကမ္ဘာ့ကင်းထောက်နှစ် ရာပြည့်အထိမ်းအမှတ်အဖြစ် ကင်းထောက်အဖွဲ့ဝင် ကျောင်းသားကျောင်းသူလေးများ အခိုန်နှင့်လုပ်အားတန်ဖိုး ချစ်မြတ်နိုးရေးကို ရည်ရွယ်၍ ကင်းထောက်လူငယ်မောင်မယ်များ၏ လုပ်အားဖြင့် လုပ်ငန်းတစ်ရပ်ငွေကျပ် ၁၀၀၀ သီတင်းပတ်လှုပ်ရှားမှုအရ ကင်းထောက်ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ်ကျောင်းသားကျောင်းသူများသည် နိုဝင်ဘာ ၁၂ ရက်မှ စတင်ကာ ဘုရားပုထိုးကျောင်းကန်များ၊ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၊ အခြေခံပညာကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အထက(၁)မှ ကျောင်းအုပ်ဆရာမကြီးဒေါ်သီတာသိန်း၏ကြီးကြပ်မှုဖြင့် ကင်းထောက်ဆရာ ဦးသန်းလွင်၊ ကင်းထောက်ဆရာမ ဒေါ်နုနုတင်တို့ ဦးဆောင်ကာ ကင်းထောက်မောင်မယ် ၁၀၂ ဦးတို့သည် ရပ်ကွက်အတွင်းရှိ အိမ်များ၊ ဘုရားကျောင်းကန်များနှင့် အများနှင့်သက်ဆိုင်သော နေရာဌာနများတွင် သန့်ရှင်းရေးကူညီမှုများအဖြစ် တံမြက်စည်းလှည်းပေးခြင်း၊ ပန်ကန်ဆေးပေးခြင်း၊ အမှိုက်များ ရှင်းလင်းပေးခြင်း၊ ပေါင်းမြက်များခုတ်ထွင်ပေးခြင်းနှင့် အိမ်ရှင်များ၏ လုပ်ငန်းလိုအပ်မှုများကို ကူညီဆောင်ရွက်ပေးရာ အိမ်ရှင်များက ကင်းထောက်ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀၀၀ ထည့်ဝင်လှူဒါန်းကြသည်။

သီပေါကင်းထောက်အဖွဲ့တွင် လိုအပ်လျက်ရှိသော ကင်းထောက်အလံကြီး နှစ်ခုကိုလည်း ကင်းထောက်ကြီးများဖြစ်သော ဦးစိုင်းသာလှိုင်၊ ဦးလှမြင့်နှင့် ဦးစိုင်းထွန်းရွှေတို့က လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ပြန်လည်ခံစားနှောင်းတစ်ခေတ်ရဲ့ အနုပညာရှင်များ

မင်းသားချော မြင့်အောင်

တင့်လွင်ဦး(စီးပွားရေး-တက္ကသိုလ်)

လောကမှာ ရည်ရွယ်သည့်အတိုင်း ဖြစ်တတ်ကြသလို မရည်ရွယ်ဘဲနှင့်လည်း ဖြစ်တတ်ကြသည်။ "မရွယ်ဘဲနှင့် စော်ကဲမင်းဖြစ်" ဆိုသော စကားနှင့်အညီ ယခုတင်ပြမည့် မင်းသားသည်၊ မျိုးရိုးဗီဇ၊ ဝါသနာ၊ ဆန္ဒ၊ ရည်ရွယ်ချက်မရှိပါဘဲ ရုပ်ရှင်လောကထဲ ရောက်ရှိခဲ့ပြီး ပင်ကိုအနုပညာအရည်အသွေးမာတ်ခံရှိသည့်အတွက် တစ်ခေတ်တစ်ယောက် ပြောစမှတ်ဖြစ်လောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ မြန်မာ့ရုပ်ရှင်လောကမှာ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ရုပ်ရည်ချောမောလှပသော မင်းသားအများအပြားပေါ်ထွက်ခဲ့သော်လည်း ပရိသတ်က သူတစ်ဦးတည်းကိုသာ ထူးထူးခြားခြား အမည်ရှေ့တွင် မင်းသားချောဟုထည့်သွင်းမှည့်ခေါ်လေ့ရှိသည်။

မင်းသားဘဝအစ

"မင်းသားချောမြင့်အောင်" သည် နိုင်ငံကျော်ရုပ်ရှင်မင်းသမီး၊ အကယ်ဒမီမျှားရှင် မို့မို့မြင့်အောင်၏ ဖခင်ဖြစ်သည်။ အမည်ရင်းမှာ မြင့်အောင်၊ အရပ်ထဲတွင် ကျော်မြင့်အောင်ဟု ခေါ်ကြသည်။ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလကျေးရွာ (ယခု သက္ကလမြို့) ဇာတိ၊ အဖ ဦးကျောက်ခွေး (ကုန်သည်)၊ အမိ ဒေါ်အေးနှစ်တို့က (၁၈.၅.၁၉၃၂) ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း ခုနစ်ယောက်အနက် စတုတ္ထမြောက်၊ အရွယ်ရောက်သောအခါ အရောင်းအဝယ်ကုန်သည်အဖြစ်နှင့်သာ အသက်မွေးသည်။ ၁၉၅၂ ခုနှစ် သူ့အသက် (၂၀)နှစ်ဝန်းကျင်ခန့်က တစ်နေ့သက္ကလကျေးရွာမှ ရန်ကုန်သို့ အရောင်းအဝယ်ကိစ္စဖြင့် ဆင်းလာရင်း စမ်းချောင်းမြို့နယ် မဟာမြိုင်ခြံဝင်းအတွင်းရှိ ဦးအောင်ချမ်းသာတည်ထားသည့် ဘုရားဌ၌ ဝတ်ပြုကောင်းမှုကုသိုလ်ပြုနေစဉ် မဟာမြိုင်ခြံအနီးရှိ အေဝမ်းဖလင် (ရုပ်ရှင်ခြံခွဲ)မှ ရုပ်ရှင်အဖွဲ့သားများနှင့်ဆုံစည်းခဲ့ရာ မြင့်အောင်ကိုမြင်တွေ့ပြီး အပွေးမြင်အပင်သိ ရုပ်ရှင်လောကဌ ဖြစ်ထွန်းနိုင်ခြေရှိသူဟု သုံးသပ်ကြပြီး ရုပ်ရှင်အဖွဲ့သားများက မြင့်အောင်ကို "ရုပ်ရှင်ရိုက်မလား" ဟု မေးရာ မြင့်အောင်က အရိုးခံဖြင့် "ကျုပ်ကတောသား၊ ဘာမှမလုပ်တတ်ဘူး" ဟု ပြန်ပြောသော်လည်း အေဝမ်းအဖွဲ့သားများက "ဒီကိစ္စဘာမှမပူနဲ့၊ ကျုပ်တို့ သင်ပေးမှာပေါ့" ဟု ဆိုသည့်အတွက် "သင်ပေးရင်တော့-လုပ်မယ်ဗျာ" ဟု ဆိုပြီး ရုပ်ရှင်လောကထဲရောက်ရှိခဲ့သူဖြစ်သည်။ အေဝမ်းဖလင်တွင် လခစားမင်းသားအဖြစ်နှင့် ငါးကားရိုက်ကူးပြီးမှ အခြားသော ရုပ်ရှင်ကုမ္ပဏီများနှင့် ဆက်လက်ရိုက်ကူးသည်။

ခေါင်းဆောင်မင်းသားအဖြစ်သို့

ရုပ်ရှင်သည် ကိုယ်နှင့်စိမ်းနေသော၊ ကိုယ်မကျွမ်းကျင်သော၊ ကိုယ်နှင့်ဆက်စပ်မှုမရှိသော လုပ်ငန်းခွင်ဖြစ်လင့်ကစား မြင့်အောင်သည် စိုးထိတ်ခြင်းအလျဉ်းမရှိ၊ ဇွဲ၊ လုံ့လ၊ ဝိရိယအပြည့်ဖြင့် အများဖြစ်လျှင်ကိုယ်ဖြစ်ရမည်ဆိုသော ခံယူချက်အပြည့်ဖြင့် ကြိုးစားခဲ့ရာ ဆရာများ၏ သွန်သင်ပြသမှုကို အလေးအနက်ထားလေ့လာသင်ယူရင်း ကျွမ်းကျင်အနုပညာရှင်ဘဝသို့ ရောက်ရှိပြီး တန်းဝင်ထိပ်တန်းအဆင့်၊ တိုင်းသိ၊ ပြည်သိ ပြည်တော်ချစ် မင်းသားအဖြစ်သို့ ရောက်ရှိခဲ့သည်။ ပထမဦးဆုံး ခေါင်းဆောင်မင်းသားအဖြစ် စတင်ရိုက်ကူးခဲ့သော ဇာတ်ကားမှာ ၁၉၅၂ ခုနှစ်က အေဝမ်းဖလင် ဒါရိုက်တာ ဦးချင်စိန် ရိုက်ကူးသည့် "လေထဲကဖူးစာ" ဇာတ်ကားဖြစ်ပြီး မင်းသမီးမြင့်မြင့်ခင်၊ မေရီမြ၊ မေဆန်း၊ မေနွဲ့၊ မေမြတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ ဦးဌေးအောင် (ဆွေဗမာ) ပြုစုထားသည့် မှတ်တမ်းများအရ မြင့်အောင်ပါဝင်ရိုက်ကူးခဲ့သည့် ဇာတ်ကားပေါင်း ၆၉ ကားရှိပြီး ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးခဲ့သည်ကများသည်။ ဒုတိယခေါင်းဆောင်အဖြစ် ရိုက်ကူးသည့်ကားအနည်းငယ်မျှသာရှိသည်။ သမီးဖြစ်သူ ဒေါ်ကေသီမြင့်အောင် (မဝေ)၏ ပြောပြချက်အရ သူ့ဖခင် ဦးမြင့်အောင်၏ ဆန္ဒမှာ မြန်မာ့ရုပ်ရှင်သမိုင်းတွင် သူ၏သရုပ်ဆောင်မှုများသည် မင်းသားအဖြစ်နှင့်သာ မှတ်တမ်းတင်ကျန်ရစ်လိုကြောင်း သိရှိရသည်။

နိုင်ငံကျော်မင်းသားကြီးရဲ့ သစ္စာတရား

မင်းသားချောမြင့်အောင်တို့ခေတ်က ရုပ်ရှင်မင်းသားသည် ရှားရှားပါးပါး။ မင်းသားဖြစ်ဖို့လည်း မလွယ်၊ မင်းသားဖြစ် လာပြန်တော့လည်း ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်၊ သို့ဖြစ်၍ မင်းသားမြင့်အောင်သည် ဥစ္စာပေါ်၊ ရုပ်ချော အမျိုးသမီး တစ်ယောက်ကို ခေါင်းခေါက်ယူနိုင်စွမ်းရှိသော်လည်း မြင့်အောင်သည် ဘဝမမေ့၊ သစ္စာရှိစွာဖြင့် တစ်ရွာတည်းနေ သက္ကလရွာသူ သူငယ်ချင်း မသန်းရင် (ယခုသက်ရှိထင်ရှားဒေါ်သန်းရင်) နှင့် နာမည်ကြီးမင်းသားဖြစ်မှ လက်ထပ်ခဲ့ကြသည်။ ဇနီးဒေါ်သန်းရင်နှင့် သမီးမခင်အုန်းမြင့်၊ သားမောင်ထွန်းအောင်ချို (ကွယ်လွန်)၊ သမီး သဇင်မြင့်အောင် (အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး)၊ မကေသီမြင့်အောင် (မဝေ) နှင့် မမို့မို့မြင့်အောင်တို့ကို မွေးဖွားခဲ့သည်။

ဇာတ်ကြမ်းမင်းသားကြီး မြင့်အောင်

မြင့်အောင်၏ အမှုအရာများသည် တည်ငြိမ်အေးဆေးပြီး သိမ်မွေ့နူးညံ့သည့်အတွက် အချစ်ကားများနှင့် လိုက်ဖက်ပြီး အချစ်ကားအများဆုံး ရိုက်ကူးခဲ့သည်။ သို့သော် မြင့်အောင်တွင် မခံချင်စိတ်ရှိ၏။ သူငယ်ချင်းများက ပို၍ကောင်းစေချင်သောဆန္ဒဖြင့် မင်းအမှုအရာတွေ ပျော့တယ်၊ နွဲ့တယ်ကွာဟု ဝေဖန်အကြံပြုသည်ကို မခံနိုင်၊ ယောက်ျားမပီသဟု အထင်ခံရမှာစိုးသည်။ သို့ဖြစ်၍ အချစ်ဇာတ်နုများမှ ခွဲထွက်ပြီး တစ်မျိုးတစ်ဘာသာ ဆန်းအောင် ဇာတ်ကြမ်းကား ရိုက်ရန်ကြံစည်သည်။ ခန္ဓာကိုယ် အချိုးအစားကိုလည်း မောင်ဗမာတစ်ဦးနှင့်မခြားကျားကျားလျားလျားဖြစ်အောင် (Body Beauty) ကစားသည်။ မြန်မာ့ရိုးရာ ဗန်တိုဗန်ရှည် သိုင်းပညာများကိုလည်း အစွမ်းကုန် သင်ကြားလေ့ကျင့်သည်။ ၁၉၆၅ ခုနှစ် မြနန္ဒာရုပ်ရှင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာဦးတင်ယုရိုက်ကူးသည့် "ညောင်ရမ်းညီနောင်" ရာဇဝင်ဇာတ်ကြမ်းကား ရုံတင်ပြသလိုက်သည့်အခါ ပရိသတ်များ 'ဟင်'ခနဲ 'ဟာ'ခနဲ တအံ့တသြဖြစ်ကြရသည်။ ယခင်မြင့်အောင်နှင့် ညောင်ရမ်းညီနောင် ဇာတ်ကားထဲက မြင့်အောင် လုံးဝမတူတော့ချေ။ ထိုဇာတ်ကားတွင် မင်းသမီး စံရှားတင်၊ လှုံ့မင်းသားစံတင်တို့နှင့် တွဲဖက်သရုပ်ဆောင်ထားပြီး မြင့်အောင်နှစ်ကိုယ်ခွဲ၊ မြန်မာ့ရိုးရာသိုင်းပညာကို အခြေခံထားသည့် မားခုတ်လုံထိုးအမျိုးမျိုးမှာလည်း ကြည့်မဝနိုင်လောက်အောင် သွက်လက်လှပနေပြီး ကင်မရာလှည့်ကွက်နှစ်ကိုယ်ခွဲ ရိုက်ချက်များကလည်း လက်ရာမြောက်သည့်အတွက် မြင့်အောင်အမြွှာပူး ဝင်ရောက်သရုပ်ဆောင်နေသကဲ့သို့ ကြည့်ရှုကြရသည်။ ထိုဇာတ်ကားပြသရာနေရာတိုင်း ရုံပြည့်ရုံလျှံ၊ ဝင်ငွေ စံချိန်ချိုးပြီး လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည့်အပြင် မြန်မာ့ရုပ်ရှင်ကွဟု လက်မထောင်ပြနိုင်သည့် ဂန္ဓဝင်ဇာတ်ကားတစ်ကားဟုဆိုလျှင်လည်းမမှား။ ထိုမှဆက်၍ ၁၉۶۷ ခုနှစ်တွင် ပန်းတော်ဝင်ရုပ်ရှင်မှ ဒါရိုက်တာသန်းကျော်ဌေး ရိုက်ကူးပြီး မင်းသမီးစံရှားတင်နှင့် တွဲဖက်သရုပ်ဆောင်ထားသည့် "ရန်ကြီးအောင်ဓား" ရာဇဝင်ဇာတ်ကြမ်းကားကို ရိုက်ကူးပြန်ရာ အထူးအောင်မြင်မှုရပြန်သည့်အတွက် ဇာတ်နု၊ ဇာတ်ကြမ်းစမ်းချင်ရာစမ်း တတ်ကျွမ်းသည့် မင်းသားဟု မှတ်တမ်းတင်ရမည်သာဖြစ်သည်။

ပရိသတ်ပါးစပ်ဖျားရေပန်းစားခဲ့သည့် မင်းသားမြင့်အောင်၏ ဇာတ်ကားများ

စဉ်	ဇာတ်ကားအမည်	ရိုက်ကူးခဲ့သည့်ခုနှစ်	ဒါရိုက်တာ	တွဲဖက်သရုပ်ဆောင်
၁။	ချစ်မမ	၁၉၅၅	ဦးချင်းစိန် (ရွှေညာမောင်)	မေရှင်၊ မေမြ၊
၂။	လောကခံပန်းချီ	၁၉၅၇	ဦးတင်ယု	အေးကြူ၊ ကြည်ကြည်ဌေး၊ မေရီမြ
၃။	ချစ်ညီမ	၁၉၅၇	မောင်မောင်စိုး	မြင့်မြင့်ခင်
၄။	မြတ်ပန်းဝတ်ရည်	၁၉၅၇	မျိုးအောင်	မေသစ်၊ အေးကြူ
၅။	ဂီတမာလာ	၁၉၅၈	ဦးဘတင်	မျိုးချစ်၊ စံရှားတင်
၆။	ချစ်ခဲ့တာအမှန်ပါပဲ	၁၉၅၈	ရွှေဘော်	ဖိုးပါကြီး၊ ကြည်ကြည်ဌေး
၇။	မိန်းမကျေးကွင်း	၁၉၅၉	ဦးဥာဏ	မြင့်မြင့်ဌေး
၈။	နတ်ရေးတဲ့ဖူးစာ	၁၉၅၉	မြင့်အောင်	ခင်ယုမေ၊ သင်းသင်းလဲ့
၉။	စန်းပွင့်လာပြီ	၁၉၆၀	သန်းနွဲ့	မေသစ်၊ သန်းသန်းမြင့်၊ သင်းသင်းလဲ့၊သန်းနွဲ့
၁၀။	ရတနာနတ်မယ်	၁၉၆၁	ဦးချစ်ဖေ	ခင်မောင်ဇင်၊ မေရီမြ
၁၁။	ချစ်လိုင်းသံ	၁၉၆၂	မြင့်အောင်	မေသစ်၊ ခင်ယုမေ
၁၂။	ညောင်ရမ်းညီနောင်	၁၉၆၅	ဦးတင်ယု	စံရှားတင်၊ လှုံမင်းသားစံတင်
၁၃။	ဘယ်ခြောက်ခါညာလှမ်းလို့	၁၉၆၆	ဦးတင်ယု	ဖျာပုံမယ်တင်တင်အေး၊
၁၄။	ယောကျ်ားဘသား	၁၉၆၇	ဦးချင်းစိန် (ရွှေညာမောင်)	ခင်သန်းနု
၁၅။	ဇာတိမာန်	၁၉၆၇	ခင်မောင်ညွှန့်	စံရှားတင်
၁၆။	ရန်ကြီးအောင်ဓား	၁၉၆၇	သန်းကျော်ဌေး	စံရှားတင်
၁၇။	မိုးလုံးပတ်လည်	၁၉၆၉	ဦးသုခ	ကြည်ကြည်ဌေး၊ တင်တင်မူ
၁၈။	သည်တောင်ကို မောင်ဖြိုပါ့မယ်	၁၉၆၉	ကျော်သန်း	ကောလိပ်ဂျင်နေဝင်း၊ ဝါဝါဝင်းရွှေ
၁၉။	ရှေ့မှာရန်သူ	၁၉۶۹	ဗိုလ်မြင့်၊ သက်နောင်	စိုးရွှေ၊ နွယ်နွယ်စိုး

ဒါရိုက်တာအဖြစ်လည်းအောင်မြင်

မြင့်အောင်သည် သရုပ်ဆောင်ပိုင်းမှာ သာမက ဒါရိုက်တာအဖြစ်နှင့်လည်း ဇာတ်ကားများရိုက်ကူးခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် 'မြင့်အောင်' ရုပ်ရှင်ကုမ္ပဏီကိုတည်ထောင်ပြီး ဇာတ်ကားများရိုက်ကူးထုတ်လုပ်ခဲ့သည်။ အတွဲအများဆုံး ရုပ်ရှင်ကုမ္ပဏီများမှာ အေဝမ်းဖလင်၊ ရွှေဝယ်သီရိ ရုပ်ရှင်၊ အောင်မင်္ဂလာရုပ်ရှင်၊ မြနန္ဒာရုပ်ရှင်နှင့် စန်းသော်တာ ရုပ်ရှင်တို့ဖြစ်ကြပြီး တွဲဖက်ရိုက်ကူးမှုအများဆုံးသော ဒါရိုက်တာများမှာ ဦးချင်းစိန် (ရွှေညာမောင်)၊ ဦးတင်ယု၊ ကျွန်တော်ချစ်မောင်၊ ဦးသုခ၊ သန်းနွဲ့တို့ဖြစ်ကြသည်။ တွဲဖက်မရိုက်ဖူးသော မင်းသမီးရှားလှသည်။ မင်းသမီး မေသစ်၊ ကြည်ကြည်ဌေး၊ မြင့်မြင့်ဌေး၊ မြင့်မြင့်ခင်၊ တင်တင်မူ၊ ခင်ယုမေ၊ မေရီမြ၊ သင်းသင်းလဲ့၊ မေမြ၊ စံရှားတင်၊ ခင်သန်းနုတို့နှင့် အတွဲများသည်။

အရွယ်မတိုင်မီ ကွယ်လွန်လေပြီ

မြင့်အောင်ကွယ်လွန်ချိန်တွင် အသက်(၆၄)နှစ်မျှ သာရှိသေးပြီး နေမည်ဆိုလျှင် နေနိုင်သေးသည်။ သမီးဖြစ်သူ ဒေါ်ကေသီမြင့်အောင် (မဝေ)၏ ပြောပြချက်အရ အနေမှား၊ အစားမှား၍ မကြေသင့်ဘဲ ကြွေခဲ့ရသူဖြစ်သည်။ မိုးရေချိုးပြီးနောက် ရှေ့ဆင့်နောက်ဆင့် ပေါင်မုန့်အုန်းနို့ဆမ်း၊ ဒူးရင်းသီးနှင့် ကဏန်းများစားမိပြီး ဇာတိသက္ကလ ကျေးရွာသို့ အလည်ပြန်စဉ် ဦးနှောက်သွေးကြောပြတ်ကာ ရန်ကုန်ဆေးရုံကြီးတွင် (၁၈.၆.၁၉၉၆) ၌ ကွယ်လွန်သွားခဲ့သည်။ လူပင်သေသော်လည်း နာမည်မသေ၊ လူ့ဘဝရတုန်းရခိုက် ထင်ရှားတဲ့အနုပညာသမိုင်းမှတ်တိုင်များ အခိုင်အမာစိုက် ထူသွားနိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်လောကကို များစွာအကျိုးပြုခဲ့သော မင်းသားချောမြင့်အောင် (ဘဘ ဦးမြင့်အောင်) ကောင်းရာသုဂတိလားပါစေ။

(ဤဆောင်းပါးဖြစ်မြောက်ရေး အကူအညီပေးပါသော မင်းသားမြင့်အောင်၏ သမီး ဒေါ်ကေသီမြင့်အောင် (မဝေ)၊ ဆွေဗမာဦးဌေးအောင်နှင့် ဦးမောင်မောင်စိုး (တာမွေ) တို့အား ကျေးဇူးတင်ရှိပါသည်။)

မြဝတီရုပ်မြင့်ကြား အစီအစဉ်

၁၄-၁၁-၂၀၁၆(တနလာ်နေ့)

၆:၀၃	တရားတော်	၈:၁၀	အမျိုးသားရေးတေးကဗျာ
၇:၁၆	မေတ္တာပို့	၈:၁၅	ရွှေဟောင်းသုတ
၇:၂၀	ဓမ္မပူဇာတေး	၈:၂၀	DVD Hits
၇:၂၅	ကိုယ်လက်လှုပ်ရှားအားကစား	၈:၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၇:၃၅	သင့်အတွက်တစ်နေ့တာ	၉:၀၀	မြဝတီနေ့စဉ်သတင်း
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း	၉:၁၀	နှစ်(၇၀)ကျော်ကြားတေးများ
၈:၀၅	VOA အင်္ဂလိပ်စာသင်ခန်းစာ	၉:၂၀	ကျန်းမာသုတ
၉:၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း	၄:၀၂	နိုင်ငံတော်သီချင်း
၁၀:၀၀	Casual Talk	၄:၀၅	တစ်ပတ်အတွင်းမွေးမြူရေးသတင်း
၁၀:၁၅	အစွန်းလွတ်ရာဆီသို့	၄:၁၅	မျိုးချစ်တပ်မတော်
၁၀:၂၅	မေးမြန်းစူးစမ်း	၄:၃၀	ရင်မှာစွဲလန်းတော်ဝင်ပန်း
၁၀:၄၅	သီချင်းလက်ဆောင်	၄:၄၅	သာယာသီကြွေးခေတ်ဆန်းတေး
၁၁:၁၀	မြန်မာ့ရှုခင်း	၅:၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၇၁)
၁၁:၃၅	Cooking Art	၅:၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၇၂)
၁၁:၄၅	သာယာသီကြွေးခေတ်ဆန်းတေး	၆:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၁၂:၀၀	အောင်မြင်ကျော်ကြားဓာတ်ပြားရတေးများ	၆:၂၀	သံစဉ်လမ်းကလင်းလက်ကြယ်
၁၂:၃၀	လူတိုင်းကျန်းမာသိမှတ်စရာ	၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၁၂:၄၅	Guide For You		- နေတစ်စင်းရဲ့ဆည်းဆာ
၄:၀၀	မြဝတီအဖွင့်		အပိုင်း(၂၇)
		၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
			မိုးလေဝသသတင်း
			ဘောလုံးကန်ကြမယ်
			ကြယ်ကလေးတိုရဲ့ဂီတမိုးကောင်းကင်
			ယနေ့ညအတွက်မြဝတီ၏
			တေးလက်ဆောင်
			ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
			- လက်ခုပ်ထဲကမျက်ရည်
			အပိုင်း(၁၀)
			မြဝတီရုပ်မြင်သံကြားသတင်း

ဆယ်လ်တာဗီဂိုအသင်းကို လွမ်းဆွတ်ဟု မန်စီးတီးတိုက်စစ်မှူး နိုလီတို ဝန်ခံ

ဆယ်လ်တာဗီဂိုအသင်းကို လွမ်းဆွတ်ဟု မန်စီးတီးတိုက်စစ်မှူး နိုလီတိုဝန်ခံ

မန်စီးတီးတိုက်စစ်မှူး နိုလီတိုက သူ၏အသင်းဟောင်း ဆယ်လ်တာဗီဂိုအတွက် တစ်ချိန်ချိန်တွင် ပြန်ကစားမည်ဟု မျှော်လင့်နေပြီး အင်္ဂလန်တွင် နေထိုင်ရသည့် အစကာလများတွင် အထီးကျန်သည်ဟု ခံစားရကြောင်းလည်း ထုတ်ဖော်ပြောကြားလိုက်သည်။ နိုလီတိုမှာ ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ဆယ်လ်တာဗီဂိုမှ မန်စီးတီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၃ ဒသမ ၈ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။

နိုလီတိုက "ကျွန်တော် ဆယ်လ်တာကို တအား လွမ်းဆွတ်နေတာပါ။ အဲဒီကိုပဲ ပြန်ကစားချင်စိတ်လည်းရှိပါတယ်။ ကျွန်တော့်ဟာ ကျွန်တော်စိတ်အတိုင်း ဆောင်ရွက်ခွင့်ရရင် ဆယ်လ်တာကို ပြန်မှာပါ"ဟု စပိန်သတင်းစာ မာကာနှင့် အင်တာဗျူးပြုလုပ်စဉ် ထည့်သွင်းပြောကြားခဲ့သည်။

နိုလီတိုမှာ အင်္ဂလန်ဘောလုံးလောကတွင် ကျင်လည်နေသော်လည်း မန်စီးတီးတွင် နည်းပြ ဂွါဒီယိုလာမှာ စပိန်လူမျိုးဖြစ်သလို မန်စီးတီး ကစားသမားများဖြစ်သည့် အဂူရို၊ ဇာဘလက်တာ၊ ဂျီးဆပ်ဇိနာဗက်စ်နှင့် ဒေးဗစ်ဆေးလဗားတို့ လေးဦးမှာ စပိန်ဘာသာစကား ပြောကြားနိုင်ကြသည့်အပြင် မန်စီးတီးဝန်ထမ်းများတွင်လည်း စပိန်စကားပြောဆိုနိုင်သူ အများအပြားရှိနေသဖြင့် ယခုထိအင်္ဂလိပ်စကားပြော မသင်ယူဖြစ်သေးကြောင်းလည်း ဆိုခဲ့သည်။ မန်စီးတီးအသင်းတွင် စပိန်စကားပြောဆိုနိုင်သူ အများအပြားရှိနေခြင်းကြောင့် အဝတ်လဲခန်းအတွင်း အထီးကျန်ဆန်သည်ဟု မခံစားရကြောင်းဆိုခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးနည်းပြဆုအတွက် ဇီဒန်းကို မဲမပေးခဲ့တဲ့ စီရိုနယ်လ်ဒို

ပေါ်တူဂီစတား စီရိုနယ်လ်ဒိုက သူဟာ ဇီဒန်းကို ကစားသမားအဖြစ်ရော အသင်းနည်းပြအဖြစ်ပါ လေးစားမှုအပြည့်ရှိသူလို့ မကြာခဏပြောကြားတတ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့တဲ့ ငါးလအတွင်း ချန်ပီယံလီဂ်ဖလား ဆွတ်ခူးပေးနိုင်တဲ့ ဇီဒန်းကို အံ့အားသင့်ဖွယ်ရာ ဦးဆောင်နိုင်စွမ်းရှိသူလို့ ခီးကျူးခဲ့သူပါ။ ဒါပေမယ့် ဖိဖာတစ်နှစ်တာ အကောင်းဆုံးနည်းပြဆုအတွက် မဲပေးခဲ့ရာမှာတော့ ရီးယဲလ်မက်ဒရစ်နည်းပြဇီဒန်းကိုကျော်လွန်ပြီး ပေါ်တူဂီလက်ရွေးစင်အသင်းနည်းပြ ဗာနန်ဒို ဆန်းတို့စ်ကိုသာ ရွေးချယ်ခဲ့တယ်လို့ ဖွင့်ဟပြောကြားလိုက်ပါတယ်။

စီရိုနယ်လ်ဒိုရဲ့ ယုံကြည်ချက်အရတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလီဂ် ဆုဖလား ဆွတ်ခူးစေဖို့ထက် ပေါ်တူဂီအသင်းနဲ့ ယူရိုချန်ပီယံဖြစ်ဖို့ဆိုတာ ပိုပြီးခက်ခဲပါတယ်။ ဒါကြောင့် သူ့အနေနဲ့ နှစ်ဦးထဲက တစ်ဦးကို ခက်ခက်ခဲခဲ ရွေးချယ်ခဲ့ရတာဖြစ်ပြီး အကြီးအကျယ်အောင်မြင်မှုရတာချင်း အတူတူ ပေါ်တူဂီအသင်းကို အခက်ခဲဆုံးအနေအထားကနေ ယူရိုချန်ပီယံဖြစ်စေခဲ့တဲ့ ဆန်းတို့စ်ကိုသာ ဖိဖာတစ်နှစ်တာ အကောင်းဆုံးနည်းပြအဖြစ် မဲပေးခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမယ့် ဒီနည်းပြနှစ်ဦးစလုံးက သူ့ကိုသာ ဖိဖာဘလွန်းဒီအောဆု အကောင်းဆုံးကစားသမားအဖြစ်ရွေးချယ်လိမ့်မယ်လို့မျှော်လင့်ကြောင်းလည်း တစ်ဆက်တည်းပြောခဲ့ပါတယ်။

ဂျွန်စတုန်းကို သတိပေးစကားဆိုလိုက်တဲ့ ဆောက်ဂိတ်

အင်္ဂလန်အသင်း ယာယီနည်းပြ ဆောက်ဂိတ်က အင်္ဂလန်နောက်ခံလူ ဂျွန်စတုန်းအနေဖြင့် ရဲရင့်မှုနှင့် မိုက်မဲမှု မတူညီသည်ကို ခွဲခွဲခြားခြား သိမြင်နိုင်မှုရှိရမည်ဟု သတိပေးစကားဆိုခဲ့သည်။ ဂျွန်စတုန်းမှာ စကော့တလန်အသင်းကို သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည့် ပွဲစဉ်အတွင်း အချို့ကစားခြိန်များတွင် မလိုလားအပ်သော စွန့်စားဖျက်ထုတ်မှုမျိုးကို တစ်ဦးတည်း ပြုလုပ်ခဲ့သောကြောင့် ဆောက်ဂိတ်က ယခုကဲ့သို့ သတိပေးခဲ့ခြင်း ဖြစ်သည်။

နည်းစနစ်ပိုင်းကျေညက်လျက်ရှိ

ဆောက်ဂိတ်က ဂျွန်စတုန်းအနေဖြင့် သိထားသင့်သည်မှာ ၎င်းမှာ အသက်(၂၂)နှစ်အရွယ် ဗဟိုနောက်ခံနေရာတွင် ကစားနေသည့် ကစားသမားတစ်ဦးသာ လျှင်ဖြစ်ပြီး ထိုထက်ဘာတစ်ခုမျှ ထူးခြားသည်ဟု မသတ်မှတ်နိုင်သေးကြောင်း မှတ်ချက်ပြုခဲ့သည်။ အင်္ဂလန်ကစားသမားများမှာ နည်းစနစ်ပိုင်းကျေညက်မှုရှိနေကြပြီး ရဲရင့်မှုမွေးမြူရန်လိုအပ်နေဆဲ ဖြစ်သော် လည်း ရဲရင့်မှုနှင့် မိုက်မဲမှုမတူညီသည်ကိုလည်း သိရှိရမည်ဖြစ်ကြောင်း၊ ဂျွန်စတုန်းမှာ ယင်းအကြောင်းတရားများကို သိရှိထားပြီးဖြစ်သော်လည်း အချို့သော ကိစ္စရပ်များကို ပြုလုပ်ခဲ့သေးကြောင်း ဆောက်ဂိတ်က သတိပေးခဲ့သည်။

ဆောက်ဂိတ်က "ကျွန်တော်တို့တွေက နောက်တန်းခံစစ်မှာဆိုရင် ဘိုတန်၊ ပီကေး၊ ဟမ်းမဲလ်တို့လို ကစားသမားတွေ လိုချင်တယ်လို့ ပြောခဲ့ကြတယ်။ ကျွန်တော် မစ်ဒယ်ဘရော့အသင်းကို ကိုင်တွယ်နေတုန်းက မန်ယူမှာ ကစားနေတဲ့ ပီကေးက အသက်(၂၂)နှစ်ပဲရှိသေးပြီး အခုလိုပြီးပြည့်စုံတဲ့အနေအထား မရောက်သေးပါဘူး။ ဒါပေမယ့် ဂျွန်စတုန်းကလည်း ဂွါဒီယိုလာလို နည်းပြတစ်ဦးနဲ့ လက်တွဲအလုပ်လုပ်ရဦးမှာ ဖြစ်တာကြောင့် အခုထက်ပိုပြီး တိုးတက်လာမှာပါ" ဟု ပြောကြားခဲ့သည်။

ဝေလအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရန် အခြေအနေရှိဆဲဟု ဂါရတ်ဘေးလ် ယုံကြည်

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဝေလအသင်းသည် ဆာဘီယားအသင်းနှင့် တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့သဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာအထိ ရောက်ရှိနေသော်လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် အခြေအနေရှိနေဆဲဖြစ်ကြောင်း ဝေလကစားသမား ဂါရတ်ဘေးလ်က တုံ့ပြန်ခဲ့သည်။ ဝေလအသင်းသည် အဆိုပါပွဲစဉ်ကို အိမ်ကွင်း၌ လက်ခံကစားခဲ့ပြီး မိနစ် ၃၀ တွင် ဂါရတ်ဘေးလ်က ဝေလအသင်းအတွက်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်တွင် မီထရိုပစ်၏ ချေပဂိုးကို ခွင့်ပြုခဲ့ရပြီးနောက် ဇယားထိပ်ဆုံးရှိ အိုင်ယာလန်အသင်းနှင့် ရမှတ်လေးမှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်သည်။

ဝေလအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လေးပွဲကစားပြီးချိန်တွင် တစ်ပွဲသာအနိုင်ရပြီး သုံးပွဲသရေကျခဲ့ကာ ရမှတ်ခြောက်မှတ်သာ စုဆောင်းနိုင်ခဲ့သည်။ဝေလအသင်းသည် ယူရို-၂၀၁၆ ခြေစစ်ပွဲကို စောစောစီးစီး အောင်မြင်ခဲ့ကာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း ယခုအခါ ယင်းခြေစွမ်းမျိုးမရှိတော့ဟူသော ဝေဖန်မှုများလည်း ထွက်နေသည်။ သို့သော်ဘေးလ်က လေးပွဲကစားပြီးရုံဖြင့် ခြေစစ်ပွဲအောင်၊ မအောင် အဖြေထုတ်ရန်စောသေးပြီး ဝေလအသင်းအခုထိ ရှရှားမြေတွင် ကျင်းပမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲသို့တက်ရောက်နိုင်မည်ဟု ယုံကြည်ထားဆဲဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

အီတလီအသင်း ရှစ်ဂိုးပြတ်မက အနိုင်ရသင့်ဟု နည်းပြ ပန်တူရာ ပြောကြား

အီတလီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် လက်ချင်စတိန်းအသင်းအား လေးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သော်လည်း နည်းပြဗန်တူရာက ယခုပွဲစဉ်ရလဒ်နှစ်ဆခန့်ဖြင့်ပင် အနိုင်ရသင့်ကြောင်း ပြောကြားခဲ့သည်။ အီတလီအသင်းသည် အုပ်စု(G) တွင် စပိန်အသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယား အဆင့် ၂ နေရာတွင်ရပ်တည်နေရာ ဇယားအောက်ဆုံးတွင်ရပ်တည်နေသည့် လက်ချင်စတိန်းနှင့် ပွဲစဉ်တွင် ယခုထက် ဂိုးပြတ်နိုင်ပွဲရရှိရန် လိုအပ်နေခြင်းဖြစ်သည်။

စက်တင်ဘာ၆ရက် က ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် စပိန်အသင်းက လက်ချင်စတိန်းအား ရှစ်ဂိုးပြတ်ဖြင့်အနိုင်ယူနိုင်ခဲ့ခြင်းသည်။ ဗန်တူရာက အီတလီအသင်း ပထမပိုင်းကစားပုံကို ကျေနပ်မိသော်လည်း စပိန်ကရှစ်ဂိုးပြတ်ဖြင့်အနိုင်ရသည့်အသင်းကို အီတလီအနေဖြင့်လည်း ယခုထက် ဂိုးပြတ်နိုင်ပွဲရသင့်ကြောင်း ပွဲအပြီးတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။ အီတလီအသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင် ဂျာမနီအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းကစားပွဲကစားရန်ရှိနေပြီး ယင်းပွဲစဉ်တွင် ရလဒ်ကောင်းတစ်ခုရရှိရန် မျှော်လင့်ကြောင်းလည်း ဗန်တူရာက ဆိုခဲ့သည်။

မေလဲ့သင်း - စု စည်း ရေး သား သည်

အက်သလက်တီကို ကစားသမား သုံးဦးကို မန်ယူအသင်းဆီခေါ်ဖို့ မော်ရင်ဟို ကြိုးပမ်း

မန်ယူနည်းပြမော်ရင်ဟိုက လက်ရှိခြေစွမ်းထက် ထိပ်တန်းကစားသမား သုံးဦးကို မန်ယူအသင်းဆီကို ခေါ်ယူဖို့ပြင်ဆင်နေပြီး အဆိုပါကစားသမားသုံးဦးလုံးမှာ အက်သလက်တီကို ကစားသမားများဖြစ်နေခြင်းပင်ခြင်းသည်။ မော်ရင်ဟို အလိုရှိဆုံး ကစားသမားသုံးဦးမှာ ဂရစ်ဇ်မန်း၊ ဂျီမီနက်ဇ်နှင့် ကာရက်စ်ကိုတို့ဖြစ်ကြသည်။

မော်ရင်ဟို ချမှတ်သည့် နည်းဗျူဟာကို လက်ရှိ မန်ယူကစားသမားများ အံဝင်အောင် ကစားနိုင်ခြင်းမရှိသေးရာ ကစားသမားသစ်များခေါ်ယူအားဖြည့်ပြီး သူစိတ်ကြိုက် ကစားနိုင်ခြင်းမရှိသည့် မန်ယူပိုလျှံကစားသမားများကို ထုတ်ရောင်းရန် စီစဉ်နေခြင်းဖြစ်သည်။ ထုတ်ရောင်းမည့် ကစားသမားစာရင်းတွင် မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီပင်ပါဝင်နေပြီး ရှပ်နိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်၊ ဒီပိုင်း၊ ဒါမီယန်၊ လုခ်ရှောနှင့် ခရစ်စမောလင်တို့မှာ မန်ယူအသင်းမှ ထွက်ခွာနိုင်ခြေရှိသည့် ကစားသမားများအဖြစ်ရေပန်းစားနေသည်။



မော်ရင်ဟိုက ဂရစ်ဇ်မန်းနှင့် ဂျီမီနက်ဇ်တို့နှစ်ဦးကို ကာလကြာရှည်ကတည်းက ခေါ်ယူရန် ဆန္ဒရှိနေခဲ့ပြီး ယခုနောက်ပိုင်းတွင် တိုက်စစ်မှူး ကာရက်စ်ကို၏ ခြေစွမ်းကြောင့် မော်ရင်ဟို အလိုရှိဆုံး ကစားသမားစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ ဂရစ်ဇ်မန်း ကိုယ်တိုင်ကလည်း မန်ယူသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားသည်ဟု ဝန်ခံခဲ့ဖူးသလို မန်ယူအသင်းဘက်မှ ဂရစ်ဇ်မန်းအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ အထက် အသုံးပြုရန် ဝန်လေးမည်မဟုတ်ဘဲ မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာနှင့် ဂရစ်ဇ်မန်းတို့ကြား နီးကပ်လွန်းသည့် ဆက်ဆံရေးကလည်း မန်ယူသို့ ရောက်ရှိလာနိုင်သည့် အကြောင်းရင်းထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အကယ်၍ ဂရစ်ဇ်မန်းသာ ရောက်ရှိလာပါက တိုက်စစ်မှူးဇလာတန်အီဗရာဟီမိုဗစ်ချ်နှင့် ရွန်းနီတို့နှစ်ဦးစလုံးကို မန်ယူမှ ထွက်ခွာခွင့်ပေးနိုင်ကြောင်းလည်း သိရသည်။

မော်ရင်ဟိုအနေဖြင့် တောင်ပံတိုက်စစ်မှူး ဒီပိုင်း၏ ကစားဟန်ကို စိတ်တိုင်းကျမှုမရှိရာ ဒီပိုင်းနေရာတွင် ကာရက်စ်ကိုဖြင့် အစားထိုးရန် အားထုတ်လာခြင်းဖြစ်သည်။မော်ရင်ဟိုက ကာရက်စ်ကို၏ ခြေစွမ်းကိုလေ့လာနိုင်ရန် ဟော်လန်နှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ခဲ့သောပွဲစဉ်ကို ကြည့်ရှုခဲ့သေးပြီး ယင်းပွဲစဉ်တွင် ကာရက်စ်ကိုက ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့ရာ မော်ရင်ဟိုအနေဖြင့် ၎င်းကို ခေါ်ယူနိုင်ရန် ပိုမိုခိုင်မြဲသည့် အကြောင်းတရား ရရှိခဲ့ကြောင်း မေးရာဒေးလီ သတင်းဌာနက ဖော်ပြသည်။ မန်ယူအနေဖြင့် ကာရက်စ်ကိုနှင့် ဂျီမီနက်ဇ်တို့ အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း၂၀အထက်စီ ပေးချေရရန်ရှိနေသလို ဂရစ်ဇ်မန်းအတွက်လည်း ပေါင်သန်း ၈၀ ထက်မနည်းသုံးစွဲရန်ရှိနေသောကြောင့် ဘဏ္ဍာရေးမျှခြေစည်းမျဉ်းအတွက် အသင်းရှိ ကစားသမားများကို ထွက်ခွာခွင့်ပေးရမည်ဖြစ်သည်။

ဒေါ့မွန်နည်းပြ တူချယ်လ်က ကလပ်အသင်းဥက္ကဋ္ဌ ဝက်ဇ်ကီးနှင့် ဇော့တို့နှစ်ဦးအား မန်ယူအသင်းတွင်နေရာပျောက်နေသည့် ကစားသမားဟောင်းအမ်ခီတာယန်ကို အဘ့ားစာချုပ်ဖြင့် ပြန်လည်ခေါ်ဆိုပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ဗဟိုနောက်ခံလူ မူစတာဖီအား ခေါ်ယူနိုင်ခဲ့သော်လည်း စမောလင်းကို အဘ့ားဖြင့်ခေါ်ယူရန်ပြင်ဆင်လျက်ရှိသသလို လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က ခြေစွမ်းအနည်းငယ်ကျဆင်းနေသည့် ဂျိမ်စ်မီနာ၏ နေရာတွင် အစားထိုးရန် ဘယ်တောင်ပံခံစစ်မှူး တစ်ဦးကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိရာ လုခ်ရှောနှင့် မန်ယူအသင်းကြား အခြေအနေများကို လေ့လာနေသည်ဟု အခြားသတင်းတစ်ရပ်အရ သိရသည်။

မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုအခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၃

၁၉၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့သည် ၂၀၁၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့် ပြီဖြစ်သဖြင့် မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ် အကြိုအခမ်းအနားများကို နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့၌ကျင်းပရန် စီစဉ်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ်အကြိုအခမ်းအနားများကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ မျက်နှာစာ၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ဖွင့်ပွဲကျင်းပရန် စီစဉ်ထားပြီး အစဉ်အလာ ကြီးမားသော ကင်းထောက်ဆရာများ၊ ကင်းထောက်ကြီး များအချင်းချင်း ငယ်စဉ်ဝံပုလွေကင်းထောက်၊ ရိုဗာ ကင်းထောက်များ၊ အမျိုးသမီးဌက်ပြာကင်းထောက်များက မိမိတို့ယခင်ကဝတ်ဆင်ခဲ့သည့် ဝတ်စုံများနှင့် ကင်းထောက် အဆောင်အယောင်တံဆိပ်များ ဝတ်ဆင်တက်ရောက်နိုင်ပြီး ကင်းထောက်မောင်မယ်လေးများနှင့် ကင်းထောက်ကြီးများ တွေ့ဆုံကာ ယခင်က မိမိတို့လှုပ်ရှားခဲ့သော အတွေ့အကြုံ များ ဖလှယ်ပြောဆိုနိုင်ရန်စီစဉ်ထားသည်။

မွန်းလွဲ ၁၂ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲထိ မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုအခမ်းအနား ကို ရန်ကုန်စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ နိုင်ငံကင်းထောက် ရာပြည့်အထိမ်းအမှတ်အဖြစ် ရိုဗာ ကင်းထောက်ကြီး အလက်ဘကျော်စွာ ဟသ်ာတမြင့်ငွေ ဂုဏ်ပြုစပ်ဆိုသည့် "ကင်းထောက် ဂုဏ်ရည်" တေးသီချင်း ကို ကင်းထောက်မောင်မယ်များက သီဆိုဖွင့်လှစ်ပြီး ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကင်းထောက်ကြီးများ ကင်းထောက်မောင်မယ်များနှင့် အာရှ-ပစိဖိတ်ဒေသမှ ကင်းထောက်ကိုယ်စားလှယ်များ တက်ရောက်ရန် ဖိတ်ကြားထားကာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်အလိုက် ကင်းထောက်လူငယ် မောင်မယ်များ စွမ်းရည်ပြိုင်ပွဲမှ ဆုရရှိသူများကို အမျိုးသား ကင်းစိတ်အကောင်းဆုံးဆုနှင့် အမျိုးသမီးကင်းစိတ် အကောင်းဆုံးဆုများ ချီးမြှင့်ရန်စီစဉ်ထားသည်။

ညနေ ၃ နာရီမှ ညနေ ၅ နာရီခွဲအထိ မြန်မာနိုင်ငံ ကင်းထောက် ရာပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန် တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ ကင်းထောက် မောင်မယ်များက "ပြည်သူ့အတွက် အစဉ်အသင့်" တေးသီချင်းများ၊ မြန်မာဆိုင်းဝိုင်းများ၊ ဂီတအနုပညာ ကင်းထောက်လှုပ်ရှားမှု သရုပ်ဖော်ပြကွက်များ၊ ဂီတတေး သီချင်းများဖြင့် တင်ဆက်ဖျော်ဖြေကြမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ အောက်ထပ် ၌ နိုဝင်ဘာ ၂၆ ရက်မှစပြီး အခြေခံပညာကျောင်း များအလိုက်၊ တက္ကသိုလ်အလိုက် ကင်းထောက်ပြခန်းများ၊ မြန်မာနိုင်ငံကင်းထောက် ရာပြည့် အထိမ်းအမှတ် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ရန်ပုံငွေစားသောက် ဆိုင်များနှင့် ကင်းထောက်အထိမ်းအမှတ်ပစ္စည်းများ၊ စာအုပ်စာတမ်းများ ပြသရောင်းချသွားရန် စီစဉ်ထားပြီး ယခုအခါ ရာပြည့်အထိမ်းအမှတ် စပို့ရှပ်များ၊ တီရှပ်များ၊ အသုံးအဆောင်ပစ္စည်းများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့် မြို့နယ် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးသို့ ဆက်သွယ် မှာယူနိုင်ကြောင်း သိရသည်။ **ကိုလတ် (သတင်းစဉ်)**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ခွဲ တပ်စု(၂)(ရေး)မှ တပ်စုမျူး ရဲအုပ်စန်းလွင်ဦးစီးသောတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထား တိုင်းအမှတ်(၈) ရေးဘူတာမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၁ ရက်က ရေးဘူတာယာဒ်ဝင်းအတွင်း မြက်ပင်ချိန်းယမ်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ပလက်ဖောင်းနှင့်သံလမ်းများရှိအမှိုက်များအား ကောက်ယူရှင်းလင်းခြင်း၊ သံလမ်းပို့ဇင့်များစစ်ဆေးခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်နေမှုကိုတွေ့ရစဉ်။ (ရထားတပ်ဖွဲ့)

ဗျေးဆိုင်ခေါင်မိုးသို့ မီးကူးစက်လောင်ကျွမ်း၍ မီးလောင်မှုဖြစ်ပွား

နေပြည်တော် နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၅)ရပ်ကွက်တွင် နိုဝင်ဘာ ၁၂ ရက် ည ၈ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်း အရ ညောင်လေးပင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြ ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်း သွားခဲ့သည်။ စစ်ဆေးချက်အရ အောင်ချမ်းသာလမ်းဘေးရှိ ဦးခင် မောင်မြင့်(၅၅)နှစ်၏ ဗျေးဆိုင်အတွင်း ထင်းမီးဖြင့် ဟင်းချက်ရာမှ ဗျေးဆိုင် ခေါင်မိုးသို့ မီးကူးစက်လောင်ကျွမ်း ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုကြောင့် ဗျေးဆိုင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးခင် မောင်မြင့်အား ညောင်လေးပင် မြို့မရဲစခန်းက (၀)၅၈၉/ ၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သတင်းရရှိ သည်။ **(ရဲပြန်ကြား)**

ဘုရားဖူးယာဉ် အင်ဂျင်ခန်းမှ အပူရှိန်များပြီး ဝါယာရှော့ခ်ဖြစ်ရာက မီးလောင်

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒကွိ၀ဏသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၉၃/၇)နှင့်(၁၉၄/၀) ကြားတွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၃ နာရီ ၃၅ မိနစ်က ယာဉ် တစ်စီးမီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပလွေးအမြန် လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ ရာ နံနက် ၄ နာရီ ၃ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ ညောင်တုန်းမြို့နယ် ဆားမလောက်ရွာနေ ဝင်းဗိုလ်(၄၃)နှစ်မောင်း နှင်လာသော 3M/××× ဘုရားဖူးယာဉ်သည် မောင်းနှင်လာစဉ် ယာဉ်နောက်ခန်းရှိ အင်ဂျင်ခန်းမှ အပူရှိန်များပြီး ဝါယာရှော့ခ် ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသဖြင့် ဝင်းဗိုလ်အား ပလွေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

ကားနှင့် ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်
ကင်းဝေးစေရေးအတွက်
"ကား" တိုင်းတွင်
မီးသတ်ဆေးဘူးဆောင်ထားပါ
မီးသတ်ဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၏ ၂၀၁၆-၂၀၁۷ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂ များကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့် ပတ်သက်၍လည်းကောင်း၊ ဝယ်ယူမည့်ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများ၏ အမျိုးအမည် အရေ အတွက်နှင့် အသေးစိတ်အချက်အလက်များ၊ စံနှုန်းပုံစံများနှင့် ပတ်သက်၍ လည်းကောင်း သိရှိလိုပါက ဝယ်ယူရေးလုပ်ငန်းကော်မတီသို့ ဖုန်းဖြင့် ဆက်သွယ် ၍ ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

စတင်ရောင်းချမည့်ရက်	- ၁၅-၁၁-၂၀၁၆(အင်္ဂါနေ့)
ပိတ်မည့်ရက်နှင့်အချိန်	- ၁၂-၁၂-၂၀၁۷ရက်(တနင်္လာနေ့) ညနေ ၄နာရီ
အိတ်ဖွင့်တင်ဒါရောင်းချ မည့်နေရာ	- ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး (လားရှိုး) ဝယ်ယူရေးလုပ်ငန်းကော်မတီ လားရှိုး ဖုန်း-၀၈၂-၂၂၀၃၀၃

ကျေးဇူးဆပ်ပါမည်

၁၁-၁၁-၂၀၁၆ ညနေပိုင်းတွင် ကျောက်မြောင်းမှ ၃၉လမ်း၊ ပိုလ်ချုပ် အောင်ဆန်း လမ်းထောင့်အထိ Taxi ငှားစီးရာ Taxi ပေါ်တွင် ပိုက်ဆံအိတ် နှင့်အတူ ဦးညောင်လျန်ဒါလ [၄/တဇန(နိုင်)၀၁၃၄၂၀]၊ ဒေါ်ဒိမ်ငိုက်ဝုန်[၄/ တတန(နိုင်)၀၅၂၇၄၀]၊ မောင်ပုန်ရှင်းခွါလ် [၅/ကလထ(နိုင်)၂၈၉ ၁၇၁]၊ မောင် ပုန်ရှင်းပေါင်[၅/ကလထ(နိုင်)၂၈၉၁၇၂]၊ မကျိန်ဟွဲနွမ်း[၄/တတန(နိုင်)၀၅၅ ၂၂၂]တို့၏ မှတ်ပုံတင်များ မေ့ကျန်ရစ်ခဲ့ပါသည်။ တွေ့ရှိကောက်ရပါက အကြောင်းကြားဆက်သွယ်ပေးပါရန် အနူးအညွှတ်တောင်းပန်အပ်ပါသည်။ ဆက်သွယ်ရန်-၀၁-၅၇၀၂၈၈၊ ၀၉-၉၇၅၂၈၈၄၉၁၊ ၀၉-၂၅၈၄၄၂၃၃၁၊ ၀၉-၂၆၃၅၅၃၄၀

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမျိုးဆန်းဦး[၉/စကန (နိုင်)၀၅၆၂၆၅] ကိုင်ဆောင်သည့် သဘော်ဘသားလုပ်သက်မှတ်တမ်း စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ **ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၃၆၀၀၃၀၇**

ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြော်ငြာခြင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ-(အက်စ်-၇၁)၊ မြေကွက်အမှတ် -၁၁၅၊ မြေကွက်တည်နေရာအမှတ်-၃၅၅ ကျောက်ရေ တွင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေ မြို့နယ်(မသန်းနု)အမည်ပေါက် နှစ်(၉၀) ဂရန် မြေကွက်အား အမည်ပေါက်ထံမှ အရေးအာဝယ် စာချုပ်-၁၀၄၄/၆၇(၁၈-၁၂-၁၉၆۷)အရ ဒေါ်ထေးကျင်မှ ပိုင်ဆိုင်လာပြီး ၎င်းထံမှ ပိုင်ဆိုင်စာချုပ်-၁၁၀၅/၁၆(၁၀-၃-၂၀၁၆)အရ ဒေါ်ခင်ချောစိန်၊ ဒေါ်ဒေစီ၊ ဒေါ်ခင်ဌေးမြင့်တို့မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်ချောစိန်၊ ဒေါ်ဒေစီ၊ ဒေါ်ခင်ဌေးမြင့် တို့အနက် ဒေါ်ခင်ချောစိန် [၁၂/တမန(နိုင်)၀၆၉၅၅၅]၊ ဒေါ်ဒေစီ [၁၂/ တမန(နိုင်)၀၅၅၆၆၆]တို့ထံမှ GP ၂၆၄၇၆/ ၁၄(၂၅-၉-၁၄)ရရှိသည့် ဒေါ်ခင်ဌေးမြင့် [၁၂/ တမန(နိုင်)၀၇၂၂၆၀]၌ ၎င်းကိုယ်တိုင်အတွက် ပါ ပူးတွဲလျက် သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်း ထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံချက်၊ ကျွမ်းကျိန်လွှာ၊ ကိုယ်တိုင် ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထား လာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူ မရှိသဖြင့် ဂရန် မိတ္တူချွင်ပြ/ထုတ်ပေးမည်ဖြစ်၍ မူလက အမှု တွဲအမှတ်- ၁၁၈၇ အာရိပ်-၂၅ဖြင့် ထုတ်ပေးထား သည့် ဒေါ်သန်းနုအမည်ပေါက် နှစ်(၉၀)မြေဌား စာချုပ် (ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်း နှင့်မြေစီမံခန်ဌမှူဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန်ဌမှူဌာန
ရန်ကုန်မြို့တော်ရဲပင်သာယာရေးကော်မတီ

ကြော်ငြာစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇၇
(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၈၁ အရ လွတ်ငြိမ်းခွင့်ပြုရန် လျှောက်ထားသည့်အမှု)

ကာမြူစာမြန်မာကုမ္ပဏီလီမိတက် လျှောက်ထားသူ (ယင်းကုမ္ပဏီ၏ကိုယ်စားလှယ်ဒေါ်ဆွေဆွေဝင်း၊ ဘဏ္ဍာရေးမှူးချုပ်) အမှတ်-၇၈၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်၊ ဒဏ်ပြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဏ်ပြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်-၇၈ ရှိ ကာမြူစာမြန်မာကုမ္ပဏီလီမိတက်က ကုမ္ပဏီများ အက်ဥပဒေအရ နှစ်ပတ်လည်အထွေထွေအရပ်ရပ်အစည်းအဝေး ကို သတ်မှတ်ရက်ထက် ကျော်လွန်ကျင်းပခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက် ဥပဒေပုဒ်မ-၇၆(၁)တို့ လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၂၈၁ အရ လွတ်ငြိမ်းခွင့်ပြုပါရန် လျှောက်ထား ချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်(၁၃၇စုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော ကာမြူစာ မြန်မာကုမ္ပဏီလီမိတက်၏လျှောက်ထားလွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့် လိုက်သည်။

၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ဝင်းယုဆွေ)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အမျိုးသားစာဆို ဆရာဇော်ဂျီ၏သမီးကြီး၊ ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏နာယက၊ ကလေး အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မျိုးဟန်သည် ၂၀၁၅ခုနှစ်အတွက် အမျိုးသားစာပေဆုကို သုတ ပဒေသာ(အသုံးချသိပ္ပံ)ဘာသာရပ် "ရင်သွေးတို့အရွယ် သဘာဝအလိုက်ပြုစုပျိုးထောင်ရေး"စာအုပ်ဖြင့် ဆွတ်ခူး ရရှိသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ဖြစ်ရပါ ကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၊ ဖျာပုံမြို့။

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်းမအနီး၊ ပေ(၂၀၀×၃၇၀)ရှိ မြေပေါ်တွင် RCနှစ်ထပ်တိုက်(၁)လုံး၊ RC တစ်ထပ်တိုက်(၁)လုံး ရေမီး အပြည့်အစုံ

၂။ ပေ(၁၀၀×၁၀၀)ပတ်လည်မြေကွက်၊ အုတ်တံတိုင်းခတ်ပြီး၊ အမှတ်စဉ် (၁)နှင့် (၂)တစ်ဆက်တည်းရှိသည်။

ဖုန်း- ၀၉-၈၆၁၁၇၄၆၊ ၀၉-၇၉၅၉၇၄၃၃

မှုးယစ်ကင်းစင် အလှဆင်

ကျန်းမာရေးအသိပညာပေး ဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသ

ပေါက် နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုကာ ရပ်ကွက်၊ ကျေးရွာများအရောက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်တိုင်းရင်းဆေးကုဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက မြောက်ဘက်ကျေးရွာ ရွာဦးဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ အခမဲ့ကွင်းဆင်းဆေးကုသခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးမျူး ဦးညီညီမောင်နှင့် ဝန်ထမ်းများက ကျေးရွာအတွင်းရှိ ပြည်သူများအားရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်စောင့်ရှောက်မှုများ၊ အာဟာရဖြင့် ကျန်းမာအောင် နေထိုင်မှုများကို အသိပညာပေးဟောပြောခဲ့ပြီး ဆေးကုသမှုလာရောက်ခံယူသော ပြည်သူများက မိမိတို့သိရှိလိုသည်များအားဆွေးနွေးမေးမြန်းခဲ့သည်။

ယင်းသို့ ဆေးကုသဆောင်ရွက်ရာတွင် အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေင်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဗူးနာ၊ ခါးနာ အစရှိသည့်ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်း လုပ်ငန်းများ အခမဲ့ကုသဆောင်ရွက်ပေးခဲ့ရာ ကျေးလက်နေပြည်သူ ၁၀၀ ကျော်လာရောက်ကုသမှုခံယူခဲ့ကြောင်း သိရသည်။

ညထက်တိုး (ပေါက်)

မန္တလေးမြို့အိမ်ခြံမြေသတ်မှတ်စံနှုန်းသစ်များ အတည်ပြုထုတ်ပြန်

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးမြို့ အိမ်ခြံမြေစျေးကွက်နှင့် ပတ်သက်၍ သတ်မှတ်စံနှုန်းများကို ပြည်တွင်းအခွန်များဦးစီးဌာနမှ အောက်တိုဘာလကုန်ရက်က အတည်ပြုထုတ်ပြန်လိုက်ပြီး ယခင်စံနှုန်းများထက် ၁၀ ရာခိုင်နှုန်းခန့် လျော့ကျကြောင်း တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးတင်ထွေးက ပြောသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ မြေကွက်တန်ဖိုးစံနှုန်းထားတွေ တင်ပြခဲ့ရာမှာ ပြည်သူများအတွက် ထပ်မံလျှော့ချပေးပါတယ်။ အစိုးရအဖွဲ့အတည်ပြုချက်နဲ့ ထုတ်ပြန်လိုက်တဲ့မြေကွက်စံနှုန်းထားတွေက အရင်ထက် လျော့သွားပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ အကူအညီဖြင့် ရပ်ကွက်၊ ကျေးရွာအလိုက် မြေကွက်အခြေခံစျေးနှုန်းများ ကောက်ယူပြီး ဌာနကသုံးကြိမ်စည်းဝေးပြုလုပ်ကာ တိုင်းဒေသကြီးအစိုးရထံ တင်ပြခဲ့ကြောင်း၊ အခြေပြုပစ္စည်းများဝယ်ယူရာတွင် မိမိတို့ပိုင်ဆိုင်မှုအတွက် အခွန်ရုံးတွင် အစစ်ခံပြီး စာချုပ်စာတမ်းမှတ်ပုံတင်ပြုလုပ်ထားရန်လိုကြောင်း သိရသည်။

"ဥပဒေသတ်မှတ်ချက်အရဆိုရင် ဝင်ငွေရလမ်းမဖော်ပြနိုင်တဲ့ အခြေပစ္စည်းတွေနဲ့ ပတ်သက်လို့ ၃၀ ရာခိုင်နှုန်းပေး ဖြစ်ပါတယ်။ ဒါပေမယ့် မြေကွက်တန်ဖိုးအလိုက် သက်သာတဲ့ ဝင်ငွေခွန်နှုန်းထားဖြစ်တဲ့ ၁၅ ရာခိုင်နှုန်းကစပြီး ၃၀ ရာခိုင်နှုန်းပဲ အခွန်ပေးဆောင်ရမှာပါ" ဟု ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၂-အရ မြေကွက်များကဲ့သို့ အခြေခံပစ္စည်းများဝယ်ယူရာတွင် ဝင်ငွေရလမ်းဖော်ပြနိုင်ခြင်းမရှိပါက တန်ဖိုးတစ်ကျပ်မှ ကျပ်သိန်း ၃၀၀ ထိ ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀ အထက် သိန်း ၁၀၀၀ ထိ ၂၀ ရာခိုင်နှုန်းနှင့် ၁၀၀၀ အထက်ကို ၃၀ ရာခိုင်နှုန်း ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ယခင် ဝင်ငွေခွန်ပေးဆောင်ရမည့်နှုန်းထားများမှာ တစ်ကျပ်မှ ကျပ်သိန်း ၁၀၀ ထိ ၁ ရာခိုင်နှုန်း၊ သိန်းတစ်ထောင်အထက် ကျပ်သိန်း ၅၀၀ ထိ ၂ ရာခိုင်နှုန်း၊ ကျပ်သိန်း ၅၀၀ အထက် ကျပ်သိန်း ၁၀၀၀ ထိ ၃ ရာခိုင်နှုန်း၊ ကျပ်သိန်း ၅၀၀ အထက် ကျပ်သိန်း ၁၀၀၀ ထိ ၁၀ ရာခိုင်နှုန်း စသဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ကိုယ်ပိုင်အသိဖြင့် သဘာဝသစ်တောကို ထိန်းသိမ်းကာ ရေထွက်ကောင်းမွန်အောင် ပြုလုပ်

မြစ်သား နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဖိုးအင်ရွာတွင် ရွာလုံးကျွတ် ကိုယ်ပိုင်အသိဖြင့် သဘာဝသစ်တောထိန်းသိမ်းထားလျက်ရှိသည်။ ရွာထဲကမည်သူမျှ သစ်ပင်မခုတ်ရသလို အခြားမည်သည့်ရွာမှလည်း ခုတ်ယူခွင့်မရရှိပေ။ ရွာထဲမှာ သစ်ပင်တစ်ပင်ခုတ်ပါက ဒဏ်ငွေ ၂၀၀၀ ဒဏ်ရိုက်လေ့ရှိသည်။ အခြားဝါးအခြောက်များကိုမူ ထင်းခွေခွင့်ပြုထားသည်။

ဖိုးအင်ရွာမှာ ဖိုးအင်ရေထွက်ကို အခြေပြုကာ စိုက်ပျိုးရေးပြုလုပ်ရသော ရွာဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က ဖိုးအင်တောင်ပေါ်ရှိသစ်ပင်များကိုခုတ်ကာ အခြားဒေသမှ မီးသွေးလာရောက်ဖုတ်သည့်အတွက် သစ်တောပြုန်းသွားခဲ့ဖူးသည်။ သစ်တောပြုန်းသွားသည့်အတွက် ဖိုးအင်ရေထွက်မှ တောင်ကျရေထွက်နည်းသွားကာ တောင်ကျရေခွဲဝေသုံးသည့်အထိ ရှိခဲ့ဖူးသည်။ ဖိုးအင်ရေထွက်မှရေကို ဖိုးအင်းရွာ၊ ကန်ဆည်၊ ပိန္နဲပင်ရွာနှင့် အခြားရွာများက အသုံးပြုကြသည်။ နွေရာသီရေထွက်နည်းချိန်တွင်ဒေသအခေါ် ပင်းနား(အတား) တစ်ခုဖြင့်တားကာ ခွဲဝေယူကြသည်။

သစ်တောကို လွန်ခဲ့သော ၁၄ နှစ်မှစ၍ တစ်ရွာလုံးစုပေါင်းကာ သစ်တောထိန်းသိမ်းခြင်းကို ပြုလုပ်ခဲ့ကြသည်။ သစ်တောပြန်လည်ဖြစ်ထွန်းလာခြင်းနှင့်အတူ ဖိုးအင်ရေထွက်မှာ ရေထွက်ကောင်းလာခဲ့သည်။ သစ်တောပြန်လည်ထိန်းသိမ်းခဲ့သည်မှာ နှစ်ပေါင်း ၁၄ နှစ်အထိရှိပြီဖြစ်သည်။ သဘာဝသစ်တောထိန်းသိမ်းကာ သစ်ပင်ခုတ်မှုကို ကန့်သတ်ခြင်းကြောင့် ဖိုးအင်ရေထွက်မှာ ရေပေါများစွာထွက်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိကာလတွင် ဖိုးအင်ကျေးရွာနံဘေးရှိ ဖိုးအင်တောင် ပေါ်တွင် သစ်ပင်သစ်တောထူထပ်လျက်ရှိသည်။ ဖိုးအင်ရေထွက်မှ ရေကိုအသုံးပြုကာ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ပြီး တာဘိုင်များဖြင့် ကိုယ်ပိုင်အိမ်သုံးလျှပ်စစ်များ ထုတ်ယူသုံးစွဲခြင်းကို ပြုလုပ်လာနိုင်ခဲ့သည်။ ယခုအခါတွင် ဖိုးအင်ရွာမှာ သဘာဝသစ်တောထိန်းသိမ်းသောရွာ၊ ရေပူရေအေးထွက်သည့်နေရာရှိသောရွာ၊ ဌက်ချေးဂူ(ခေါ်) လင်းဆွဂူ ရှိသော ရွာအဖြစ် တည်ရှိနေသည်။

တိမ်တမန်

ပိုးများမှုကြောင့် တောင်ယမားဆည်ရေပိုလွှဲမှ ရေများလျှံကျမှု ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ နိုဝင်ဘာ ၁၃

ပခုက္ကူခရိုင် မြိုင်မြို့နယ် ချောင်းဆုံအုပ်စု ငါးလင်းစေ့ ကျေးရွာအထက်ရှိ တောင်ယမားဆည်ရေပိုလွှဲမှ ရေတစ်ပေခွဲခန့် လျှံကျခဲ့သည့်အတွက် ပခုက္ကူခရိုင် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှ နိုဝင်ဘာ ၁၀ ရက်နံနက် ၁၁ နာရီက သွားရောက်ကြည့်ရှုရ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်ယမားဆည်သည် ပုံတောင်၊ ပုံညာ၏ ရေဝေရေလဲတွင်ပါဝင်သော ဆည်တစ်ခုဖြစ်ပြီး ယခုရက်ပိုင်းတွင် ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်တစ်ခုကြောင့် မိုးအဆက်မပြတ်ရွာသွန်း၍ ဆည်၏ ရေပြည့်အမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့ပြီး ရေပိုလွှဲမှ ရေများ ကျဆင်းပြီး ကမ်းပါးများပြိုကျခြင်း ဖြစ်ပေါ်ခဲ့သည့်အတွက် ရေပိုလွှဲရေစီးကြောင်း ပိတ်စွယ်ပင်များကြောင့် ရေစီးဆင်းမှု လွဲချော်ပြီး ကမ်းပါးများကို တိုက်စားခဲ့ကြောင်းသိရသည်။

ပခုက္ကူခရိုင် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဥက္ကဋ္ဌ ဦးကိုကိုလွင်ခေါင်းဆောင်သောအဖွဲ့သည် သတင်းရရှိမှုကို အခြေခံပြီး ငါးလင်းစေ့ကျေးရွာသို့ ကူညီဆောင်ရွက်မှုများပေးနိုင်ရေးအတွက် ပခုက္ကူခရိုင်ဆည်မြောင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အေး၊ ယင်းမာပင်ခရိုင် ဆည်မြောင်းဦးစီးဌာနမှူး ဦးမျိုးနိုင်၊ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့သည် အဆိုပါကျေးရွာသို့ ရောက်ရှိပြီး ရေပိုလွှဲရေစီးကြောင်း အတွင်းရှိ ပိတ်စွယ်ပင်များအား ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီး ကျေးရွာအနီးကမ်းပါးပြိုကျမှုအား ယာယီရေကာတန်းများရိုက်ပေးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆည်အား ၁၉၉၈-၁၉၉၉ ခုနှစ်များက တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင်ပြီးစီးခဲ့ကြောင်း သိရသည်။ တောင်ယမားဆည်သည် ပုလဲမြို့နယ်ရှိ ကျေးရွာများ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော ဆည်တစ်ခုဖြစ်ကြောင်း သိရသည်။

တင်အောင်ဝင်း

ရွှေပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၃

မိတ္ထီလာမြို့နယ်၌ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် လုပ်ခလစာတိုးတက်ရရှိရေး၊ လူစုဆောင်းမှု၌ မှားယွင်းသည့် ကျင့်စဉ်များ တားဆီးနိုင်ရေး၊ ပြည်ပထွက်ခွာရန် ကုန်ကျမှုများ လျော့နည်းရေး၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များအတွက် ဘေးကင်းလုံခြုံသည့်လူမှုကွန်ရက် တည်ဆောက်ပေးရေး၊ အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာမှုများ လျော့နည်းပပျောက်ရေးနှင့် ပိုမိုစနစ်ကျသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန် ရည်ရွယ်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်းကျင်းပသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ပန်းလေပြေဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဝင်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးမှ National Project Manager ဒေါ်ဝေနှင်းပိုက ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မိတ္ထီလာခရိုင် အလုပ်သမားညွှန်ကြားရေးဦးစီး ဌာနခရိုင်ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ဆန်းက နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအချက်အလက်များနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးမှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ခွန်တာမွန်းထွယ်က အပြည်ပြည်ဆိုင်ရာ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲခြင်းဆိုင်ရာ ငါးနှစ်တာ အမျိုးသားစီမံကိန်း ၂၀၁၃-၂၀၁၇ ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ၔင်းနောက် လူကုန်ကူးမှု တားဆီးနှိမ်နှင်းရေးအဖွဲ့မှ ရဲမှူးမျိုးလွင်က လူကုန်ကူးမှုကာကွယ်တားဆီးရေးအကြောင်းကို ဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ကြည်က ရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ဌာနမှဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူမှ ပြန်လည်ဖြေကြားခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လူစုလူဝေးအားစနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား) သင်တန်းဆင်း

စစ်ကိုင်း နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား) အမှတ်စဉ် (၄/၂၀၁၆)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲရင့်ရိပ်သာခန်းမ၌ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရဲလုပ်ငန်းတာဝန်ဝတ္တရားများ ဆောင်ရွက်စဉ် တရားခံများ၏ ပြန်လည်အကြမ်းဖက်ရန်ပြုတုံ့ပြန်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်အနာတရ ဖြစ်စဉ်များ မပေါ်ပေါက်စေရေးအတွက် လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းရာတွင် နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏ စနစ်တကျကိုင်တွယ် ဆောင်ရွက်နေမှုအား နားလည်သဘောပေါက်စေရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသသို့ ရောက်ရှိသောအခါ သင်တန်းကပို့ချပေးလိုက်သည့် သင်ခန်းစာများကို စဉ်ဆက်မပြတ် ဇာတ်တိုက်လေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်၊ ရဲစခန်း၊ ရဲကင်း အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ အရာရှိ အရာခံ၊ အကြပ်၊ တပ်သား တပ်ဖွဲ့ဝင် ရဲဘော်၊ ရဲမေ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

စော်မြင့်နိုင်(ခရိုင်ပြန်/ဆက်)

သားဖွားပညာမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ရေးလက်မှတ်ထိုး

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားနှင့် မီးယပ်ပညာအဖွဲ့နှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့ပူးပေါင်း၍ သားဖွားပညာမြှင့်တင်ရာတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါ်ယင်မြက "နိုင်ငံတော်အနေနဲ့ ကျေးရွာတစ်ရွာမှာ သားဖွားဆရာမတစ်ဦးထားရှိဖို့ ရည်မှန်းထားပေမယ့် လက်ရှိမှာ သားဖွားဆရာမဦးရေ ၃၀၀၀၀ နီးပါးသာရှိလို့ သားဖွားဆရာမဦးရေ မလုံလောက်မှုတွေ ရှိနေပါတယ်။ အခုနောက်ပိုင်းမှာတော့ နိုင်ငံတော်အနေနဲ့ သားဖွားဆရာမတွေ ပိုမိုမွေးထုတ်ပေးနေတဲ့အတွက် ဒီအခက်အခဲတွေက တစ်ချိန်ချိန်မှာ ပြေလည်သွားမှာဖြစ်ပါတယ်။ သင်တန်းသူသားဖွားဆရာမတွေကို လက်တွေ့နယ်ပယ်မှာ အတွေ့အကြုံရဖို့အတွက် ကျွန်မတို့ အသင်းကလက်ခံပြီး သင်ကြားပို့ချပေးနေပါတယ်။ ရှေ့ဆက်ပြီးလည်း သားဖွားဆရာမတွေရဲ့ ပညာရေးတွေအတွက် ကျွန်မတို့ အဖွဲ့အစည်းနှစ်ခုပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ မွေးဖွားရင်း မိခင်သေဆုံးမှုနှုန်း ကျဆင်းလာခဲ့သော်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မိခင်သေဆုံးမှုနှုန်းမှာ မျှော်မှန်းထားသည်ထက် အလွန်များနေသည်ကိုတွေ့ရသည်။ မီးဖွားနေစဉ် မိခင်သေဆုံးမှုမှာ အများဆုံးဖြစ်၍ ကလေးဖျက်ချခြင်း၊ ကိုယ်ဝန်ဆောင်ချိန်တွင် ကိုယ်ဝန်ဆိပ်တက်ခြင်း၊ မွေးပြီးသွေးသွန်ခြင်း၊ မွေးပြီးမီးတွင်းမှာ မျိုးပွားအင်္ဂါပိုးဝင်ခြင်းစသည့် အကြောင်းများကြောင့်လည်း မိခင်သေဆုံးမှုရှိခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားနှင့် မီးယပ်ပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မြသီတာက "အခုဆိုရင် ကိုယ်ဝန်ဆောင်နဲ့ မွေးကင်းစကလေးစောင့်ရှောက်မှုလုပ်ငန်းတွေကို OG နဲ့ သားဖွားဆရာမများသာမက OG မဟုတ်သော ဆရာဝန်တွေလည်း လုပ်နေကြပါပြီ၊ အဓိကဖြစ်တဲ့ OG နဲ့ သားဖွားဆရာမတွေ လက်တွဲပြီး လုပ်လက်စကို ဆက်လက်၍ပိုမိုလုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထားပါတယ်"ဟု ရှင်းပြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေး၊ မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားနှင့် မီးယပ်ပညာအဖွဲ့နှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့မှ တာဝန်ရှိသူများ၊ USAIDနှင့် MCSPတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုမို

တီဘီရောဂါရှာဖွေစမ်းသပ်မှုနှင့် အထွေထွေရောဂါကုသပေးမှု မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့ရှိကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

မိုးနဲ နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် နှင့်ကျိုင်းတောင်းမြို့ရှိ ရပ်ကွက်နှင့်ကျေးရွာများရှိ ဒေသခံပြည်သူများ သက်ရှည်ကျန်းမာစွာ ရှင်သန်နေထိုင်နိုင်ရေးအတွက် တီဘီရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ သလိပ်စစ်ဆေးပေးခြင်းနှင့် အထွေထွေရောဂါကုသပေးခြင်းကို ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာ ဒေါ်အိအိချော ဦးစီးသောအဖွဲ့နှင့် မိုးနဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဇင်မီဟန် ဦးစီးသောအဖွဲ့တို့ ပူးပေါင်း၍ မိုးနဲမြို့ပေါ်ရှိရပ်ကွက်များ၊ မယ်ဇလီမြိုင်ကျေးရွာ၊ ဆိုက်ဖယ်ကျေးရွာ၊ ကျိုင်းတောင်းမြို့ တုန်ဟုန်းကျေးရွာနှင့် ကွန်မုံ(S/C)တို့တွင် ဒေသခံပြည်သူများအား နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကွင်းဆင်းစစ်ဆေးစမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်မှုတွင် ဒေသခံပြည်သူ ၁၃၉၇ ဦးအား အထွေထွေရောဂါကုသပေးနိုင်ခဲ့ပြီး တီဘီရောဂါရှာဖွေစမ်းသပ်ပေးမှု ၅၉၀ နှင့် သလိပ်စစ်ဆေးစမ်းသပ်ပေးသူ ၅၁ ဦး တို့အားဓာတ်မှန် ၊ လိုအပ်သောစစ်ဆေးစမ်းသပ်မှုများနှင့် ဆေးဝါများအခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)

အလုံမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာ ဗိုင်းရပ်စ်ရောဂါနှင့် ချီကန်ဂန်ညာရောဂါများ ထိန်းချုပ်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

အလုံ နိုဝင်ဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ၊ ဇီကာဗိုင်းရပ်စ်ရောဂါနှင့် ချီကန်ဂန်ညာရောဂါများ ထိန်းချုပ်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီက အလုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါကာကွယ်နှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော့မွန်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်စင်နှင့် ဆရာဝန်များ၊ သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာကျော့မွန်ဝင်းက ဇီကာဗိုင်းရပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးပြောကြားသည်။

တင်မောင်ဦး (အလုံ)

စားသောက်ကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ–မရှိစစ်ဆေး

မြင်းမူ နိုဝင်ဘာ ၁၃

စားသုံးသူများ အစားအစာများ ဝယ်ယူသုံးစွဲရာတွင် သန့်ရှင်းလတ်ဆတ်သော ကုန်ပစ္စည်းများဖြစ်ရေး၊ ရောင်းချသူများမှလည်း မိမိရောင်းချသောကုန်ပစ္စည်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိပြီး ရောင်းသူနှင့် ဝယ်သူကြား စားသောက်ကုန်ပစ္စည်းများမှန်ကန်မှုရှိရေး၊ အသိပညာပေးစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှဦးဆောင်လျက် မြို့နယ်စီ/ခန့်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များသည် မြင်းမူမြို့မ ဈေးအတွင်း-အပြင် ဆိုင်ခန်းများအား နိုဝင်ဘာ ၁၀ ရက်က အသိပညာပေး၊ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့အဓိက စစ်ဆေးတာကတော့ သုံးစွဲခွင့်မပြုတဲ့ ဆိုးဆေးသုံးစွဲပါဝင်ခြင်း ရှိ- မရှိ၊ တာရှည်ခံ ဓာတုဆေးအသုံးပြုထားခြင်း၊ သက်တမ်းလွန်နေခြင်း၊ မှိုတက်အစားအစာဖြစ်နေခြင်း၊ Ready Made အစားအစာတွေ ဆိုလည်း ပါဝင်ပစ္စည်းစာရင်း၊ FDA ထောက်ခံချက် ပါ- မပါ၊ အဲ့ဒီပစ္စည်းထုတ်လုပ်တဲ့စက်ရုံရဲ့ လိပ်စာ၊ ဖုန်းနံပါတ်၊ နေရာ ပါ-မပါ၊ ရက်လွန်နေမှု ရှိ- မရှိ ဒါတွေကိုရောင်းချသူတွေသိရှိအောင် ပညာပေးရှင်းလင်းပြသပေးခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ခိုင်မိမိမို့က ပြောပြသည်။

ယင်းသို့စစ်ဆေးဆောင်ရွက်ရာတွင် စစ်ဆေးပညာပေးအဖွဲ့အနေဖြင့် ငါးသေတ္တာဘူးများ၊ ReadyMade မုန့်များ၊ ဆေးဆိုးငါးပိ၊ ဆေးဆိုးမျှစ်၊ အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်များ၊ ပျံကျရောင်းချလျက်ရှိသော၊ ပဲမျိုးစုံ၊ ကြာဆံနှင့် အချိုရည်ဘူးများအား စစ်ဆေး၍ ရောင်းချသူများ သိရှိလိုက်နာရမည့် အချက်အလက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်စိုးဝေ (IPRD)

လူငယ်နှင့်မူးယစ်ဆေးဝါးပြဿနာ သန်လျင်၌ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကြီးမှူးကျင်းပသော လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်နံနက် ၁၀ နာရီက သန်လျင်မြို့နယ် မင်းဂလွန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ရှေးဦးစွာ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ကြီးက လူငယ်နှင့် မူးယစ်ဆေးဝါး၊ ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး (MANA) ဒုတိယ ဥက္ကဋ္ဌ ဦးဥာဏ်ဝင်းက ဥပဒေရေးရာနှင့် ပတ်သက်၍ လည်းကောင်း၊ သပြေကန်ရဲကင်းစခန်းမှ ရဲအုပ်ကျော်ညွှန့်က လူကုန်ကူးမှုအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ သန်လျင်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးကြင်ဟန်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က သန်လျင်မြို့နယ်အတွင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါး အသိပညာပေး ဓာတ်ပုံ နံရံကပ်စာစောင်များ ခင်းကျင်းပြသပေးခဲ့သည်။

သန်းဝင်း (သန်လျင်)

နမ့်ဆန်မြို့တွင် ကျေးရွာပေါင်း ၂၀ ရှာ၌ လွှတ်တော်ရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နမ့်ဆန် နိုဝင်ဘာ ၁၃

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်အတွင်း ကျေးရွာ ၂၀ ၌ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် လမ်း၊ တံတား၊ ရေရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်ခြင်းအစရှိသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်ထိ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်ရန်ပုံငွေနှင့် အတူ အချို့ကျေးရွာများတွင် ကျေးရွာပြည်သူလူထု၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ အများသုံးရေကန် တည်ဆောက်ခြင်း၊ ကျေးရွာချင်းဆက် လမ်းများဖောက်လုပ်ခြင်းနှင့် စာသင်ကျောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာနေပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်မဲခရိုင်(ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ်၌ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဧက ၁၀၀ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ဆိပ်ဖြူ နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စနစ်တကျဧက ၁၀၀ ကွင်းအမှတ် ၁၁၂/၁၉၄၂ မြင်ကဝကျွန်းကွင်း၊ ဦးပိုင်အမှတ် ၁၀၉/၁ တောင်သူ ဦးလှဦး၏ GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သည့် ဆင်းသုခ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားတွင် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ကိုနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်အေးကြူနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက စနစ်တကျဧက ၁၀၀ တောင်သူဦးလှဦး၏ သုည ဒသမ ၁၀ မိုးစပါးထွက်နှုန်းစံကွက်ရိတ်သိမ်းတွက်ချက်ခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ စပါးစိုက်တောင်သူများအတွက် ပံ့ပိုးကူညီပေးသည့် KUBOTA (DC-706) စပါးရိတ်သိမ်းခြွေလှေစက်ဖြင့် ရိတ်သိမ်းပေးခဲ့ပြီး မိုးစပါးစံကွက် တစ်ဧကအထွက်နှုန်း စပါးအစို ၁၂၅ တင်း၊ အခြောက် ၁၁၄ တင်းထွက်ရှိသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ စပါးစိုက်တောင်သူများအတွက် ပံ့ပိုးကူညီပေးသည့် KUBOTA (DC-706) စပါးရိတ်သိမ်းခြွေလှေစက်သည် စပါးစိုက်ပျိုးထုတ်လုပ်သူများအတွက် အကျိုးဖြစ်ထွန်းကြောင်း၊ ပုံမှန်စပါးတစ်ဧက စပါးရိတ်သိမ်းဆောင်ရွက်လျှင် စပါးရိတ်သိမ်းရာတွင် လုပ်သား ၂၀ ခန့်ဆောင်ရွက်ရပြီး တစ်နေ့လုပ်သားတစ်ဦး ၅၀၀၀ ကျပ်ဖြင့် လုပ်သား ၂၀ အတွက် တစ်သိန်းကျပ်ကုန်ကျမှုရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ စပါးစိုက်တောင်သူများအတွက် ပံ့ပိုးကူညီပေးသည့် KUBOTA (DC-706) စပါးရိတ်သိမ်းခြွေလှေစက်သည် တစ်ဧကလျှင် ၄၀၀၀၀ ကျပ်သာကုန်ကျမှာဖြစ်ကြောင်း၊ တောင်သူများနေဖြင့် စပါးလေလွင့်ဆုံးရှုံးမှု၊ အချိန်ကုန်သက်သာစေပြီး လုပ်သားရှာပါးမှုပြဿနာများနှင့် စပါးရိတ်သိမ်းလုပ်သားစရိတ်များပါ သက်သာလာမည်ဖြစ်ကြောင်း စပါးစိုက်ပျိုးထုတ်လုပ်သူတောင်သူဦးဝင်းဦးက ပြောကြားသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

မိုးစပါးများရိတ်သိမ်းရန်ခက်ခဲ၍ခြွေလှေစက်ကြီးများဖြင့်အသုံးပြုလာ

ဗန်းမောက် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း၌ မိုးစပါးဆောင်းရာသီစိုက်မြေပဲ အများဆုံးစိုက်ပျိုးလျက်ရှိသော မြို့နယ်ဖြစ်သည်နှင့်အညီ ယခု ၂၀၁၆ ခုနှစ် မိုးစပါးများကိုကျေးရွာအုပ်စု ၄၇ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူလယ်သမားများက သတ်မှတ်ထားသော စီမံကိန်းလျာထားချက်အတိုင်း စိုက်ဧက ၄၅၅၆၇ ဧက စိုက်ပျိုးခဲ့ကြသည်။

မိုးစပါးစိုက်ခင်းများမှာ အောက်တိုဘာ နောက်ဆုံးပတ်မှစတင်၍ ရင့်မှည့်လျက်ရှိရာ ရိတ်သိမ်းရန်ပြင်ဆင်နေကြသော်လည်း ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိနေသဖြင့် စပါးရိတ်သိမ်းရန် အခက်အခဲရှိနေကြသည်။

ယင်းနောက် ဗန်းမောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက နိုဝင်ဘာပထမပတ်တွင် မိုးအဆက်မပြတ်ရွာသွန်းနေသောကြောင့် စပါးရိတ်သိမ်းရာတွင် လုပ်သားဌားရမ်းခများ စရိတ်ကြီးမြင့်ပြီး လုပ်ငန်းများ တွင်ကျယ်မှုမရှိဖြစ်နေသောကြောင့် ရိတ်သိမ်းခြွေလှေစက်ကြီးများကို ဌားရမ်းအသုံးပြုလာကြသည်။

သိမ်းစက်ခြွေလှေရိတ်ဌားရမ်းခမှာ တစ်ဧကငါးသောင်းခွဲကျပ်သာဖြစ်၍ အချိန်တိုအတွင်း ရိတ်သိမ်းနိုင်သောကြောင့် အချိန်ကုန်လည်းသက်သာ၊ လူလည်းသက်သာပြီး လုပ်ငန်းတွင်ကျယ်မှုရှိသည်ကို တွေ့ရသောကြောင့် ဒေသခံတောင်သူများ စိတ်ဝင်စားလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်များကြောင့် စပါးရိတ်သိမ်းရာတွင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းဒဏ်ကို ခံနေရသဖြင့် စပါးအထွက်နှုန်းလျော့မည်ကိုတောင်သူလယ်သမားများ စိုးရိမ်နေကြသည်။

၂၀၁၆ ခုနှစ် မိုးစပါးများကိုရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စိုက်ဧက ၃စက၄၇ ဧက စိုက်ပျိုးထားရှိသည့်အနက် မြို့မရပ်ကွက် ကွင်းအမှတ် ၂၉၂+၆ ဦး၊ ဦးပိုင်အမှတ် ၃၃ ရှိတောင်သူ ဦးညွှန့်အောင်နှင့် မကျီးကုန်းကွင်းအမှတ် ၂၉၅ (က)၊ ဦးပိုင်အမှတ် ၄၄ ရှိတောင်သူ ဦးကြားမောင်တို့ စိုက်ပျိုးထားသော မိုးစပါးဆင်းဧကရိသုံးစပါးများအား ရိတ်သိမ်းခြွေလှေစက်ဖြင့် ရိတ်သိမ်းနေမှုကို ဒေသခံတောင်သူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

ယခုအခါ အချိန်အခါမဟုတ် မိုးရွာသွန်းလျက်ရှိနေသဖြင့် လယ်သမားများမှာ စပါးရိတ်သိမ်းမှုနောက်ကျနေကြသဖြင့် စပါးအထွက်နှုန်း လျော့နည်းမည်ကို စိုးရိမ်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

၂၀၁၆–၂၀၁၇ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ဖြူးမြို့တွင်ကျင်းပ

ဖြူး နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ၂၀၁၆-၂၀၁၇ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဖြူးမြို့နယ် ညောင်ကားယားကျေးရွာ ကွင်းအမှတ် ၇၉၉ ရှိ တောင်သူဦးမောင်မောင်သန်း၏ လယ်မြေဆင်းသုခမျိုးစပါး စံကွက်တွင် ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုကို၊ စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးလှမြင့်၊ စိုက်ပျိုးရေးတက္ကသိုလ် ညောင်ပင်သာကျောင်းခွဲ ကျောင်းအုပ်ကြီး ဒေါက်တာသက်လင်း၊ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် အမှတ် (၈၇) စက်မှုလယ်ယာဦးစီးဌာနတို့မှ ဦးစီးမှူးများ၊ ဖြူးမြို့နယ် ဆန်စပါးကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တောင်သူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ဆင်းသုခမျိုးသန့်ထုတ်စိုက်ခင်းကို စနစ်တကျရိတ်သိမ်းကြရာ တစ်ဧက ၈၁ ဒသမ ၆၄ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

မိုးစပါးစံပြကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြ

ဘီးလင်း နိုဝင်ဘာ ၁၃

သထုံခရိုင် ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်၍ ဇွဲကလာကျေးရွာရှိ ဦးထွန်းဝေ၏ ကွင်းပိုင်းအမှတ် ၂၆၃ (က)၊ ဦးပိုင်အမှတ် (၁/၁) တွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက စပါးမျိုးကွဲ တောင်ပုံမွှေး မိုးစပါးစံပြကွတ်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ကျင်းပခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ ခရိုင်မြေစာရင်းဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမ ; မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ရိတ်သိမ်းပြီးသောစပါးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်ဆွေဦးဆောင်၍ မိုးစပါးတစ်ဧကကို ကတ္တားဖြင့် ၄၆ ပေါင် တစ်တင်းနှုန်းချိန်တွယ်ရာ တင်း(အစို) ၇၀ ဒသမ ၃၇ တင်းထွက်ရှိပြီး ဘီးလင်းမြို့နယ်အနေဖြင့် ၁၀၆၃၂၇ ဧကတွင် ထိုနေ့ထိရိတ်သိမ်းပြီးဧကမှာ ၃၀၆၄၄ ဧကပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စစ်ကိုင်းတိုင်းအတွင်း ပေါ်ဆန်းမွှေးနှင့် ဧရာမင်းမှာ စျေးကွက်ခိုင်မာ

စစ်ကိုင်း နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးများဖြစ်သည့် ပေါ်ဆန်းမွှေးနှင့် ဧရာမင်းမှာ ဒေသတွင်းစျေးကွက်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ နေပြည်တော်သို့ ပို့ဆောင်ရသည့်အတွက် စျေးကွက်အခိုင်အမာရှိသောကြောင့် အောက်ပိုင်းဒေသ ရောဝတီ၊ ပဲခူးနှင့် ရန်ကုန်ရှိ ဆန်စပါးစျေးများကဲ့သို့ ကျဆင်းဖွယ်မရှိကြောင်း စစ်ကိုင်းတိုင်းအတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များက ခြုံငုံသုံးသပ်ခန့်မှန်းထားသည်။

"စစ်ကိုင်းတိုင်းမှာ အခုနှစ် မိုးစပါးတွေအဖြစ် ဧရာမင်း၊ ပေါ်ဆန်းမွှေး စိုက်ဧက ရှစ်သိန်းကျော်၊ မှော်ဘီ-၂ ဆင်းဧကရီ စိုက်ဧက ၃၇၀၀၀၀ ကျော်၊ ရွှေသွယ်ရင်း၊ မနောသုခ၊ မနော်ဟရီ စပါးစိုက်ဧက သုံးသိန်းကျော် စုစုပေါင်းစိုက်ဧက ၁၄ သိန်းကျော်ကို တန်းမြင့်စပါးအဖြစ် ထုတ်လုပ်ခဲ့တာပါ။ ပေါ်ဆန်းမွှေးနဲ့ ဧရာမင်းက ဒေသတွင်းစျေးကွက်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ နေပြည်တော်တို့မှာ စျေးကွက်အခိုင်အမာရှိနေပြီး မှော်ဘီ-၂ နဲ့ ဆင်းဧကရီ-၃ က ကချင်ပြည်နယ်နဲ့ တရုတ်၊ ဗန်းမော်စျေးကွက်ရှိနေတဲ့အတွက် အခုနှစ်မိုးစပါးအထွက်လျှင်ချိန် ဆန်စပါးစျေးနှုန်းဟာ အောက်ပိုင်းဒေသတွေမှာလိုကျတာမရှိပါဘူး။ အလတ်စပါးစျေးတစ်တင်းကို ကျပ် ၅၀၀၀၊ ဧရာမင်း၊ ပေါ်ဆန်းမွှေးလို တန်းမြင့်စပါးစျေးဟာ တစ်တင်းကို ကျပ် ၈၀၀၀ အထက် အဖွင့်စျေးဖြစ်ပေါ်နိုင်ပါတယ်"ဟု ရွှေဘို ခရိုင်ဆန်ကုန်သည်တစ်ဦးက သုံးသပ်ပြသည်။

ပေါ်ဆန်းမွှေး၊ ဧရာမင်း နွေ ၇၄၇ နွေအသွယ်တို့၏ စပါးနှင့် ဆန်စျေးနှုန်း အခြေအနေသည် ရွှေဘိုပေါ်ဆန်းမွှေး တင်း ၁၀၀ လျှင် ကျပ် ၁၁၅၀၀၀၀ နှင့် ၁၂၈၀၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်လျှင် ကျပ် ၃၈၀၀၀ နှင့် ကျပ် ၄၁၀၀၀ ဖြစ်သည်။

ထို့ပြင် ဧရာမင်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းနှင့် ၁၀၅၀၀၀၀ စျေးရှိပြီး ဧရာမင်းဆန်တစ်အိတ်လျှင် ၃၉၀၀၀ ကျပ်နှင့် ၄၃၀၀၀ ကျပ်ဖြစ်သည်။ နွေစပါး ၇၄၇ စပါးတင်း ၁၀၀ လျှင် ၅၀၀၀၀၀ ကျပ်နှင့် ၅၇၅၀၀၀ ကျပ်၊ ဆန်တစ်အိတ်လျှင် ၁၉၀۰۰ ကျပ်နှင့် ၂၀၀۰۰ ကျပ်၊ နွေအသွယ်တင်း ၁၀၀ လျှင် ကျပ် ၄၉၅၀۰۰ နှင့် ၅၂۰۰۰۰ ကျပ်၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၈၅۰۰ နှင့် ၂۰۰۰۰ ကျပ် စျေးများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ်ကပေါက်သောစျေးနှင့် နှိုင်းယှဉ်လျှင် ဧရာမင်းစပါးနှင့် ဆန်စျေးမှာမြင့်၍ အခြားစပါးဆန်စျေးများ စျေးအေးနေကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ ဆန်စားသုံးသူများမှာ ရွှေဘိုပေါ်ဆန်းမွှေးထက် ဧရာမင်းဆန်ကို ပိုမိုစားသုံးသောကြောင့် ယခုနှစ် ဧရာမင်းစပါးနှင့်ဆန်စျေးမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည် (၉) စံပြကွက် ကွင်း သရုပ်ပြပွဲ ကျင်းပ

မြိုင် နိုဝင်ဘာ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ဝင်းနှင့်အဖွဲ့သည် မြိုင်မြို့နယ် ထန်းဘူးတောကျေးရွာအုပ်စု ထန်းဘူးတောကျေးရွာ ဦးဝင်း၏ မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည် (၉) စံပြကွက် တောင်သူပညာပေးကွင်းသရုပ်ပြပွဲသို့ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ပညာပေးပြောကြားခဲ့သည်။

အဆိုပါပညာပေးဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခြင်းနှင့် မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဌေးက ငွေချည် (၉) ချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များနှင့် ဝါစိုက်ပျိုးရေးနည်းစနစ်ကောင်းများ၊ ပေါင်းမြက်အန္တရာယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ဓာတ်မြေဩဇာသုံးစွဲနည်းစနစ်များနှင့် ပိုးသတ်ဆေးသုံးစွဲမှုများ၊ ငွေချည် (၉) ဝါ၏ အရည်အချင်းလက္ခဏာများမှာ အခြားဝါမျိုးများထက် ပိုမိုကောင်းမွန်၍ အထွက်ကောင်းသော မျိုးကောင်းမျိုးသန့်အရည်အသွေးရှိသည့် ဝါမျိုးဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားရာ တက်ရောက်ကြသော တောင်သူများ၏ သိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၁၅၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ **အောင်ကျော်မြင့်**

မြန်မာစာပေနှင့် လမ်းဘေးတက္ကသိုလ်များ၏ အနာဂတ်

ဒေါက်တာငြေးအောင်

ဆရာကြီးဇေယျရှိစဉ်က လမ်းဘေးစာအုပ်ဆိုင်များကို လမ်းဘေးတက္ကသိုလ်များဟု ဆရာကြီးက တင်စားခေါ်ဝေါ်ရေးသားခဲ့သည်ကို ဖတ်ဖူးခဲ့ပါသည်။ ဆရာကြီးက အဆိုပါ လမ်းဘေးတက္ကသိုလ်များမှ ပညာရပ်ပေါင်းများစွာ လေ့လာသင်ယူနိုင်ပုံကို ဆောင်းပါးရှည်တစ်စောင် ရေးသားခဲ့ပါသည်။ ယနေ့အချိန်အခါတွင်မူ ရန်ကုန်မြို့တွင် အဆိုပါလမ်းဘေးတက္ကသိုလ်များသည် အတည်တကျမရှိဖြစ်နေ၍ လမ်းဘေးတက္ကသိုလ်များ ဆက်လက်အသက်ရှင်သန်နိုင်ရေးအတွက်နှင့် အဆိုပါလမ်းဘေးတက္ကသိုလ်များနှင့် မြန်မာစာပေ ဆက်စပ်လျက်ရှိပုံကို ဤဆောင်းပါးတွင် တင်ပြလိုပါသည်။

၁၉၇၅-၁၉၈၅ ခုနှစ်ဝန်းကျင်က ရန်ကုန်မြို့ ပန်းဆိုးတန်း ကုန်သွယ်လယ်ယာရုံးအောက် စာအုပ်အဟောင်းတန်းနှင့် မြေနီကုန်းညစျေး စာအုပ်အဟောင်းတန်းတို့မှာ စာပေမွေ့သူများ၏ နှလုံးသည်းပွတ်နေရာများဖြစ်ခဲ့ကြပါသည်။ ထိုနေရာများမှ စာအုပ်များသည် အသစ်တွေ့လို ဈေးမကြီးသလို၊ အဟောင်းတန်းပီသစွာ နှစ်ရှည်လများက ထုတ်ဝေခဲ့သော စာအုပ်များကို တစုတစည်းတည်းရနိုင်ခဲ့သည့် နေရာများဖြစ်ခဲ့ကြပါသည်။ ပန်းဆိုးတန်း ကုန်သွယ်လယ်ယာရုံးကြီး မီးလောင်ခြင်းနှင့် မြေနီကုန်းညစျေးကိုဖျက်၍ ဒဂုန်စင်တာတည်ဆောက်လိုက်ချိန်တွင် စာအုပ်အဟောင်းတန်းခေါ် လမ်းဘေးတက္ကသိုလ်များ တစ်စစီလွင့်ခဲ့ကြရပါသည်။

ထိုသိုဖြစ်လာချိန်တွင် အရင်းအနှီးရှိသူတချို့က ၃၇ လမ်းဝန်းကျင်တွင် မြေညီထပ်များ၌ ဆိုင်ခန်းများ ဖွင့်၍ စာအုပ်ဟောင်းဈေးကွက်ကို အသက်ဆက်ခဲ့ကြပါသည်။ အရင်းအနှီးမတတ်နိုင်သူများကမူ ပန်းဆိုးတန်းနှင့် ၃၇ လမ်းဝန်းကျင်ရှိ ပလက်ဖောင်းများတွင် အဆင်ပြေသလို ဖွင့်ခဲ့ကြရသည်ကို တွေ့ရပါသည်။ တချို့အသစ်ရောင်းသော ဆိုင်ကြီးများတွင် အဟောင်းကိုပါ တစ်စင်တင်ကာ ပူးတွဲရောင်းချကြသည်လည်း ရှိလာပါသည်။ ထိုသိုရောင်းချနေကြရာတွင် တန်ဖိုးကြီးစာအုပ်အများစုမှာ အရင်းအနှီးရှိသူ ဆိုင်ခန်းပိုင်ရှင်များထံတွင်သာ ရှာ၍ရတတ်ပါသည်။ သာမန်လမ်းဘေး စာအုပ်အဟောင်းဆိုင်များမှာ အခြေအနေအရ တန်ဖိုးကြီးစာအုပ်များကို ဝယ်ယူရောင်းချနိုင်စွမ်းမရှိတတ်ကြပါ။ အဆိုပါ ဆိုင်ကြီးများ အနေနှင့်လည်း ဆိုင်ခန်းငှားရမ်းခ၊ အလုပ်သမားခ စသည်တို့ ကြီးမြင့်နေသည်နှင့်အမျှ ထိုဆိုင်များရှိ စာအုပ်အဟောင်းရောင်းဈေးသည် ထုတ်ဝေစဉ်ကာလက မူရင်းအသစ်ဈေး၏ ၃-၄ ဆခန့်အထိ မြင့်တက်နေတတ်ပါသည်။

ထို့အပြင် စာပေသမားအများစုမှာ ဝမ်းရေးခက်ချိန်တွင် မိမိတို့ပိုင်စာအုပ်များကို ရင်နာနာနှင့်ပင် ထုတ်ရောင်းတတ်ကြရာ ထိုအချိန်မျိုးတွင် အဆိုပါဆိုင်ကြီးများ၏ ပြုသမျှကို ခံကြရပါသည်။ ဈေးနှိမ်ထားမှန်းသိသော်လည်း လွမ်းရေးထက် ဝမ်းရေးခက်ချိန်တွင် မတန်တဆဈေးနှိမ်မှန်းသိသော်လည်း ရောင်းချကြရပါသည်။ ဆိုလိုသည်မှာ စာအုပ်အဟောင်းဈေးကွက်သည် ဆိုင်ခန်းငှားရောင်းချနေသူများ၏ လက်ထဲတွင် လုံးလုံးလျားလျား တည်ရှိနေသည်ဟု ဖြစ်ပါသည်။

မီဒီယာလောကထွန်းကားလာချိန်၊ ဖေ့စ်ဘုတ်များ တွင်ကျယ်လာချိန်တွင် စာဖတ်သူ နည်းပါးလာသည်နှင့်အမျှ အငှားဆိုင်များပြုတ်၍ ဝယ်လိုအားကျဆင်းလာသည်နှင့်အမျှ ထုတ်ဝေသူများကလည်း အုပ်ရေကို ၅၀၀ ဝန်းကျင်သာရိုက်နိုပ်ကြပါသည်။ မြန်မာတစ်ပြည်လုံးဖြန့်ဝေပြီးချိန်တွင် အဆိုပါ ၅၀၀ မှာ ပြန်ရှာမရတော့ပါ။ ဒုတိယအကြိမ် ထပ်ရိုက်လောက်အောင် မပေါက်သော စာအုပ်တစ်အုပ်အတွက် ပထမအကြိမ်က ရှားပါးနေရာ ထိုအချိန်တွင် အဟောင်းဆိုင်များက အရေးပါလာပါသည်။ သူတို့တောင်းသလောက်ပေးမှ စာအုပ်ကို ရမည်ဆိုတာ မျိုးဖြစ်လာတတ်ပါသည်။

အဆိုပါဆိုင်ပိုင်ရှင်များ အနေနှင့်လည်း ဆိုင်ခန်းခနှင့် အလုပ်သမားခကျေရန် ဈေးတင်ရသည်ဟု အကြောင်းပြကြပါသည်။ သို့ဖြစ်ပေရာ ဆိုင်ခန်းခကို သက်သက်သာသာနှင့် နိုင်ငံတော်မှ ချထားပေးမည်ဆိုပါက မကြီးသင့်ဘဲကြီးနေသော စာအုပ်ဈေးများ အတန်အသင့် ကျဆင်းလာပြီး အများစုလည်း လက်လှမ်း မီလာမည်ဖြစ်ပါသည်။ ထိုသို့ စာအုပ်ဆိုင်များအဖြစ် နိုင်ငံတော်မှ ချထားပေးနိုင်သောနေရာ တစ်ခုကို စာရေးသူအနေဖြင့် စဉ်းစားမိပါသည်။ ထိုနေရာမှာ နိုင်ငံရေးစာပေပွဲတော် ပြုလုပ်ပေးခဲ့သော ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရုံးဟောင်းကြီးပင်ဖြစ်ပါသည်။

အခန်းပေါင်းများစွာ၊ အထပ်ပေါင်းများစွာရှိသော ထိုအဆောက်အအုံကြီးကို ယခုလိုအပြည့်အဝ အသုံးမချဘဲ ထားမည့်အစား အတည်တကျ မရှိနေသော စာအုပ်အဟောင်းဆိုင်များကို ဖွင့်ခွင့်ပေးလိုက်လျှင် စာချစ်သူအများစုက သြဘာပေးကြမည် ထင်ပါသည်။ နေ့စဉ် ဆာလာအိတ်ထဲသွတ်၍ သိမ်းဆည်းနေရ၍၊ လမ်းဘေးတွင် ဆိုင်ခင်းထားစဉ်နေပူ၊ မိုးမိ၍ စာအုပ်များ နွမ်းကေ၊ ပျက်စီးခြင်းမှလည်း ကင်းဝေးသွားမည်ဖြစ်ပါသည်။ ဆိုင်ကြီးများ၏ ခေါင်းပုံဖြတ်အမြတ်တင်မှုကို ကာကွယ်ရန်တွက် ရောင်းလိုသော စာအုပ်ကို လက်ခံပေးထားပြီး ရောင်းရချိန်တွင် ဝန်ဆောင်မှု အသင့်အတင့်ယူပေးသော နိုင်ငံတော်ပိုင် ဆိုင်တစ်ခုကိုပါ ထိုနေရာတွင် ဖွင့်လှစ်ပေးမည်ဆိုပါက အတိုင်းထက်အလွန်ပြည့်စုံသွားမည် ဖြစ်ပါသည်။

ထို့အပြင် သက်ဆိုင်ရာ စာပေတိုက်အလိုက် အရောင်းဆိုင်များ၊ စာပေဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် အခန်းငယ်များ၊ ပြခန်းငယ်များပြသရန် အခန်းငယ်များ၊ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်များ၊ အမြန်စား စားသောက်ဆိုင်များ၊ စာပေဆိုင်ရာ ပြခန်းများကိုပါ ပူးတွဲပေးနိုင်ပါသေးသည်။

ဝန်ကြီးချုပ်ဦးနုလက်ထက်က စာပေအတွက် စာပေဝိမာန်၊ ဘာသာပြန်စာပေအသင်း တည်ထောင်ပေးခြင်း၊ စွယ်စုံကျမ်း၊ လူထုသိပ္ပံကျမ်းများထုတ်ပေးခြင်းစသည်ဖြင့် စာပေအကျိုးမြှင့်တင်ပေးခဲ့သည်ကို တွေ့ရပါသည်။ ယနေ့ နိုင်ငံတော် သမ္မတကြီးသည်လည်းမြန်မာစာပေ၏ ထင်ရှားလှသော ဆရာကြီးမင်းသုဝဏ်၏သားပီသစွာဖြင့် အမျိုးသားစာကြည့်တိုက်ကြီးကို လူမနီး သူမနီးနေရာမှ သွားလာရလွယ်ကူသည့်နေရာသို့ ပြောင်းရွှေ့ပေးခဲ့သည်ကို အားရကျေနပ်မိပါသည်။ ယခုတင်ပြလာသော လမ်းဘေးတက္ကသိုလ်များ တည်တံ့ရှင်သန်ရေးအတွက် အစီအစဉ်ကို အထက်ဖော်ပြပါနေရာတွင်ဖြစ်စေ၊ အခြားသင့်တော်သောနေရာ တစ်နေရာရာတွင်ဖြစ်စေ စီစဉ်ခွင့်ပြုပေးပါက မြန်မာစာပေတိုးတက်ရေးအတွက်သာမက မြန်မာစာချစ်ပရိသတ်အတွက်ပါ တက္ကသိုလ်တက်ခွင့်ရကြပြီး တိုင်းပြည်တိုးတက်ရေးအတွက် ဆတက်ထမ်းပိုး ကြိုးစားနိုင်မည် ဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။

ကျောက်ဆည်ခရိုင် တရားရုံးဝန်ထမ်းများအား ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

ကျောက်ဆည် နိုဝင်ဘာ ၁၃

ကျောက်ဆည်တရားရုံးနှင့် ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့တို့မှ စာရေးဝန်ထမ်းများအား ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်ပွဲ အမှတ်စဉ် ၁/၂၀၁၆ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲက ခရိုင်တရားရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ခရိုင်တရားသူကြီး ဦးညီညီအေးက တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းရှိစေရေး၊ ဘတ်ဂျက်နှင့် ငွေစာရင်းကိစ္စရပ်များ သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် ပို့ချပေးသော ဘာသာရပ်များကို အလေးထားလိုက်နာသင်ယူသွားကြရန် ပြောကြားသည်။ အဆိုပါသင်တန်းကို ဝန်ထမ်းများ တာဝန်ချိန်လစ်ဟင်းမှုမရှိစေရန်အတွက် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်လွင်

ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ထားဝယ် နိုဝင်ဘာ ၁၃

နယ်မြေဒေသအသီးသီးသည် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ ဘဝမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များက နှစ်စဉ်ဖွံ့ဖြိုးရေးရန်ပုံငွေများ ခွင့်ပြုပေးပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် လမ်း၊ တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းစုစုပေါင်း ၁၀၈ ခုအတွက် ရန်ပုံငွေကျပ်သန်း ၅၈၉ ဒသမ ၃၈၉ ဖြင့် ခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အတွက် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်နှင့် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်တို့သည် အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)

အသက်ကယ်ဝတ်စုံ (Life Jacket) လျှုဒါန်းပွဲကျင်းပ

သရက် နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့လျှုဒါန်းသော အသက်ကယ်ဝတ်စုံ (Life Jacket) လျှုဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက သရက်-အောင်လံ ပဲ့ထောင်ဆိပ်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရေယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက (Life Jacket) များ လျှုဒါန်းပေးရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်က ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှုဒါန်းသည့် အသက်ကယ်ဝတ်စုံ (Life Jacket) ၆၈ ထည်အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးကပေးအပ်ရာ စက်တပ်ရေယာဉ်ပိုင်ရှင်များက လက်ခံပေးခဲ့သည်။ ယင်းနောက် လျှုဒါန်းပေးထားသည့် (Life Jacket) အကျီမျိုးအား နံနက် ၈ နာရီခွဲတွင် သရက်မှ အောင်လံသို့ ထွက်ခွာမည့် လိုင်းရေယာဉ်စီးနင်းသည့် ခရီးသည်များအား မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျ ဝတ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

တာချီလိတ်၌ လမ်း၊ တံတား နှစ်တို၊ နှစ်ရှည် ၁၅ နှစ်စီမံကိန်းရေးဆွဲရေး ရှင်းလင်း

တာချီလိတ် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက်က ကျေးလက်ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ လမ်း၊ တံတား၊ နှစ်တို၊ နှစ်ရှည် ၁၅ နှစ် စီမံကိန်းရေးဆွဲရေး ရှင်းလင်းတင်ပြ ဆွေးနွေးခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က ၁၅ နှစ် စီမံကိန်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက် လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှု၊ စီမံကိန်း၏ နှစ်အလိုက်ဆောင်ရွက်မည့် လမ်းများပေါ်၌ လိုအပ်သည့် တံတားများကို အပြီးဆောင်ရွက်ရန်၊ အသုံးပြုမည့်လမ်းများ၏ အကျိုးပြုကျေးရွာအုပ်စု၊ ကျေးရွာ၊ အိမ်ထောင်စု၊ လူဦးရေ၊ အရေအတွက်ပေါ်မူတည်၍ ဦးစားပေးရေးဆွဲရန်၊ ဖောက်လုပ်မည့်လမ်း၏ လူမှုစီးပွားရေးအကျိုးပြုမှုနှင့် နေ့စဉ်အသုံးပြုသည့် ယာဉ်စီးရေ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းအများ၊ အချိန်ကုန်သက်သာမှုအပေါ်မူတည်၍ ရွေးချယ်ရန်၊ လမ်း၊ တံတားများကို စီမံကိန်းရေးဆွဲရာ၌ လမ်းမဟာဗျူဟာ မူဘောင်နှင့်အညီ ရေးဆွဲရန်စသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစတ်က မိုင်းကိုးကျေးရွာအုပ်စု၊ ယန်းခမ်း(၂)ကျေးရွာသို့ မြစ်မ်းရောင်ရန်ပုံငွေ သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၁၁)

ကျေးရွာအခြေပြုရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းရေးရန်ပုံငွေပေးအပ်

ကနီ နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးရွာအခြေပြုရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းမှုမြှင့်တင်ရေးအစီအစဉ် (WASH) ပတ်ဝန်းကျင်သန့်ရှင်းရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာန္တယ်က ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းမှုလုပ်ငန်းများကို ကနီမြို့နယ်နှင့် ထိစပ်လျက်ရှိသော ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ကျေးရွာပေါင်း ၄၀ ကို ကျန်းမာရေးနှင့်ညီညွတ်သော ရေသန့်ရရှိရေးအတွက် စီမံချက်ချဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်နီးပါးဆောင်ရွက်နိုင်ခဲ့ပြီး ယခုကျေးရွာလေးရွာမှ ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာများ ဆောင်ရွက်ရန် ပံ့ပိုးရန်ပုံငွေများလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် Save The Children မှ တာဝန်ရှိသူ ဦးတင်မောင်ဝင်းက ကျေးရွာများရှိ အိမ်သာများကို ကြွေခွက်တပ်အိမ်သာဆောက်လုပ်ရန်အတွက် ကျေးရွာမှ ပူးပေါင်းပါဝင်သော ရန်ပုံငွေနှင့် (SC)မှ ပံ့ပိုးရန်ပုံငွေပူးပေါင်း၍ ကျေးရွာမှထည့်ဝင်ငွေက တစ်ဆဆိုလျှင် (SC)ကတစ်ဆခွဲ ထည့်ဝင်ထောက်ပံ့မှုဖြင့် ကြုံသလိုမစင်စွန့်ခြင်း ကင်းလွတ်အောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသော ကျေးရွာကျန်းမာရေးကော်မတီဝင်များက ဆောင်ရွက်မည့် အခြေအနေနှင့် ပတ်သက်၍ သိရှိလိုသည်များ တင်ပြဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဝက်ချောင်းကြီးကျေးရွာ၊ ရွာသာ၊ ရသယာနှင့် ဒေါင်းခြံကျေးရွာတို့အတွက် ရန်ပုံငွေများလွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံ ရယူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာလုပ်ငန်းများကို သြစတြေးလျမှ ပံ့ပိုးကူညီမှုဖြင့် ကနီမြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာပေါင်း ၄၀ တွင် ဆောင်ရွက်မည်ဖြစ်ပြီး အိမ်ထောင်စု ၅၀၄၉ စုနှင့် လူဦးရေ ၂၆၉၆၃ ဦးတို့အား တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

နိုင်ငံတကာအထိ ထိုးဖောက်ရန် ရည်ရွယ်လျက်ရှိသော စစ်ကိုင်းမြို့ရွာထောင်ရွာက ကြေးပန်းချီလုပ်ငန်း

စစ်ကိုင်း နိုဝင်ဘာ ၁၃

မြန်မာတို့ခေတ်အဆက်ဆက် အသုံးပြုလာသော ကြေးကို ဆန်းသစ်တီထွင်ပြီး ခေတ်နှင့်လျော်ညီစွာ မွမ်းမံ၍ ကြေးဖြင့်ဖန်တီးထားသော ပန်းချီကားချပ်သည် ယခုအခါ ပြည်တွင်း၌ စိတ်ဝင်စားလူကြိုက်များလာပြီး အလုပ်ဖြစ်လာသောကြောင့် ပြည်တွင်းသာမက နိုင်ငံတကာအထိစျေးကွက်သို့ ရောက်ရှိရန် ရည်ရွယ်၍ ဖန်တီးပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကြေးဖြင့်ပြုလုပ်သည့် ပန်းချီကား ရုပ်ကြွများမှာ အိမ်အလှဆင်ခြင်းလုပ်ငန်း၊ အိမ်တက်မင်္ဂလာ၊ မွေးနေ့မင်္ဂလာများတွင် လက်ဆောင်ပေး၍သာမက ဟိုတယ်လုပ်ငန်းအလှဆင်ရန် အသုံးပြုလာသည့်အတွက် ပိုမိုတွင်ကျယ်လျက်ရှိသည်။

ကြေးပန်းချီကားချပ် ပြုလုပ်ပုံနှင့်ပတ်သက်၍ "ကျွန်တော်တို့က မိုလောင်းတာမဟုတ်ဘူး။ ကြေးပြားကို စူး၊ ဆောက်တွေအသုံးပြုပြီး အနုစိတ်ပြုလုပ်ရတယ်။ ပထမဆုံးလိုချင်တဲ့ ပုံစံဒီဇိုင်းဆွဲရတယ်။ ပုံစံပေးလုပ်ခိုင်း ရင်လည်းရတယ်။ လက်နဲ့ ထွင်းထုပြုလုပ်တာဆိုတော့လိုချင်တဲ့ပုံစံ အနုစိတ်လုပ်လို့ရတယ်။ လိုချင်တဲ့ထွင်းထုပြီးရင် မလိုတဲ့အပိုင်းဖြတ်ထုတ်ရတယ်။ ပြီးရင်အရောင်တင်တယ်။ ကတ္တီပါနောက်ခံနဲ့ ဘောင်ကွပ်ပြီး စျေးကွက်မှာရောင်းချတယ်။ ပန်းချီအခြေခံရှိပြီးသား သူတွေအတွက် လုပ်ကိုင်ရင်ပိုပြီးအဆင်ပြေတယ်။ ရှစ်ပေမှ ကြီးမားတဲ့အရွယ်အစားထိ လိုချင်တဲ့ပုံစံလက်ခံဆောင်ရွက်ပေးပါတယ်။ ပြည်တွင်းစျေးကွက်မှာတော့ ရောင်းအားလည်းကောင်းတယ်။ လူကြိုက်လည်းများတယ်။ ဒီလုပ်ငန်းကို နိုင်ငံတကာထိုးဖောက်ဖို့အထိ ရည်ရွယ်ပြီး ဖန်တီးဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းမြို့ ရွာထောင်ရွာမှ ကြေးပန်းချီလုပ်ငန်းပြုလုပ်သူ ကိုကျော်ကျော်က ပြောပြသည်။

အဆိုပါကြေးဖြင့်ပြုလုပ်သောပန်းချီကားချပ်များမှာ မြန်မာ့ဇာတ်တော်ကြီး ၁၀ ဘွဲ့၊ ဟသ်မောင်နှံ၊ တိရစ္ဆာန်ရုပ်လေးများ၊ မြန်မာတို့၏ အသုံးအဆောင်ပစ္စည်းများကို အမှတ်တရအဖြစ် ကြေးဖြင့်ပုံဖော်ကာ မြန်မာ့ယဉ်ကျေးမှုကို ဖော်ပြနေသည်။ ကြေးကိုပုံဖော်ပြီး ဆန်းသစ်စွာ တီထွင်ဖန်တီးထားသော ကြေးပန်းချီကားချပ်များကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများထိ စျေးကွက်ရယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သိန်းသိန်းညွန့်နှင့်အဖွဲ့သည် ဖျာပုံခရိုင် အတွင်းရှိ ဖျာပုံအကျဉ်းထောင်၊ ဖျာပုံမြို့နှင့် ဘိုကလေးမြို့မရဲစခန်း အချုပ်ခန်းများ၊ ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ် ရဲတပ်ဖွဲ့အချုပ်ထောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော တောင်ညိ၊ ဆယ်သိမ်း၊ ကျောင်းစု၊ မရမ်းခုံ၊ မအူလေးပင်ကျေးရွာများတွင် နိုဝင်ဘာ ၁၀ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် တံခွန်တိုင်ချောင်း၊ ချောင်းမကြီးချောင်းမှ လျှံတက်လာသော ချောင်းရေများကြောင့် မအူလေးပင်ကျေးရွာအတွင်းရှိအိမ်ခြေ ၉၈ လုံးအတွင်းသို့ အမြင့်ပေ သုံးပေခန့် ရေဝင်ရောက်ခဲ့ရာ ရေဝင်ရောက်ခြင်းခံရသည့် နေအိမ်များတွင် နေထိုင်သောလူဦးရေစုစုပေါင်း ၁၆၈ ဦးအနက် ၁၀၁ ဦးအား ရေဝင်ရောက်မှုမရှိသည့် ဆွေမျိုးများနေအိမ်တွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိပြီး ၆၀ ဦးအား မအူလေးပင် (အလက-ခွဲ)ကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ရွှေ့ပြောင်းထားပြီးကျန် ခုနစ်ဦးအား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင် ဆရာတော်မှခေတ္တတည်းခိုနေထိုင်ရန်ခေါ်ပြီးမရမ်းခုံကျေးရွာတွင် အိမ်ခြေ ၁၄ လုံး အတွင်း၌ ရေများအမြင့်ပေ နှစ်ပေခန့် ဝင်ရောက်ခဲ့ပြီး ကျေးရွာအဝင်လမ်းရှိ Box Culvert အရှည်၁၈ပေ၊ အကျယ် ၅ ပေ) တစ်စင်း ပျက်ဆီးဆုံးရှုံးခဲ့ပြီး ကျန်ကျေးရွာများတွင် ရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရသည်။

အဆိုပါရေများဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ နိုဝင်ဘာ ၁၁ မွန်းလွဲ ၂ နာရီက နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဦးအေးမောင်စိန် ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများအတွင်းမှ ပြည်သူများအား သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ရေနစ်မြုပ်လျက်ရှိသည့် ရေတွင်းများအား အမြန်ဆုံးပြန်လည်တူးဖော်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

အလုပ်သမားဥပဒေပါ အကြောင်းအရာများ အသိပညာပေးဆွေးနွေး

မိုးညင်း နိုဝင်ဘာ ၁၃

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ အလုပ်သမားဥပဒေပါရပိုင်ခွင့်များကို မှန်မှန်နှင့် ပြည့်ပြည့်ဝဝရရှိစေခြင်းဖြင့် ကုန်ထုတ်စွမ်းအားမြင့်မားလာစေရန်ဆိုသည့် ရည်မှန်းချက်ဖြင့် ပြည်နယ်အသီးသီးမှ အစိုးရသစ်၏ ဒုတိယရက် ၁၀၀ ကာလအတွင်း အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၉ နံနက် ၉ နာရီက ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် နားခါရပ်ကွက်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ထွန်းက မိမိတို့ဦးစီးဌာနအနေဖြင့် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်ရရှိစေရန် စည်းကြပ်အကောင်အထည်ဖော်နေကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေ ပေးချေရေးဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်သမားဥပဒေပါ အကြောင်းအရာများ၊ ကလေးအလုပ်သမားအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဦးစီးအရာရှိ(ဥပဒေ) ဦးဇော်လင်းထွေးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ရှောင်ရန်၊ ဆောင်ရန်ကိစ္စများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

အသိပညာပေးဆွေးနွေးပွဲသို့ မိုးညှင်းမြို့နယ် စည်းကြပ်နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ အလုပ်ရှင်၊ မန်နေဂျာ၊ တာဝန်ရှိသူများ၊ အလုပ်သမားများ ၈၀ ခန့် တက်ရောက်ကြောင်းသိရသည်။

ကြေးမုံ

ကျေးလက်ဒေသရှိပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသ

ကျိုင်းတောင်း နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ကျိုင်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း တီဘီလူနာများအားကွင်းဆင်းရှာဖွေကုသခြင်း (Mobile Team) လုပ်ငန်းများကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံတွင် အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကုသရာတွင် ပြည်နယ်တီဘီ ဆရာဝန် မအိအိချော၊ မိုးနဲမြို့နယ်ဆရာဝန် မဇင်မီဟန်၊ Drအောင်ကျော်ဇောအဖွဲ့တို့နှင့် ကျိုင်းတောင်းမြို့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး ဒေသခံပြည်သူများအားနာ၊ နှာခေါင်း၊ သွားနှင့်ခံတွင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ အာရုံကြောနှင့် ဓာတ်မှန်စသည့် အထွေထွေရောဂါများအား ရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်းများဆောင်ရွက်ပြီး လိုအပ်သည့် ဆေးဝါးများကိုလည်း အခမဲ့ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရန်ကုန်တက္ကသိုလ် သင်္ချာမိသားစု၏ (၁၉)ကြိမ်မြောက်

သက်ကြီးအာစရိယပူဇော်ပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲကို ၁၅-၁-၂၀၁၇ ရက်(တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

သက်ကြီးအာစရိယပူဇော်ပွဲ

၁၅-၁-၂၀၁၇ ရက်၊ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်တက္ကသိုလ်၊ အပန်းဖြေခန်းမ(RC)

မိသားစုမိတ်ဆုံညစာစားပွဲ

၁၅-၁-၂၀၁၇ရက်၊ ညနေ ၆ နာရီမှ ၉ နာရီထိ ရန်ကုန်တက္ကသိုလ်၊ သစ်ပင်ပင်မြက်ခင်းပြင်

သို့ဖြစ်ပါ၍ အလျှင်ငွေထည့်ဝင်လျှောက်ထားလိုသူများနှင့် မိတ်ဆုံညစာစားပွဲ လက်မှတ်ဝယ်ယူလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ကြပါသည်။

၁။	ဒေါက်တာဒေါ်ဝင်းကြည်	ဖုန်း-၀၉-၅၀၂၀၈၀၂	၂။	ဒေါက်တာကေသီတင်	ဖုန်း-၀၉-၅၁၅၃၁၆၂
၃။	ဒေါ်လဲ့လဲ့ဆွေ	ဖုန်း-၀၉-၅၁၄၃၁၇	၄။	ဦးအေးသိန်း	ဖုန်း-၀၉-၇၃၆၆၆၇၇
၅။	ဦးမောင်မောင်မြင့်	ဖုန်း-၀၉-၂၅၄၃၁၆၈၅၇	၆။	ဦးရဲကျော်သူ	ဖုန်း-၀၉-၇၃၀၈၆၁၃၇
၇။	ဦးထူးဇော်တင့်	ဖုန်း-၀၉-၅၀၁၅၇၃၇	၈။	ဒေါ်စွမ်	ဖုန်း-၀၁-၂၃၀၀၅၅
၉။	ဒေါ်ခင်မေမေအေး	ဖုန်း-၀၉-၅၄၁	၁၀။	ဦးသန်းထွန်	ဖုန်း-၀၉-၄၅၀၀၅၆၃၆
၁၁။	ဒေါ်အောင်ဥမ္မာ	ဖုန်း-၀၉-၅၀၃	၁၂။	ရန်ကုန်တက္ကသိုလ်သင်္ချာဌာန	ဖုန်း-၀၁-၅၃၆၃

အထက(၂) တာမွေ (ယခင် တာမွေတန်းမြင့်) ကျေးဇူးရှင် မြတ်ဆရာပူဇော်ပွဲ

အထက(၂)တာမွေ(ယခင်တာမွေတန်းမြင့်) ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၄-၁၁-၂၀၁၆ ရက် (ကြာသပတေးနေ့)(အမျိုးသားနေ့)၊ နံနက် ၁၁:၀၀ နာရီတွင် အထက(၂)တာမွေ၊ အုန်းတောခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (၁၉၅၁ မှ ၂၀၁၆)အထိ (၅)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀ နှစ်နှင့်အထက် ဆရာကြီး/ဆရာမကြီးများ (ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ) ဂါဝရေပြုခံရန်နှင့် (မည်သည့်ခုနှစ်မဆို) ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်) ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလျှင်ငွေထည့်ဝင်လိုလျှင် ကိုဇော်ရမ်း ဖုန်း-၀၉-၂၆၀၆၆၃၄၄၈၊ ကိုသန်းနိုင်ဦး ဖုန်း-၀၉-၇၃၀၄၇၄၅ ကိုခင်မာလွင် ဖုန်း-၀၉-၄၃၁၁၀၄၇၇၀၊ ကိုစိုးပိုင် ဖုန်း-၀၉- ၇၇၃၇၃ ၆၀၂ ဒေါ်နီနီစိုး ဖုန်း-၀၉-၂၅၀၀၉၀၁၀၃၊ ဒေါ်ချိုဝင်းကျော် ဖုန်း-၀၉-၄၂၀၀၇၅၁၁၆၊ ဒေါ်တင်မြင့်ဝင်း ဖုန်း-၅၅၄၉၄၄၊ အထက(၂)တာမွေမုံးခန်း ဖုန်း-၅၄၂၃၇နှင့် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်(ဒဂုံဘဏ်ခွဲ)၊ BANK ACCOUNT No-၀၀၂၁၂၃၀၀၀၀၀၀၀၂၆ (KBZ နှင့်လည်း ဘဏ်ချင်းချိပ်ဆက်ထားပါသည်။)တို့ကို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ "NO.2.B.E.H.S Tamwe"Facebook တွင်လည်း ဝင်ရောက်ဆက်သွယ်နိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

(၁)	မွေးမြူရေးထုတ်လုပ်မှု - သက်ဆိုင်သောဘာသာရပ် ဘွဲ့ရ(သို့)ဘွဲ့ရ	မန်နေဂျာ	(၂)ဦး
(၂)	စိုက်ပျိုးရေး(အသီးနှံနှင့်ပန်း)	ကျွမ်းကျင်သူ	(၃)ဦး
(၃)	စာရင်းကိုင် - ဘွဲ့ရ၊ LCCI Level(II)	(ကျား)	(၃)ဦး
(၄)	အထွေထွေလုပ်သား	(ကျား)	(၁၀)ဦး
(၅)	လုံခြုံရေး	(ကျား)	(၅)ဦး

အမှတ်စဉ်အားလုံးအတွက် အသက်(၂၅)နှစ်အထက်နှင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။

[မှတ်ချက်။ ခြီတွင်နေရမည်၊ လစာညှိနှိုင်း၊ နေစရိတ်၊ စားစရိတ်ငြိမ်း)

လိုအပ်သောအထောက်အထားစာရွက်များ၊ ရဲစခန်း/ရပ်ကွက်ထောက်ခံချက်၊ မှတ်ပုံတင်/သန်းခေါင်စာရင်းမိတ္တူ။ ဓာတ်ပုံ(၂)ပုံတို့နှင့် အတူ ၃၀-၁၁-၂၀၁၆ ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။]

ဆက်သွယ်ရန်လိပ်စာ - RG Company Ltd၊ အမှတ်(153/F)၊ ဝေဇယန္တာလမ်း၊ သယ်နီးကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

(ORANGE Super Market နှင့် မျက်စောင်းထိုး)

ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၂၃၅၅၆၇

စက်မှုလက်မှုသိပ္ပံ (ပြည်) G.T.I (Pyay) ကျောင်းသား/ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ (ပြည်) ၏ တပည့်များအပေါ် ရှေးရှုမေတ္တာ၊ ကရုဏာဖြင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်ကာ၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ချိုသာဆုံးမ၊ သွန်သင်ပြသခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၏ မြင်းမိုရ်မကကြီးမားလှသည့် ဂုဏ်ကျေးဇူးကို ခြွေဆုရည်သန် မေတ္တာမှန်ဖြင့် ကန်တော့ဦးချပြုလိုလှပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကန်တော့ခံ ကြွရောက်ချီးမြှင့်ပေးပါရန် လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပြည်တွင်းပြည်ပရောက် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းညီအစ်ကိုမောင်နှမများအားလုံးလည်း မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လျှုဒါန်းလိုသူများမှာ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။

၁။ ဦးလှဌေး (ဥက္ကဋ္ဌ)	၀၉ ၅၁၃၂၂၁၄	၂။ ဦးအောင်မိုး (ဒုဥက္ကဋ္ဌ-၁)	၀၉ ၅၁၅၃၉၉၅
၃။ ဦးချစ်ထွန်း (ဒုဥက္ကဋ္ဌ-၂)	၀၉ ၅၀၁၉၇၇၁	၄။ ဦးရန်နောင်ဝင်း (အတွင်းရေးမှူး-၁)	၀၉ ၅၁၃၁၉၈၅
၅။ ဦးကျော်သိန်းနိုင် (အတွင်းရေးမှူး-၂)	၀၉ ၅၁၀၅၆၂၃	၆။ ဒေါ်ခင်ကျော်ကျော် (ဘဏ္ဍာရေးမှူး)	၀၉ ၄၃၀၅၃၄၄၄

- ကျင်းအမည်အစီအစဉ် -

နေ့ရက် - ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၁၂) ရက် [၁၁-၁၂-၂၀၁၆] တနင်္ဂနွေနေ့

အချိန် - ညနေ ၄:၀၀ နာရီ

နေရာ - "မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမ"၊ မင်းဓမ္မလမ်း။

မြတ်ဆရာပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ

ဆယ့်ရှစ်အုပ်မြောက်အသစ်ကိုမျှော်လင့်စောင့်စားဖေးမြန်းနေသူများအတွက်

ဘဂေါ

ညမဖတ်ရ

ရွှေဂုရင်မ

ထွက်ပြီ

ရန်ကုန်ပြန့်ချိုရေး-စောဦးစာပေ၊ စံလှစာပေ၊ မြတ်ပန်းရဂုံစာပေ၊ မွန်မြတ်ရတနာစာပေ၊ မိတ်ဆွေစာပေ။

မန္တလေးပြန့်ချိုရေး-နဂါးစာပေ၊ ထွန်းဦးစာပေ၊ ဒေတာမီစာပေ၊ မင်းမဟော်စာပေ၊ မောင်မောင်ပြေစာပေ။

မော်လမြိုင်ပြန့်ချိုရေး-ကျော်ကျော်စာပေ။ မုံရွာပြန့်ချိုရေး-အောင်မင်္ဂလာစာပေ။ ပျဉ်းမနားပြန့်ချိုရေး-သော်တာစန်းစာပေ

ဆယ့်ရှစ်အုပ်မြောက်စာအုပ်နှင့် ဘဂေါ၏ထွက်ရှိပြီး စာအုပ်များကို လက်လီလက်ကား စုံလင်စွာ မှာကြားနိုင်ပါပြီ။

ပင်ရင်းပြန့်ချိုရေး-အရှေ့ဘက်ကောင်းကင်စာပေထုတ်လုပ်ပြန့်ချိုရေး ဖုန်း-၀၉ ၄၂၁၀၅၆၃၃၅၊ ၀၉ ၅၃၁၅၃၀၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-၃၂၉၊ မြေကွက်တည်နေရာအမှတ်(၃၂၉)၊ သစ္စာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါ်ပုံမြို့နယ်၊ ဦးလှမြင့်(TME-၀၀၄၅၃၃)၊ ဒေါ်ဆာဖြူတာ(BE-၀၃၅၈၀၈) အမည်ပေါက် နှစ်(၆၀)မြောင်းဂရန်မြေအား ဒေါ်ပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၆၉/၂၀၁၄)တွင် (တရားလို) ဒေါ်အေးမြင့်နှင့် ဦးမျိုးမင်းထွန်းတို့က (တရားပြိုင်) ဦးလှမြင့်နှင့် ဒေါ်ဆာဖြူတာတို့အပေါ် စွဲဆိုရာ ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားလိုဖြစ်သူ ဒေါ်အေးမြင့်နှင့် ဦးမျိုးမင်းထွန်းတို့၏ အမည်ပေါက် ဆောင်ရွက်နိုင်ရန်အတွက် နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်များ အားလုံးကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားပြိုင်(၂)ဦးတို့မှ တရားလို(၂)ဦးတို့သို့ အိမ်နှင့်မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးစေရန် အနိုင်ဒီကရီချမှတ်သည့် ၃-၁၀-၂၀၁၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၆၄/၂၀၁၄) အမိန့်တို့ကိုတင်ပြလျက် (တရားရုံး) ဦးလှမြင့်နှင့် ဒေါ်ဆာဖြူတာတို့ကိုယ်စား ဒေါ်ပုံမြို့နယ်တရားရုံး ဘီလစ်ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်စာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘွဲ့ရဝန်ထမ်း အလိုရှိသည်

(၁) စီမံ/ဘဏ္ဍာဌာန

(၂) အရည်အသွေးစစ်ဆေးရေးဌာန

Ph-09-73243977, 09-73193312

သင့်သွေးဖြင့်အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၆၈၊ မြေကွက်အမှတ် 2nd Eastern Division of I Class 3၊ မြေကွက်တည်နေရာအမှတ်-၂၆၈၊ အနောက်ရထားလမ်း (၅)ရပ်ကွက်၊ ပန်းပဲတန်းမြို့နယ်၊ Hajee Abdul Rashid(a) U Tin Shwe အမည်ပေါက်မြေပိုင်မြေအား ဦးတင်ရွှေ(CC-၀၄၀၆၃၅)သည် ၈-၃-၂၀၀၈ရက်တွင် လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်သည် ၂၆-၁၀-၂၀၁၁ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ သားသမီး(၈)ဦးအနက် ဒေါ်ရင်မေသည် ၂၃-၅-၂၀၀၆ရက်တွင် အပျိုကြီးဘဝဖြင့် လည်းကောင်း၊ ဦးတင်မြင့်သည် ၁-၅-၂၀၀၁ ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဒေါ်အေးအေးမြင့်သည် ၁၀-၅-၂၀၁၃ရက်တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း၊ အသီးသီးကွယ်လွန်၁၅ ကျန်သားသမီးများဖြစ်သော (၁) ဦးကျော်မြင့်(၁၂/ပဘတ(နိုင်)၀၂၂၃၈၀)၊ (၂)ဒေါ်စန်းမြင့်(၁၂/ပဘတ(နိုင်)၀၀၄၉၅၉)၊ (၃) ဒေါ်ခင်ကြည် (PBDN-၀၀၀၇၆၀)၊ (၄) ဒေါ်လှမြင့်(၁၂/တမန(မြ)၀၀၀၆၅၂)၊ (၅)ဒေါ်အုန်းမြင့်(၁၂/ပဘတ(နိုင်)၀၂၂၄၀၁) တို့မှ အမည်ပေါက်စာချုပ်အမှတ်-၂၀၃၄/၆၃ (၃၁-၁၂-၁၉၆၃)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့နှင့်အတူ ကတိသစ္စာပြုလွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မမော် အိမ်၊ ခြံ၊ ပြေပန်ဆောင်မှု

Ph : 43113406, 09-32306670,09-780365890

ထောတာ်ကြေနိုင် ၊ ဇေဝီဘီ ၊ ဖင်လာခုံ

၁။	၄၀' × ၁၀၀'	မြေသီးသန့်	၂၅၀
၂။	၃၆' × ၁၂၀'	လမ်းကျယ်၊တိုးဂိတ်အနီး	၆၅၀
၃။	၂၀' × ၈၀'	ပြည်လမ်းအနီး	၃၀၀
၄။	၄၀' × ၅၀'	မြေသီးသန့်	၁၅၀
၅။	၁၀၀' × ၁၀၀'	ဂရန်	၂၅၀၀
၆။	၁၀၀' × ၁၀၀'	မြေသီးသန့်	၄၅၀
၇။	၈၀' × ၁၀၀'	မြေသီးသန့်	၅၀၀
၈။	၁၂၀' × ၁၂၀'	မြေသီးသန့်	၇၅၀
၉။	၂၅' × ၈၇'	မြေသီးသန့်	၂၅၀

ဘမှတ်(၉/၁၁)ရေပေါက်ကူးနိုးရပ်ကွက်၊အမှတ်(၃)ဖြိုးဖြူလမ်းမကြီး၊ ဖင်လာခုံမြို့နယ်။

ကန်ထရိုက်တာ ဦးခင်မောင်လတ်[၁၂/သကတ(နိုင်)၀၂၂၂၃၆]အား လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၂၃၅/၁၄ကို ရွှပ်သိမ်းကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၈-ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်-၅၀၉/၅၁၅-က နေ ဦးမိုဟာမက်ယာကွတ်(ဘ)အတ္တိုးယားမှ ကန်ထရိုက်တာ ဦးခင်မောင်လတ်အား လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၂၃၅/၁၄ ကို ယနေ့မှစ၍ ရွှပ်သိမ်းကြောင်းနှင့် ကန်ထရိုက်တာ ဦးခင်မောင်လတ် အနေဖြင့် အထူးကိုယ်စားလှယ်လွှဲစာတွင် ဖော်ပြထားသော လုပ်ပိုင်ခွင့်များ ကိုလည်း လုပ်ပိုင်ခွင့်မရှိတော့ကြောင်း ကန်ထရိုက်တာ ဦးခင်မောင်လတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမိုးဟာမက်ယာကွတ်(ဘ)အတ္တိုးယား၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခိုင်မြင့်ကျော် LL.B,D.B.L (ဇေယျာ)ဦးစိန်လှိုင် B.A (Law) LL.B
အထက်တန်းရှေ့နေ-၃၇၃၀၅ တရားလွှတ်တော်ရှေ့နေ-၂၄၃၃
အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တက္ကသိုလ်(ကြည့်မြင်တိုင်နယ်မြေ)ဓာတုဗေဒအဓိကကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

၁၉၈၂၊ ၁၉၈၃၊ ၁၉၈၄၊ ၁၉၈၅၊ ခုနှစ်များတွင် ဓာတုဗေဒမေဂျာသို့ စတင်ဝင်ရောက်ခဲ့ကြသော သူငယ်ချင်းများအားလုံး "တတိယအကြိမ်"အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းစည်းကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့်ဆက်သွယ်လျှောဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက်- ၂၄.၁၁.၂၀၁၆ ကြာသပတေးနေ့ (အမျိုးသားနေ့)
အချိန်- နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ
နေရာ- ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၊ ကမာရွတ်မြို့နယ်

-၁၉၈၂-
ကိုခင်ဝင်း ၀۹-၅၁၃၃၅၃
ကိုရွှေသွင် ၀۹-۹၀၁۷۰۷۹
ကိုသိန်းသန်းဝိုး(ဘိုနီ) ၀۹-۹၁၁၀၂၀၃
မအိုင်းရစ်သန်း၀۹-۹၁၈၆۷۷၂
မခင်ခန့်ခန့်ထွန်း ၀۹-۷၃၁၂۷۹۰۷
မမို့မို့သိန်း ၀۹-۹၀၁۷၄۹۶

-၁၉၈၃-
ကိုလှဘော် ၀۹-۹၁၂၈၈၈၀
ကိုသန်းကျော် ၀۹-۹၀၁۹۹၁۹
ကိုအောင်မျိုးသူရ ၀۹-۹۹၀၁၂۷၁
မနီလာ ၀۹-۹၁၀۹၂၁
မရင်ရင်အေး ၀۹-۷۹၀၀၀၀۷۶۷

-၁၉၈۷-
ကိုသာနိုင် ၀۹-۹၀၀၂۷۶۹
ကိုခင်မောင်လတ် ၀۹-၃၁၁၂၀۷۹
ကိုမင်းဇော် ၀۹-၂۹၀၃၀၁၁
မသန္တာပြုံး ၀۹-۹၀۳۹၁၁
မဝေဝေမြင့် ၀۹-۲۹۷၁۷۹۶
မစပယ် ၀۹-۷۹۹۷۹۹۱

-၁၉၈۷-
ကိုတင်အောင်သန်း ၀۹-۹၀۳۷۹۹۶
ကိုမြင့်ဌေး ၀۹-۹၁۶۷۷၁
ကိုမျိုးအောင် ၀۹-۹၀၂၀۶۷۶
ကိုသန်းထွန်း ၀۹-۷۳၂၂၀۶۷۶
မမြတ်မြတ်ထွန်း ၀۹-۷၂၀၂۶۷۹
မသီသီပြုံး ၀۹-۹၀۶۹۶۶
မာလာလှိုင် ၀۹-۷۹၀၀၁۷۲۹

(၁၉၆၆ခုနှစ်နှင့်မော်ဂိုင်းနှစ်များမှ ဓာတုဗေဒ(ကြည့်မြင်တိုင်နယ်မြေ)မှ သူငယ်ချင်းများလည်း ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံပါသည်။)

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒ ၁၉၉၀–၂၀၁၄ ကျောင်းသူ/ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဖိတ်ဆုံညစာ စားပွဲကို ၄.၁၂.၂၀၁၆ နေ့နံနက် ၉ နာရီအချိန်တွင် တောင်ကြီး တက္ကသိုလ် ဘက်စုံခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပူဇော်ပွဲသို့ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာ ရသည်ဖြစ်စေ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ပေးပါရန် နှင့် ကျောင်းသူကျောင်းသားများအားလုံး ရုံညီစွာ ကန်တော့ပွဲသို့ တက်ရောက်ပေးကြပါရန် လေးစားစွာ မြင့် ဖိတ်ကြားအပ်ပါသည်။

ညစာ စားပွဲ လက်မှတ်များကို ကြိုတင် ၀၆ ယူနိုင်ပါသည် (၀၉ ၅၀၇ ၉၀၉၀)

အာစရိယ ပူဇော်ပွဲ ကျင်းပရေး ဧကောမတီ

ဝန်ထမ်းအမြန်အလိုရှိသည်

စာစီစာရိုက်ကျွမ်းကျင်(၁) ဦး
ဆက်သွယ်ရန်-၁၉/က၊ ကမာကြည်လမ်း၊ သုဝဏ္ဏာ။
ဖုန်း-၀۹-၂၅၀၂၀۷۶۶۹۹၊ ၀۹-۹၀۹۹۹۹۵۶

အရောင်းကားယာဉ်မောင်း (၁)ဦး အလိုရှိသည်

အသက် ၂၅နှစ်မှ ၄၅နှစ်အတွင်း လိုင်စင်သက်တမ်း(၃)နှစ် အဆောင်ပေးမည်။

ဖုန်း-၀۹-၂۷۹۶۷۷۷۶۶

မြန်မာကျော်ရင်းနီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက် (ရုံးချုပ်) တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

CEO ၏ အဆင့်မြင့်အတွင်းရေးမှူး (Secretary) မ (၂) ဦး

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ အတွင်းရေးမှူးလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ ရုံးလုပ်ငန်းကျွမ်းကျင်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ အစည်းအဝေးမှတ်တမ်းရေးတတ်ရမည်။ ခရီးစဉ်တွေ အတွက် ဟိုတယ်၊ လေယာဉ်လက်မှတ် သက်ဆိုင်ရာများကို စီစဉ်တတ်ရမည်။

လစာ (၄၀၀,၀၀၀ မှ ၁,၀၀၀,၀၀၀) အထိ ကြိုးစားမှုအပေါ်မူတည်၍ ရရှိမည်။

စိတ်ပါဝင်စားသူများသည် CV Form (၁) စုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူနှင့် အိမ်ထောင်စုဇယားမိတ္တူ၊ (၃) လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)ဆိုင်ဇ်ဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့် အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင် (၃) လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀۹-۲۲၂၃၁۶۶၊ ၀۹-۲۲۲۲۶۶۰၈၊ ၀۹-۲۶۶۶۶۶۶۶۲۲၂။

ရောင်းမည်

၁။ တွဲတေးတူးမြောင်းဘေး၊ လယ်မြေ(၂.၄)ဧက၊ စက်ဆန်းရွာဘေး၊ ဆိပ်ကြီးစနောင်တို ကြိုးတံတားကြီးအနီး၊ (အိမ်/မီး) ပါ၊ (တွဲသဘော်ကြီးများ ကပ်နိုင်၊ သဘော်လုပ်ငန်းများ လုပ်ကိုင်နိုင်၊ ပစ္စည်းသိုလှောင်ရန်သင့်တော်)

၂။ မုံရွာစက်မှုဇုန်၊ အေးရိပ်သာလမ်းသွယ်(၃၉)၊ ဂုတ်ကွက်၊ ပေ(၈၀×၆၀)၊ အုတ်တံတိုင်းခတ်ပြီး၊ တစ်ထပ်တိုက်၊ ရေ/မီးစုံ၊

၃။ မုံရွာမြို့၊ ကျောက္ကာရေနံချက်ဖိုကုန်းဘေးကပ်လျက်၊ ယာမြေ(၃)ဧက၊ လမ်းမဘေး။

ဖုန်း – ၀۹ ၅၁၀၀ ۹۶۶၊ ၀۹ ၅၁ ۹۶۹۶۶၊။

မြတ်ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (တီတီစီ) တွင် ၁۹۶۹မှ ၁۹۷۶ခုနှစ်အထိ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၁۹-၁၁-၂၀၁۶ရက်(စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ M3 Food Centre တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မစ္စတာမြန်မာ

ပြည်ပခရီးသွားဝန်ဆောင်မှုကုမ္ပဏီ Mr. Myanmar

ဝန်ထမ်းအလိုရှိသည်

Outbound Tour Leader (ကျား/မ - ၆ ဦး)

အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်သူ။ တရုတ်ဘာသာစကားကို အသင့်အတင့် ပြောဆိုနိုင်သူကို ဦးစားပေးမည်။ အခွင့်မရွေး ပြည်ပခရီးသွားလာနိုင်သူ။ (အတွေ့အကြုံရှိရန်မလို) လူအများနှင့် ယဉ်ကျေးယဉ္စာသွက်လက်စွာ စကားပြောဆို ဆက်ဆံနိုင်သူ။ အသက် (၂၂)အထက် ကွန်ပျူတာအခြေခံရှိပြီး ဘွဲ့တစ်ဒုရုရှိပြီးသူ။ ရေရှည်အလုပ်လုပ်ချင်သူများကို ဦးစားပေးမည်။

Accountant (ကျား/မ - ၁ ဦး)

စာရင်းကိုင်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်အထက်ရှိပြီး လချုပ်စာရင်း၊ နှစ်ချုပ်စာရင်း ရေးဆွဲနိုင်သူကို ဦးစားပေးမည်။
ACCA Part 2 / B.Com / LCCI Level 3 တစ်ခုခုတောင်မြင်ပြီးသူ။
ခရီးသွားလုပ်ငန်းတွင် စာရင်းကိုင်အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
လူအများနှင့် ယဉ်ကျေးယဉ္စာသွက်လက်စွာ စကားပြောဆို ဆက်ဆံနိုင်သူ။
ရေရှည်အလုပ်လုပ်ချင်သူ များကို ဦးစားပေးမည်။

အလုပ်လျှောက်လိုသူများသည် မိမိ၏ကိုယ်ရေးအကျဉ်း၊ ဓါတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းမှတ်တမ်းမိတ္တူများ၊ အခြားထောက်ခံစာများနှင့်အတူ နိုဝင်ဘာလ၊ (၃၀)ရက်နေ့ မတိုင်ခင် မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ၊ အမှတ်(၉၇၃၊ဘီ)၊ ဒုတိယထပ်(ညာ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်သို့ လူကိုယ်တိုင်လာရောက်စုံစမ်း လျှောက်ထားနိုင်သည်။ ဖုန်း - ၀۹۹۶۲၂၅۹۹۲۲۶۶

ROSE HILL HOSPITAL

အမှတ်(၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph-558401, 552547

(1) M.B.,B.S ဘွဲ့ရ (၃)ဦး
(2) Trained Nurse [B.N.Sc(OR) Dip Nursing] ကျား၊ မ (၃)ဦး
(3) B.Pharm ဘွဲ့ရ မ (၃)ဦး
(4) ဆရာဝန်အကူ(ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်း) မ (၂)ဦး
(5) သန့်ရှင်းရေး မ (၃)ဦး
(6) လုံခြုံရေးဝန်ထမ်း ကျား (၃)ဦး
(7) ယာဉ်မောင်း ကျား (၁)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ (၁၀)ရက်အတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
[နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။]

ဆိုင်ထိုင်အရောင်းဝန်ထမ်း

(အချိန်ပြည့်/အချိန်ပိုင်း)
-၁၀တန်းအောင်/ဘွဲ့ရ၊
အသက်(၂၅)နှစ်အောက်
(လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများ အား စိတ်ပါဝင်စားသူ)
ဖုန်း-၀۹-۹၅۹۹۲۷۷۶۶

★STAR★

ဒဝုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330

စံပယ်

အိမ်ခြံမြေ အကျိုးဆောင်
ဒဝုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-5006848 09-43055374

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တန်ဆောင်မုန်းတရားစခန်း

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ အာဒီကမ္မိက၊ ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယ အတိုင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၏ အဆိုအမိန့်များနှင့်အညီ ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်ကြသော ဓမ္မကထိကဆရာဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်းနှင့် အရန်ဓမ္မကထိကတို့က တရားဟောပြသလမ်းညွှန်လျက် (၁၃၀)ကြိမ်မြောက် တန်ဆောင်မုန်းတရားစခန်းကို ဒဂုံမြို့သစ်မြောက်ပိုင်း (၁၆)ရပ်ကွက်၊ ကုန်းဘောင်လမ်းရှိ "မူလသစ္စာဒီပကမ္မဓိပ်သာ"၌(၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်) ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်မှ ၂၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူ ယောဂီများ ၂၀-၁၁-၂၀၁۶ရက် ညနေ(၃း၀၀) နာရီထက် နောက်မကျဘဲ အရောက်လာကြရပါမည်။

အဆိုပါရိပ်သာ အဆောက်အအုံနှင့် ဆွမ်းစားဆောင် အပြီးသတ်ဆောက်လုပ်နိုင်ရန် အလျှုရှင်များ၊ ယောဂီများအား ပါဝင်လျှောဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

တရားစခန်းဝင်လိုသူများ၊ ဆွမ်း၊ အဆောက်အအုံလျှောဒါန်းလိုသူများသည် အောက်ပါအတိုင်းဆက်သွယ်နိုင်ပါသည်-
(၁) ဦးချစ်ရင်-နာယက-၀۹-၅၀۹၂၁၁၅ (၂) ဦးမြသောင်း-ဥက္ကဋ္ဌ-ဖုန်း-၀၁-၂۹၂၀۹၀၊ ၀۹-၂۹۷၀၁၁۹۲۲ (၃) ဦးညွှန့်လှိုင်-ဒုဥက္ကဋ္ဌ-ဖုန်း-၀۹-۹۹၀۷۹۲۲၊ (၄) ဦးသန်းလွင်-ဒုဥက္ကဋ္ဌ-ဖုန်း-၀۹-۷၈۶۶၈۷۷۲۷ (၅) ဦးမြင်း-အတွင်းရေးမှူး-ဖုန်း-၀۹-۹၁۹۷۹۲ (၆) ဦးစိုးဝင်း-ဘဏ္ဍာရေးမှူး-ဖုန်း-၀၁-۹۶۷۷۶۶

ဝန်ထမ်းအလိုရှိသည်

ရောင်း/မောင်း ကျား (၅) ဦး
အရောင်း(Sale Man) ကျား(၁၀) ဦး
Sale Admin မ (၅) ဦး
(15.11.2016)နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။
အမှတ်(၇၅)မြေညီ၊ဒဂုလမ်း(အလယ်)လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
09-787878558,787878668,787878998

ဝန်ထမ်းအလိုရှိသည်

(မြည်တွင်းခ်ဿာခန့်ထားရန်)

Lynn Yoma Car Co.,Ltdတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။
(၁) Sale and Marketing (အတွေ့အကြုံရှိသူ)-ကျား/မ (၁၀)ဦး
(၂) စက်ပြင်(အတွေ့အကြုံရှိသူ) - ကျား(၅)ဦး
(၃) Accountant- မ(၂)ဦး
ဆက်သွယ်ရန် ဖုန်း-၀۹-၂۹၀၃۶۷၀۷۹၊ ၀۹-۷၈۷၃၃၃۹۲۹

အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါသွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန် ဖုန်း-၀۹-۹၃၁۷၂۹۹၀၊ ၀۹-۹၁۹۹۷၂၁
(ရုံးချိန်အတွင်းသာ)

မြန်မာကျော်ရင်းနီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆင့်မြင့် ဖွံ့ဖြိုးတိုးတက်ရေးဗျူးကွက် (Marketing Director & Consultant) များအလိုရှိသည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ (သို့) Ph.D ဘွဲ့ရအောင်မြင်ပြီးသူဖြစ်ရမည်။ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ တက္ကသိုလ်မှ ကျောင်းဆရာ၊ ဆရာမများ၊ (ဂျာနယ်၊ ဝတ္ထု ဆောင်းပါး)များ၏ အယ်ဒီတာများ၊ သတင်းမီဒီယာ (သတင်းထောက်များ)၊ စီးပွားရေးပညာရှင်များကို ဦးစားပေးမည်။ လုပ်ငန်းလုပ်ရာတွင် သွက်လက်ချက်ချာမှုရှိရမည်။ ဗျူးကွက်ကို ချဲ့ထွင်ထိုးဖောက်နိုင်စွမ်းရှိရမည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်တတ်ပြီး ဆက်ဆံရေးအထူးကောင်းမွန်သူ၊ အသိုင်းအဝိုင်းကျယ်ပြန့်စွာရှိသူ ဖြစ်ရမည်။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို နားလည်သူဖြစ်ရမည်။ လူထုဗျူးကွက်အကြောင်း သိရှိရမည်။ အဖွဲ့အစည်းများကို ကိုယ်တိုင်ဖွဲ့စည်းတည်ဆောက်တတ်ရမည်။ ဗျူးကွက်စည်းရုံးရေးနှင့် ထိုးဖောက်ရေးကို အဓိကအောင်မြင်စွာ စွမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။ ပြည်နယ်၊ တိုင်းဒေသရှိ စိတ်ပါဝင်စားသူများလည်း လျှောက်ထားနိုင်ပါသည်။ မိမိနေရာမိမိဒေသတို့တွင် တာဝန်ထမ်းဆောင်နိုင်ပါသည်။ ရန်ကုန်တွင် ရုံးတက်စရာမလိုပါ။

လစဉ်ဝင်ငွေ (အခြေခံလစာ+Bonus) (၆၀၀၀၀၀ မှ ၃၀၀၀၀၀၀) အထိ ကြိုးစားမှုအပေါ်မူတည်၍ ရရှိမည်။

စိတ်ပါဝင်စားသူများသည် CV Form (၁) စုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူနှင့် အိမ်ထောင်စုဇယားမိတ္တူ၊ (၃) လအတွင်းရိုက်ကူးထားသော ပတ်စပို့စ်ဆိုင်ဇ်ဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင်
(၃) လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀۹-۹၃၂၃၁۶۶၊ ၀۹-۲۲۲۲۶۶۰၈၊ ၀۹-۲۶۶۶۶۶۶۲۲၂။

ကုမ္ပဏီလိုင်စင်အမှတ် - ၁၀၅၅ ၂၀၁၆/၁၃(ရက)

အောင်မြတ် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အပါယ်တံခါးပိတ်ရန်စိတ်ရည်သန်၍ ခမြေတော်မဟာဗုဒ္ဓဂယာသို့ဘုရားဖူးသွားကြစို့

ကိုအောင်မြတ်ကိုယ်တိုင် ဦးစီးပို့ဆောင်သောအောင်မြတ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည်

သံဝေနိယလေးဌာန (ဖွား ၊ ပွင့် ၊ ဟော ၊ စံ) (၇/၈) ရက်ခရီး

သံဝေနိယလေးဌာန + အဝိဇဗိတလေးဌာန (နယူးဒေလီ ၊အာဂရာ ၊ တာ့ချ်မဟာ) (၁၄/၁၅) ရက်ခရီး (၇/၈) ရက်ခရီး (၁) ၆.၁၂.၂၀၁၆ (၂) ၁၂.၄.၂၀၁၇ (အိန္ဒိယ ၊ နီပေါ)

